www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြည်နုဓေတ်

ဗီလိန်ချစ်သူ

အချစ်
လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကြည်နူးခေတ်

BURMESE CLASSIC .com

## ဗိုလ်နိုင်ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း(၁)

တခြားသံစဉ်လေးတွေနဲ့ မတူတဲ့ သူ့ဟန်းဖုန်းက ခပ်တိုး တိုး Ringtone သံလေးကြောင့် လုပ်လက်စအလုပ်တွေကို ခဏနား ပြီး ဖုန်းကောက်ကိုင်လိုက်တယ်ဆိုရင်ပဲ ခေတ်သစ်ရဲ့ ရယ်သံကို ကြားလိုက်ရတော့၏။ ထို့နောက် . . .

"ဟဲလို . . . တာမန်၊ ခု ဘာလုပ်နေလဲ"

ဟု မေးသံကြောင့် သူ မျက်မှောင်ကျုံ့လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ် ဒီလိုမေးပြီဆိုလျှင် တစ်ခုခု ပူဆာတော့မည်။

"အခု ဖုန်းပြောနေတယ်"

"ဟုတ်လား၊ အဲဒါဆို ဖုန်းပိတ်ပြီး ခုချက်ချင်း အောက်လာစေ"

"ခွေးကောင်"

"ဟဲ . . . ဟဲ . . . ခွေးသူငယ်ချင်းကြီးရေ၊ ဘယ်လိုလဲ၊ လာမယ်မဟုတ်လား"

သူ ဖုန်းနားထောင်ရင်းမှ မျက်လုံးက ဖွင့်ထားသော ကွန်ပျူတာဆီ အကြည့်ရောက်နေမိသည်။

"နေဦး . . . ငါ ဒီမှာအလုပ်လုပ်နေတယ်"

"မရတော့ဘူး၊ ရိုက်ကွင်းသွားဖို့ တော်တော်နောက်ကျနေပြီ၊ လုပ်ပါကွာ . . . ငါ့ကားနဲ့ မသွားချင်လို့၊ ဒီတစ်ခါ ကားရိုက်တာကို မင်းနဲ့ သွားချင်လို့ပါ၊ နော် . . . တမန်၊ ငါ အခု အားလုံးပြင်ပြီးနေပြီ"





နောက်ဆုံး သူ လက်ခံခေါင်းညိတ်လိုက်ရတော့သည်။ မသွားလို့လည်း ရမှာမဟုတ်တာမို့ လုပ်လက်စအလုပ်တွေအားလုံး အပြီးသတ်ပြီး ထွက်လာလိုက်တာ အဝတ်အစားပင် မလဲနိုင်။

တစ်ယောက်လိုအပ်တိုင်း တစ်ယောက်က ကူညီပေးနေကျ ဆိုပေမယ့် သူ့ကို ကူညီရတဲ့အလှည့်က ပိုများပါသည်။ အပြင် စီးပွားရေးကိစ္စတွေ လုပ်နေတဲ့ တမန်ထက် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ရိုက်နေတဲ့ မင်းသားခေတ်သစ်က ပိုပြီး ဗာဟီရကိစ္စတွေ များတာမို့ တမန်က အလိုလိုနေရင်း သူ့ခိုင်းဖက် ဖြစ်နေရ၏။

ကျောင်းပြီးပြီးချင်း ခေတ်သစ်က မော်လ်ဒယ်သင်တန်းတက်၊ ဗီစီဒီတွေ၊ ကြော်ငြာတွေ ရိုက်တော့ အိပ်မက်တမန် ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင်ရဲ့ သားဖြစ်တဲ့ တမန်က ကွန်ပျူတာ၊ Graphic Designer သင်တန်းတွေနှင့် လုံးထွေးလို့ ကောင်းနေတုန်းပင်။

ဝါသနာတွေ မတူပေမယ့် အမြဲလို တတွဲတွဲ မခွဲတာမို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုရင်းတွေထက်ပင် ရင်းနှီးသေးသည်။ ထိုသံယောဇဉ်တွေကြောင့်လည်း ခေတ်သစ် မင်းသားဖြစ်တော့ အိပ်မက်တမန်မှာ ပင်တိုင်စံ ဖြစ်လာရသည်။ အစက စာချုပ်ဘာညာတွေ မရှိပေမယ့် တစ်နေ့တခြား နာမည်ကြီးလာတဲ့ ခေတ်သစ်ကို တမန့်အဖေ ဦးရဲဇော်က စိုးရိမ်နေတာမို့ အလိုက်သိတဲ့ ခေတ်သစ်က စာချုပ်ချုပ်ခိုင်းလိုက်တော့၏။

တမန်နဲ့ ဘယ်လောက်ရင်းနှီး ရင်းနှီး ရုပ်ရှင်၊ ဗီဒီယိုကိစ္စကျတော့ ဘယ်လိုမှ ရောထွေးစည်းလုံးပစ်လို့မရ။ တစ်ဘာသာစီ၊ တစ်ကန့်စီ သွားနေရင်းကပဲ ယခုလို ကိစ္စတွေပေါ်တိုင်း တမန့်ကို နားပူနားဆာ လုပ်တတ်သေး၏။

တမန်ရောက်သွားတော့ ခုချက်ချင်း ထပြေးတော့မယ့်အတိုင်း အရေးကြီးနေတဲ့ ခေတ်သစ်ကို အခန်းထဲမှာ ဂိမ်းဆော့ရက်သား တွေ့လိုက်ရသည်။

“ဟော့ကောင် . . . မင်းပြောတော့ ရိုက်ကွင်း နောက်ကျ





နေပြီ၊ ဘာညာနဲ့ . . .”

ခေတ်သစ်က လှည့်မကြည့်ဘဲ ခေါင်းညိတ်ရင်း ရယ်နေ၏။

“ဘာလဲ . . . ပရိုဂျူဆာကြီးက စိတ်ပူတယ်ပေါ့”

“စိတ်ကို မဝင်စားတာ ဟေ့ကောင်၊ ကဲ . . . သွားမယ်ဆိုလည်း သွားမယ်၊ ထကွာ”

သူ အတင်းအော်တော့မှ ခေတ်သစ်တစ်ယောက် နေရာက ထသည်။ သည်တော့ သူပါ အခန်းထဲက လိုက်ထွက်ရ၏။

“ကိုသက် . . . အဝတ်အစားအိတ် ကားပေါ်တင်တော့”

ကိုသက်ဆိုတဲ့ ကောင်လေး ဆွဲထွက်လာတဲ့ အဝတ်အစားအိတ်ကြီးကို ကြည့်ပြီး တမန် မျက်လုံးပြူးသွားရသည်။

“ခေတ်သစ် . . . အဝတ်တွေက များလှချည်လား”

တမန့်စကားအဆုံး ခေတ်သစ်က မချိုမချဉ် ပြုံးရင်း ဂျယ်လ်နဲ့ ထောင်ထားတဲ့ သူ့ဆံပင်တွေကို ခပ်ဖွဖွလေး သပ်ကာ-



www.burmeseclassic.com

www.burmeseclassic.com



"ဆင်း(န်)တွေက များတာကိုး၊ တစ်စုံနှစ်စုံနဲ့ ဘယ်ရမလဲ" သူ ပုခုံးတွန့်လိုက်မိသည်။ မင်းသားဖြစ်တာလည်း မပြောနှင့်။ ကျောင်းတက်ကတည်းက ခေတ်သစ်က လှချင်သည်။ ကျောင်းက ပြန်လာတိုင်း တမန်က ပုဆိုးတိုတိုနှင့် ဘောလုံးဝင်ကန်တတ်သလောက် ခေတ်သစ်က ကျောင်းစိမ်းပုဆိုးနှင့် ရှပ်အဖြူကို ခေါက်ရိုးမကျေအောင် ကြွကြွရွရွလေး နေသည်။ ပေပေတေတေ ဖြစ်အောင်လည်း ဘယ်သူနှင့်မှ လုံးထွေးရန်မဖြစ်။ တမန့်အိမ်က အကြိုလွှတ်တဲ့ ကျောင်းကားပေါ်မှာ ဘယ်တော့မှ တမန် ပါမလာတတ်ပေမယ့် . . .

ခေတ်သစ်ကတော့ ဒရိုင်ဘာဦးဝင်း အသင့်ဖွင့်ပေးတဲ့ ကားပေါ် မင်းသားလေးလို တက်ပြီး ဖုန်တွေ၊ သဲတွေ မဝင်အောင် မှန်အလုံတင် စီးတတ်သူဖြစ်သည်။ တက္ကသိုလ်ရောက်တော့လည်း ရှပ်ချောတာချင်း အတူတူ အသားပိုဖြူပြီး ရှပ်ပိုသန့်သယောင် ထင်ရတဲ့ ခေတ်သစ်က ကင်းနံဖြစ်ပြီး မိန်းကလေးတွေ ဝိုင်းဝိုင်း





လည်နေသည်။

မျက်ခုံးထူထူတွေ၊ မျက်တောင်ရှည်ရှည်တွေ ပိုင်ထားတဲ့ တမန့်မျက်နှာက ပိုပြီးယောကျ်ားပီသ ချောမောပေမယ့် ခေတ်သစ်နဲ့ တွဲလျှင် ရုပ်ကြမ်းသွားသလိုလို။

အသားညိုညို အရပ်မြင့်မြင့်နှင့် တမန်က ပိုပြီး ကြည့်ကောင်းတာမှန်ပေမယ့် ဖြူဖြူသွယ်သွယ်လေး ဖြစ်သော ခေတ်သစ် ချောတာကိုလည်း ဘယ်သူမှ ဥပေက္ခာပြု မငြင်းနိုင်။

ဘာပဲဖြစ်ဖြစ် ခေတ်သစ်က ထင်ပေါ်လို့ စင်တော်ကောက်ခံရတာပဲ ဖြစ်သည်။ ကြော်ငြာသရုပ်ဆောင်မှာရော၊ ဇာတ်ကားတွေမှာပါ ခေတ်သစ် တော်တာကြောင့် အောင်မြင်ခဲ့ခြင်းဖြစ်၏။

"ရိုက်ကွင်းက ဘယ်မှာလဲ"

"ပြင်ဦးလွင်"

ဘာ"

ခေတ်သစ်စကားကြောင့် သူ အံ့ဩသွားရသလို နှုတ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း အထိတ်တလန့် ထအော်လိုက်မိ၏။

"ဟဲ ဟဲ . . . အဲ့လောက်လည်း မလန့်ပါနဲ့ တမန်ရာ၊ ဘာလဲ၊ ပြင်ဦးလွင်လို့ ပြောတာကို ဟောလိဝုဒ်လို့ ကြားလိုက်လို့လား"

"အကောင်းမေးနေတာ ခေတ်သစ် . . . နောက်မနေနဲ့၊ ဘယ်ကိုမောင်းရမှာလဲ"

"ပြင်ဦးလွင်ပါဆို၊ မယုံရင် မင်းအဖေကို ဖုန်းဆက်မေးကြည့်လိုက်"

ခေတ်သစ်စကားကြောင့် သူ ကားပေါ်မှ ဆင်းပြေးချင်လောက်အောင်ပင် စိတ်ညစ်သွားရတော့၏။

"ဟာကွာ . . . ဘာလို့ အဲ့လိုမပြောတာလဲ၊ ငါက အိမ်ကိုတောင် ပြောခဲ့တာမဟုတ်ဘူး၊ ပြီးတော့ ငါ အခုဆွဲနေတဲ့ပုံက အပ်ရတော့မှာ၊ သွားပြီကွာ . . . ခေတ်သစ်ကတော့ ဒုက္ခပေးပြီ"





သူ ဘယ်လောက်ညည်းညည်း ခေတ်သစ်ကတော့ အပြုံးမပျက် တဟားဟားရယ်နေသည်။

"ငါပြောလိုက်ရင် မင်းဘယ်လိုက်ဖြစ်တော့မလဲ တမန်ရ၊ ခုကျတော့ မင်းလည်း ခရီးထွက်ဖြစ်သွားတာပေါ့၊ အလုပ်ကိစ္စတွေနဲ့ ရှုပ်ထွေးနောက်ကျိနေတဲ့ မင်းဦးနှောက်ကို ကောင်းကောင်းဆေးပေးရမယ်၊ ဒါနဲ့ ဒီရက်ထဲ ခရီးထွက်ရကိန်းရှိတယ်လို့ ဗေဒင်မဟောဘူးလား၊ ဟား ဟား"

"အေး . . . ရယ်နေ၊ ရယ်နေ၊ ငါ့မှာ ဘာအဝတ်အစားမှ အပိုမပါဘူး၊ သေပြီပဲ၊ ပြင်ဦးလွင်မှာက အေးဦးမယ်၊ ဆောင်းတွင်းကြီး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့"

"အဲ့အတွက်တော့ ဘာမှမပူနဲ့၊ ငါ့အိတ်ထဲမှာ အပြည့်အစုံပါတယ်၊ ဟိုရောက်မှလိုရင် ထပ်ဝယ်"

"ဩော် . . . ဒါကြောင့် မင်းအိတ်က မဆန့်မပြဖြစ်နေတာကိုး၊ ငါကတော့ ဟိုနားဒီနားမှတ်လို့"



www.bumeseclassic.com

www.burmeseclassic.com



ခေတ်သစ်က သူ့အကြံအစည် အောင်မြင်သွားတာကို သဘောကျပြီး တဟားဟားအော်ရယ်နေတော့သည်။

ရယ်နှင့်ဦး ခေတ်သစ်ရေ . . .။

♥ ♥ ♥



# အခန်း(၂)

"ဟယ် . . . ဟိုမှာ"

စုဝေရဲ့ အားရဝမ်းသာအော်သံအဆုံး သူမတို့သုံးယောက် ကော်ပြန့်စားနေရင်းမှ ခေါင်းလေးတွေထောင်၊ မျက်လုံးတွေ ဝိုင်းသွားကြသည်။

"ဟုတ်တယ် . . . မိုင်၊ ခေတ်သစ် ရောက်လာပြီ၊ ကြည့်စမ်း . . . ချောလိုက်တာ လွန်ရောကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာ မိုင်က အဆိုးဆုံး၊ အကဲဆုံးပေါ့။ ပါးစပ်ထဲ သွင်းထားပြီးသား ကော်ပြန့်ကြီး တိုးလို့တန်းလန်းကို ဝါးမချ၊ ပြန်မထုတ်ဘဲ မျက်လုံးအပြူးသားနဲ့ ခေတ်သစ် ကားပေါ်က ဆင်းတာကို လိုက်ငေးနေမိတာ။

"ဟဲ့ . . . မိုင်၊ နင့်ပုံစံကြီးက ဘယ်လိုဖြစ်နေတာလဲ၊ ဟိုက လှမ်းကြည့်လို့ မြင်သွားရင် အရှက်ကွဲဦးမယ်"

အိတုံက ဝင်အော်တော့မှ မိုင်တို့ ရှက်ကိုးရှက်ကန်း သတိဝင်လာရတော့သည်။

"အဟဲ . . . လှမ်းကြည့်လို့ မြင်သွားတော့လည်း အမှတ်တရပေါ့၊ ငါ့ကိုသတိထားမိသွားမှာ"

မိုင့်စကားအဆုံး အားလုံး မျက်စောင်းတွေ ဝိုင်းထိုးကြသည်။ ဒီနေ့ အင်းလျားမှာ ခေတ်သစ် ဇာတ်ကားလာရိုက်မယ် ဆိုတာကြားလို့ မနက်အစောကြီးကတည်းက လာစောင့်နေရတာ။ လာမယ့်လာတော့ ခေတ်သစ်က နေ့လယ်မွန်းတည့်ခါနီးမှ ရောက်





လာသည်။

မိုင့်အတွက်တော့ ကိစ္စမရှိပါ။ ဒီနေ့ တနင်္ဂနွေမို့ အလုပ်ပိတ်သည်လေ။

"Sunday မို့ ထင်တယ်နော်၊ ကန်ဘောင်မှာ လူတွေ ရှုပ်လိုက်တာ"

စုဝေစကားအဆုံး မိုင်က ဂျင်းပင်(န်)လေးကို ဖူးနေရာက ဆွဲတင်ရင်း . . .

"ဟုတ်ပ့ါဟယ်၊ ခေတ်သစ်ကို လူတွေ မြင်ကုန်တော့မှာပဲ၊ ငါက တစ်ယောက်တည်း ကြည့်ချင်တာ၊ သူများတွေ မျက်စိထဲ ခေတ်သစ်ပုံစံလေး ရိုးမသွားစေချင်ဘူး၊ သိလား"

ဟု နှုတ်ခမ်းလေး စူပြီး ပြောလေသည်။

"ဟွန်း . . . ကြပ်ကြပ်သည်းပြနေ၊ ဟိုက သူ့ကို သိတောင်မသိဘူး၊ သူများတွေ မကြည့်စေချင်ရင် မင်းသား မလုပ်ခိုင်းဘဲ အခန်းထဲ ထည့်ပိတ်ပြီး တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အားပါးတရ ရှုစားတော်မူ"

"အမလေး . . . ယွန်းရယ်၊ နင်ပြောတဲ့အတိုင်း စိတ်ကူး ကြည့်လိုက်တာ ရင်တောင်ခုန်သွားတယ်၊ အဲလိုလုပ်လို့ ရရင် အကောင်းသား"

ဘယ်လိုဝိုင်းပြောပြော မိုင်တို့က လေသံတစ်ပတ် မလျှော့ပါ။ ဗိုပြီးတောင် ကဲပြလိုက်သေး။

"ဟဲ့ ဟဲ့ . . . နင်တို့က စကားတွေ များနေ၊ ဟိုမှာ စက်တွေ နေရာရွှေ့ကုန်ကြပြီ၊ ရိုက်တော့မှာထင်တယ်"

ယွန်းပြောတာ မှန်ပါသည်။ ကင်မရာတွေရော၊ စက်အဖွဲ့တွေပါ ဆိုင်ထဲကနေ ကန်ဘောင်ကို နေရာရွှေ့နေကြပြီ ဖြစ်၏။ ဘာမဆိုင် ညာမဆိုင် မိုင်တစ်ယောက် ရင်တွေ တလှပ်လှပ်ခုန်ပြီး ခြေဖျားလက်ဖျားလေးတွေ အေးစက်လာတော့သည်။

သူမသာ ခေတ်သစ်နဲ့တွဲရမည့် မင်းသမီးနေရာမှာဆိုလျှင် မူးမေ့လဲကျသွားမှာတောင် စိုးရသည်လေ။





"အဲ . . . ကြည့်ပါဦး အိတုံရယ်၊ ခေတ်သစ်က ရိုက်မယ်ဆို အတင်းထထွက်သွားတာပဲ၊ နေ ဒီလောက်ပူနေတာ ထီးလေးဘာလေးတောင် မဆောင်းဘူး"

"တိုးတိုးပြောပါဟာ . . . သူများတွေကြားလို့၊ နင်နဲ့ဘာဆိုင်တာ ကျနေတာပဲ"

အိတုံ ဝင်ဟန့်တော့မှ မိုင် လက်မလေး ကိုက်ပြီး ပြန်ငြိမ်သွားသည်။ ထို့နောက် မျက်တောင်တစ်ချက် မခတ်တော့ဘဲ ခေတ်သစ်သရုပ်ဆောင်ရာဆီသို့ တမေ့တမောလေး ငေးနေတော့၏။

"မဟုတ်ဘူးလေ၊ အဲလိုမြင်လိုက်ရင် ဖျတ်ခနဲ လှည့်ကြည့်ပြီး ချက်ချင်းအမူအရာ ပြောင်းသွားရမှာ မဟုတ်ဘူး၊ မျက်လုံးအမူအရာ၊ ပြီးတော့ နှုတ်ခမ်းဖွင့်လိုက်တာ၊ အားလုံး တစ်ဆင့်ချင်းသွားမယ်၊ ကဲ . . . ready ပြန်စမယ်"

ဒါရိုက်တာရဲ့အသံက ဟိန်းထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပါနဲ့ဆို ပြန်ရိုက်ရတာ သုံးကြိမ်တိတိ ရှိသွားပြီဖြစ်သည်။ ခေတ်သစ်တော့ ဘယ်လိုနေမည်မသိ။ မိုင်ကတော့ မျက်မှောင်ကြီးကို အစွမ်းကုန် တွန့်ချိုးမှုန်ကုပ်ကာ နှုတ်ကလည်း တကျွတ်ကျွတ် စုတ်သပ်ရင်း အားမလိုအားမရတွေ ဖြစ်နေမိသည်။

အမှန်တော့ ခေတ်သစ်ရဲ့ အမှားမဟုတ်ဘဲ စပြီး သရုပ်ဆောင်ခါစ မင်းသမီးအသစ်လေးရဲ့ အမူအရာ မပီပြင်မှုကြောင့်သာဖြစ်၏။

ခေတ်သစ်က မင်းသမီးလေးကို ခေါင်းတွေ ငုံ့လိုက်၊ လက်တွေ ဖြန့်လိုက်နှင့် သင်ပေးရှာပါသည်။

အင်း . . . ဒီမင်းသမီးနေရာမှာ မိုင်ဆို ရလောက်ပြီ။ မင်းသား မင်းသမီးအသစ်ကို တွဲခေါ်ရတာ ခက်ခဲတယ်၊ ပင်ပန်းတယ်ဆိုတာ ဒါပဲဖြစ်ပါလိမ့်မည်။

"အိုကေ . . . . ကတ်"

ဆိုသော အသံကြောင့် မိုင် အတွေးလွန်နေရင်းမှ သတ်





ခနဲ တုန်သွားမိ၏။

ခေတ်သစ်တစ်ယောက်တော့ ဘယ်လိုနေမည်မသိ။ ရိုက်ကွင်းပြီးတော့ မိုင် အတော်လေး အသက်ရှူချောင်သွားရပါသည်။ မင်းသမီးက ခေတ်သစ်ကို ကျေးဇူးတင်စကားပြောနေသဖြင့် ခေတ်သစ်က ခေါင်းညိတ်ပြုံးပြလေသည်။

ထို့နောက် မိုင်တို့ ရပ်ကြည့်နေရာဘက်သို့ လျှောက်လာလေတော့၏။ မိုင်တစ်ယောက် ရင်တွေခုန်နေမိသည်။ အမှန်တော့ မိုင်တို့ နေရာကနေ ဖြတ်သွားရမှာမို့ လျှောက်လာခြင်းသာ။

ခေတ်သစ် အနားရောက်ခါနီးလေ အားလုံး ပိုပြီး တိတ်ဆိတ်ငြိမ်သက်သွားရလေ။

ယွန်းနှင့် စုဝေဆို လက်တွေပိုက်ပြီး တောင့်တောင့်မတ်မတ်ကြီးတွေ ရပ်နေလိုက်တာ သတိအနေအထားကို ဖြစ်လို့။

မိုင်ကတော့ ခုန်နေတဲ့ရင်ကို အသာဖိပြီး လည်ချောင်းထဲက အသံတစ်သံထွက်ဖို့ ကြိုးစားအားယူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ် . . . ခေတ်သစ်"

တကယ့်တကယ် ခေါ်လိုက်မိတဲ့အသံက တိုးတိုးလေးနဲ့ တုန်ယင်ထစ်ငေါ့နေသေး၏။ ခေတ်သစ်က ခေါင်းမော့ရင်း မိုင့်ကို တအံ့တဩ လှမ်းကြည့်သည်။ သူ့မျက်နှာမှာ ကြည်လင်ချိုမြတဲ့ အပြုံးရိပ်တို့ ပျော်ဝင်ယှက်သန်းနေတာမို့ မိုင် အားတက်သွားရသည်။

"မိုင်က ခေတ်သစ်ကို ခင်ချင်လို့ပါ"

အမှန်တော့ ခေတ်သစ်ကို အားပေးနေတဲ့ ပရိသတ်ပါဘာညာတွေ ပြောဖို့ဖြစ်ပေမယ့် နှုတ်က ထွက်သွားတာက တစ်မျိုးဖြစ်သွားသည်။

"ဗျာ . . . ဩော်, ရပါတယ်၊ ကျွန်တော်က ပရိသတ်အားလုံးကို ခင်မင်ပြီးသားပါ"

တည်ငြိမ်အေးဆေးတဲ့ သူ့စကားအဆုံး မိုင် လှစ်ခနဲ ပြုံးလိုက်မိသည်။ ခုတော့ မိုင့်ရင်ထဲမှာ အတော်လေး တည်ငြိမ်နေပြီး





စုဝေတို့အားလုံးလည်း တအံ့တဩ ငြိမ်သက်နေရာကနေ လှုပ်လှုပ်ရှားရှားဖြစ်လာကြတော့၏။

ဒါပေမဲ့ မိုင်က ခေတ်သစ်ကို သူငယ်ချင်းတွေဆီ အာရုံရောက်ခွင့်မပေးပါ။

"မိုင့်ကို အမှတ်တရစာလေးနည်းနည်း ဒီစာအုပ်ထဲ ရေးပေးနော်"

"ဟုတ်ကဲ့"

ခေတ်သစ်က မိုင် ထုတ်ပေးတဲ့စာအုပ်လေးထဲ ရေးပေးပြီး လက်မှတ်ထိုးပေးသည်။ မိုင်က ထိုစာအုပ်ထဲမှ စာတစ်ရွက်ကို ဆွဲဆုတ်လိုက်ကာ . . .

"ခေတ်သစ်ကို ခင်မင်တဲ့မိုင့်ကို မမေ့ပါနဲ့"

ဟု စာတစ်ကြောင်း ရေးလိုက်သည်။

"ခေတ်သစ် ဒါလေး ယူသွားပေးနော်"

ခေတ်သစ်က စာရွက်လေးကို တစ်လှည့်၊ မိုင့်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့် တအံ့တသြကြည့်သည်။

သူက အော်တိုရေးပေးရပြီး သူ့ကို ပြန်ရေးပေးတဲ့ သူမျိုး တစ်ခါမှ မမြင်ဖူး၊ မကြုံဖူးခဲ့တာမို့ မိုင့်လုပ်ရပ်ကို အထူးအဆန်း အမှတ်တရ ဖြစ်သွားရ၏။

ထိုအခြေအနေကို မိုင်လည်း အထူးပင် ကျေနပ်လိုက်မိ သည်။

"နာမည်က မိုင်တဲ့လား"

"အဲဒါ သူငယ်ချင်းတွေ ခေါ်တာလေ၊ နာမည်အရင်း ရှိ တာပေါ့"

မင်းသားရဲ့ အရေးတယူ မေးမြန်းခံလိုက်ရတဲ့ မိုင်ကတော့ ဘာမှကို သတိမဝင်နိုင်အောင် မိုးမမြင် လေမမြင် ပျော်နေတော့ သည်။

"ဟော့ကောင် ခေတ်သစ်၊ ဘာလုပ်နေ[illegible]လဲ၊ ဒီနေ့လယ် ငါ သွားစရာရှိပါတယ်ဆိုမှကွာ"





စကားသံ ခပ်ကျယ်ကျယ်နှင့်အတူ အနီးအနားကို ရောက် လာသူတစ်ဦးကြောင့် ပြုံးရယ်နေတဲ့ မိုင်တို့မျက်နှာလေးတွေ ရုတ် ချည်း အရှိန်သတ်သွားရ၏။

ပျော်ရွှင်ရင်ခုန်ဖွယ်ကောင်းတဲ့ အခြေအနေလေးကို ရုတ် တရက် ဝင်ရောက်နှောင့်ယှက်လိုက်သူကို မိုင် လှမ်းကြည့်ပြီး မျက် မှောင်ကျုံ့လိုက်မိသည်။

အသားက ညိုရတဲ့အထဲ၊ မျက်ခုံးထူထူ မျက်တောင်ရှည် ရှည်တွေနှင့် မုတ်ဆိတ်မွေးတွေ၊ ပါးပြိုင်းမွေးတွေက ရိတ်သင်ထား တာတောင် စိမ်းထနေသော ထိုလူ၏မျက်နှာကို ကြည့်ပြီး မိုင် မနှစ်သက်စွာ နှာခေါင်းရှုံ့မိသွားရသည်။ အရပ်ကြီးကလည်း မြင့် လိုက်တာ၊ ခေတ်သစ်ထက်ပင် လက်မအနည်းငယ် ပိုနေသေး၏။ ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်းကြီးကို စွပ်ကျယ်အဖြူလေး တစ်ထည်တည်းနှင့် အပေါ်က ရေညှိရောင်ဂျာကင်ကို ဝတ်ထား တာမို့ ပုံစံက လူကြမ်းလိုလို လမ်းသူရဲလိုလိုဖြစ်နေသည်။



www.bumeseclassic.com

www.burmeseclassic.com



အရောင်ခပ်လွင့်လွင့် ဂျင်းပင်န်နဲ့ သားရေညှပ်ဖိနပ် စီးထားတဲ့ သူ့ခြေခုံတွေကတော့ အမွေးအမှင်တွေ ရှိနေပေမယ့် ခြေသည်းလေးတွေက ဖွေးသန့်နေ၏။ သူ့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး လိုက်ကြည့်နေတဲ့ ကောင်မလေးကို တမန် အံ့ဩလန့်ဖျပ်သွားရသည်။

သူ ကားပေါ်မှာကတည်းက ခေတ်သစ်ကို လှမ်းကြည့်နေတာ။ ကောင်မလေးအုပ်စုနှင့် စကားတွေပြော၊ အော်တိုတွေ ရေးပေး၊ ပြုံးလို့ ရယ်လို့ မပြီးနိုင်တာမို့ စိတ်မရှည်ဘဲ ကားပေါ်က ဆင်းလိုက်ခဲ့ရခြင်း ဖြစ်သည်။

ခေတ်သစ်က သူ့ကို တစ်ချက်လှည့်ကြည့်ပြီး ကောင်မလေးတွေဘက် အားတုံ့အားနာပုံစံနှင့် ပြန်လှည့်သွား၏။

"ဆောရီးနော် . . . ကျွန်တော့်ကို အားပေးကြတဲ့အတွက် ကျေးဇူးပါ၊ အခု ကျွန်တော် ပြန်တော့မယ်၊ နောက်တွေ့ရင်လည်း ခုလိုပဲ နှုတ်ဆက်ပါ"





ကောင်မလေးသုံးယောက်က တစ်ပြိုင်တည်း ခေါင်းတွေညိတ်ရင်း ပြုံးပြပေမယ့် ခုန တမန့်ကို မကျေမချမ်းပုံစံလေးနဲ့ စူးစိုက်ကြည့်နေတဲ့ ကောင်မလေးတစ်ယောက်ကွာ ခပ်ပေပေ ကြည့်နေသည်။

"လာ . . . တမန်၊ သွားရအောင်"

ခေတ်သစ်က သူ့လက်မောင်းကို တစ်ချက်ပုတ်ရင်း လှည့်ထွက်သည်။ သူ ထိုကောင်မလေးကို တစ်ချက်စူးစိုက်ကြည့်ရင်း ထိုနေရာမှ ထွက်လာခဲ့၏။

သူတို့ခြေလှမ်း လေးငါးလှမ်းအရောက်မှာတော့ . . .

"ခေတ်သစ် . . . ခဏလေး နေပါဦး"

ဟူသော ခေါ်သံနှင့်အတူ စလွယ်သိုင်းထားသော အိတ်ကြီးကို လက်တစ်ဖက်နှင့် ဖိဆုပ်ကိုင်ရင်း သူတို့နောက်ကို ပြေးလိုက်လာသော ကောင်မလေးကို တွေ့လိုက်ရသည်။

တမန် ခေတ်သစ်မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်မျက်နှာက ပြုံးရိပ်ထင်နေသည်။

"ခုန ခေတ်သစ်ကို ပြောဖို့မေ့သွားတယ်၊ မိုင့်နာမည် အရင်းက ချိုမိုင်မိုင်တဲ့၊ မှတ်ထားပေးနော်"

"ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်"

သည်တော့မှ သူမ မျက်နှာလေးက အစွမ်းကုန် ပြုံးကျ သွားသည်။ ပြုံးလိုက်တော့ ပါးပြင်ဝင်းဝင်းလေးနှစ်ဖက်က ပန်းသီး လေးလို ပြောင်ပြောင်အိအိလေး မို့ဖောင်းတက်လာသည်။

မျက်လုံးဝိုင်းဝိုင်းတွေ၊ မျက်တောင်ကော့ကော့တွေနှင့် သူမ တစ်မျက်နှာလုံး အပြုံးတွေ ခိုတွဲကာ လှပသွားတော့သည်။

"ကျေးဇူးတင်ပါတယ် ခေတ်သစ်၊ သွားလို့ရပါပြီ"

ကျေနပ်နှစ်သိမ့်သွားတဲ့ စကားသံအဆုံး သူမရဲ့ မျက်လုံး လေးက ချက်ချင်းပဲ မှေးကျဉ်း စွေစောင်းကျသွားပြီး တမန့်ဆီ မျက်စောင်းတစ်ချက် ပစ်ထိုးလိုက်လေတော့သည်။

ချက်ချင်း တစ်ဖက် မျက်နှာပြန်လွှဲသွားတော့ သူ အံ့ဩ-





ပြီး ကျန်ခဲ့ရ၏။ ခေတ်သစ်ကတော့ သတိမထားမိလိုက်ချေ။

ဘယ်လိုလေးပါလိမ့်ဆိုပြီး သူ့ရင်ထဲ အမှတ်ထင်ထင် ဖြစ် သွားရသည်။ ခေတ်သစ်ကတော့ ဒါမျိုးတွေကို သိပ်အထူးအဆန်း မဖြစ်တော့သလို ခပ်အေးအေးပင်။

နာမည်ပြောလည်း မှတ်ထားချင်မှ မှတ်ထားပေလိမ့်မည်။ တမန်ကတော့ ချိုမိုင်မိုင်ဆိုတဲ့ သူမနာမည်လေးကို စိတ်ထဲကနေ ရေရွတ်ကြည့်ရင်း မှတ်ထားလိုက်သည်။

နှုတ်က ချိုမိုင်မိုင်ဟု နောက်တစ်ခေါက် ခပ်တိုးတိုးထပ် ရွတ်ကြည့်တော့ မျက်စောင်းထိုးသွားတဲ့ သူမမျက်နှာအစား မျက် လုံးလေး ပိတ်အောင် ရယ်ရင်း လက်သီးလေးဆုပ်ချည် ဖွင့်ချည် လုပ်ပြီး ကနေသော ကလေးလေးတစ်ယောက်ကိုသာ မြင်ယောင် လိုက်မိလေတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

"လာ . . . အိတုံ၊ ဒီမှာခဏထိုင်၊ ဒေါ်လေးရေ"

မိုင်က အိတုံကို နေရာပေးရင်း မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေမည်ဖြစ်သော အဒေါ်ဖြစ်သူကို လှမ်းခေါ်လိုက်သည်။ ခဏနေတော့ မိုင့်အဒေါ် ဒေါ်ယုခိုင် ထွက်လာ၏။

"ဟော . . . အိတုံ ပါလာတာကိုး၊ အုတော်ပဲ၊ ဒေါ်လေး ရှောက်သီးသုပ်နဲ့ ကြာဇံဟင်းခါး ချက်ထားတာ၊ စားပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်နော်"

"ဟုတ်လား၊ ကြားရတာနဲ့တင် ဗိုက်ထဲက ဆာသလိုလို ဖြစ်လာပြီ"

အိတုံက ခန္ဓာကိုယ် ဝဝကစ်ကစ်လေးနှင့် အစားမက်တဲ့သူ ဖြစ်တာမို့ အိမ်မှာ ဘာလေးပဲချက်ချက် ဒေါ်လေးက အတင်းစား ခိုင်းတာ အကျင့်ဖြစ်နေ၏။

"ကဲ . . . အဲဒါဆိုလည်း မရွှေမိုင် ထမင်းသွားခူးပေတော့၊ မနက်က ငါးကြော်နှပ်လည်း ကျန်သေးတယ်"

"ဟာ . . . ရပါတယ် ဒေါ်လေးရဲ့၊ မစားသေးပါဘူး၊ အခု သူငယ်ချင်းဆီက ခွေငှားလာလို့ ခွေအရင်ကြည့်မှာ"

အခွေဆိုတော့ ဒေါ်လေး နည်းနည်းစိတ်ဝင်စားသွား သည်။ စိုနေတဲ့လက်ကို လက်သုပ်ပဝါနဲ့ ကပျာကယာသုတ်ပြီး ဧည့်ခန်းထဲ ရောက်လာသည်။

"ဘာခွေလဲ၊ အိတုံငှားလာတာဆိုရင်တော့ သရဲကားပဲ





နေမယ်"

"ဘယ်က သရဲကားဖြစ်ရမှာလဲ၊ ဒေါ်လေးကလည်း . . . ဒါ မိုင် ငှားလာတာ၊ ခေတ်သစ်ပါတဲ့ ဇာတ်ကား"

"ဟယ် . . . ဟုတ်လား၊ ခေတ်သစ် ခွေသစ်ထွက်တာကို မကြည့်ရတာ ကြာနေပြီ"

ဒေါ်လေးစကားကြောင့် မိုင် စက်ထဲ ခွေထည့်နေရင်းမှ မျက်စောင်းလှမ်းထိုးသည်။

"ဘာ ကြာပြီလဲ၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ယွန်း ယူလာတဲ့ ခွေလည်း အသစ်ပဲဥစ္စာ"

"ဪ . . . အေး ဟုတ်သားပဲ၊ ဒါနဲ့ ညည်းတို့အုပ်စု အလုပ်ပိတ်ရက် ရိုက်ကွင်းတွေ လိုက်ကြည့်ကြတယ်ဆို၊ ဒီတစ်ခါ ဒေါ်လေးလည်း ခေါ်စမ်းပါဦး၊ ခေတ်သစ်ကို အပြင်မှာ အရှင်လတ်လတ်တွေ့ချင်တာ ဘယ်လောက် ချောလိုက်မလဲ"



www.bumeseclassic.com

www.burmeseclassic.com



"ဒေါ်လေးရယ် . . . ခုလည်း ဇာတ်ကားထဲ အရှင်လတ်လတ် သရုပ်ဆောင်ထားတာပဲဥစ္စာ၊ အပြင်နဲ့ ဘာမှမထူးပါဘူး"

အိတုံ့စကားအဆုံး ဒေါ်ယုခိုင်က ဟက်ဟက်ပက်ပက်ရယ်သည်။

"ဒါပေမဲ့ ကြည့်ရတာ ဘယ်တူမလဲ၊ ဒေါ်လေး သိလား၊ ခေတ်သစ်က အပြင်မှာ ပိုချောတယ်၊ အရုပ်လည်း ပိုမြင့်သလိုပဲ၊ မိုင်ဆို ရင်တွေဘာတွေခုန်လို့"

မိုင်က သူ့ရင်ဘတ်ကလေး သူဖိပြီး ပြောလိုက်တော့ ဒေါ်လေးက ကလေးမလေးလို မျက်လုံးအပြူးသားနှင့် ငေးနေသည်။

မိုင်တို့က အဲလို။ အိမ်ထဲမှာနေပြီး ဘယ်မှ မသွားရ မလာရသော ဒေါ်လေးကို ပြန်လာတိုင်း မစားရ ဝခမန်းတွေ ပြောပြ။ ဒေါ်လေးကလည်း ကလေးပုံပြင်နားထောင်သလို စိတ်ဝင်တစား





အာရုံစိုက် နားထောင်တော့တာ။

"ဟဲ့ . . . ဒီဆံပင်ပုံစံက တစ်မျိုးလေး ဖြစ်နေပါလား၊ မိုင်မိုင် အဲဒါ သူ့နဂိုဆံပင်လား"

"ထင်တာပဲ၊ ဟိုနေ့က တွေ့တာလည်း အဲဒီဆံပင်နဲ့ပဲနော်၊ အိတုံ့"

အိတုံ့က တီဗွီကို စိတ်မပါသလို လှမ်းကြည့်ရင်း ခေါင်းညိတ်ပြသည်။ အိတုံ့က ခေတ်သစ်ကို သိပ်မကြိုက်သည့်အပြင် မိုင်သည်းသည်းလှုပ် ကြိုက်ပြနေတာကိုလည်း ကြည့်မရချေ။

"ဒေါ်လေးတို့သာ ကြိုက်နေ၊ ခေတ်သစ်ကို မကြိုက်ပါဘူး"

"ချောပါတယ်ဟဲ့၊ ဘာလို့မကြိုက်တာလဲ"

"ချောတိုင်း ကြိုက်ချင်စရာမှ မကောင်းတာ၊ အရမ်းချောနေပြန်တော့ နုဖတ်ပြီး မိန်းမဆန်သွားရော၊ သမီးကတော့ မင်းသားဆို ယောကျ်ားပီသတဲ့ရုပ်မျိုးပဲ ကြိုက်တယ်"

အိတုံ့စကားအဆုံး မိုင်က မျက်စောင်းရွယ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပေါ့၊ နိုင်ငံခြားမင်းသား ကုလားတွေ ရုပ်ကြမ်းကြီးတွေပဲ ကြိုက်နေ၊ ခေတ်သစ်က အပြစ်ပြောစရာမရှိအောင် ချောတာများ မိန်းမဆန်သလေး ဘာလေးနဲ့၊ ဒီလောက်ယောကျ်ားဆန်တာကို"

"ဒါလား ယောကျ်ားဆန်တာ၊ နှုတ်ခမ်းတွေက နီရဲပြီး မျက်နှာက သွေးမရှိသလို ဖြူဆုတ်နေတာကြီးကို"

"အဲဒါ သူ့ပင်ကိုလေ၊ တမင်ပြင်ထားတာမှ မဟုတ်တာ၊ ဘာလို့ မိန်းမဆန်ရမှာလဲ"

မိုင်က ခေတ်သစ်ကို ပြောလျှင် နည်းနည်းမှ ဆတ်ဆတ်ထိမခံ။

"ကဲ . . . တော်ကြစမ်းပါဟယ်၊ ဟိုမှာ ဘာပြောလိုက်မှန်းတောင် မသိဘူး"

ဒေါ်လေး ဝင်အော်တော့မှ နှစ်ယောက်လုံး မချိုမချဉ် မျက်နှာတွေနှင့် အသံတိတ်သွားတော့၏။





မိုင်က တီဗွီကို တမင်ပြုံးပြစူးစိုက်ကြည့်ပြီး အာရုံစိုက်ပြတော့ အိတုံက နှုတ်ခမ်းကို ခပ်တွန့်တွန့် မဲ့ရင်း ခေါင်းရမ်းလေသည်။

"ချောလိုက်တာဟယ်၊ မင်းသမီးထက်တောင် ပိုနုနေသေးတယ်"

"ဟုတ်ပ့ . . . ဟုတ်ပ့"

ဒေါ်လေးနှင့် မိုင်တို့ အတိုင်အဖောက် ညီနေတာကို အိတုံတစ်ယောက်တည်း တွန့်လိမ်ရှုံ့မဲ့ပြီး ဒိုင်ခံကန့်ကွက်နေတော့၏။

"ကြည့်ပါလား၊ စကားပြောတာကိုက တမင်ပဲများပြီး ပြောနေတာ၊ မိန်းမကျနေတာပဲ"

"လာပြန်ပြီ၊ ဒီမိန်းမဆိုတာ . . . အိတုံနော်၊ နင်တော့ သေတော့မယ်၊ သွား . . . အဲဒါဆို လာမကြည့်နဲ့"

"အမယ်လေး . . . မကြည့်ချင်ပါဘူး၊ ဒီကလည်း ရှောက်သီးသုပ်မျက်နှာနဲ့ အားနာပါးနာ ထိုင်ကြည့်ပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပါလား၊ ဝက်စုတ်မ . . . အငတ်မ"

မိုင်က အိတုံကို ကျိန်ဆဲနေပေမယ့် ဒေါ်လေးက အားနာသွားသလို လှည့်ကြည့်ပြီး . . .

"ဟယ် . . . ဟုတ်ပါရဲ့၊ အိတုံလေးကို ရှောက်သီးသုပ် ကျွေးဦးမှ"

ဟု ဆိုကာ နေရာမှ ခပ်သုတ်သုတ် ထထွက်သွားသည်။ ထို့နောက် ရှောက်သီးသုပ်နှင့် ကြာဇံဟင်းခါးရည် ပန်းကန်လုံးကို ကိုင်ကာ ချက်ချင်းပြန်ထွက်လာ၏။

"ဟာ . . . မြန်လိုက်တာ"

"မြန်တာပေါ့၊ အဆင်သင့်ပြင်ထားတာလေ၊ ပြီးတော့ ဒီက အာရုံကိုလည်း မဖြတ်နိုင်ဘူး၊ ကောင်းခန်းရောက်နေပြီ"

"ဒေါ်လေးက ကောင်းခန်းရောက်နေ၊ သမီးတော့ ဘာမှန်းကို မသိဘူး"

အိတုံက ရှောက်သီးသုပ်တစ်ဇွန်း ခပ်စားရင်း လှမ်းပြော





သည်။

"ဘယ်သိမလဲ၊ သွေးသံတရဲရဲ စုတ်တီးစုတ်ပြတ် သရဲကားတွေပဲ ကြိုက်တဲ့လူကိုး၊ သရဲကားတွေ အကြည့်များလို့ လူလည်း သရဲရုပ်ပေါက်နေပြီ"

မိုင်က အခွင့်သင့်တုန်း ဝင်ပြောလိုက်တာမို့ အိတုံ ဘာမှ ပြန်မပြောသာဘဲ ရယ်နေသည်။

"ဒါနဲ့ တချို့ သရဲကား ကောင်းတာတွေလည်း ရှိပါတယ်၊ အိတုံဆီမှာ အပိုင်ဝယ်ထားတာတွေ ရှိတယ်မှတ်လား၊ တစ်ခါလောက် ယူခဲ့ပေးဦး"

"ယူခဲ့ပေးမယ်၊ ယူခဲ့ပေးမယ်၊ coming soon ဆိုတဲ့ ဇာတ်ကား အရမ်းကောင်းတာ၊ သမီးဆို ဘယ်နှခါ ပြန်ကြည့်ကြည့် ရင်တုန်နေရတုန်းပဲ"

အိတုံက သူ့သရဲကားတွေ အားပေးမယ်ဆိုတော့ ဝမ်းသာအားရ ညွှန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကြည့်ချင်တယ်"

"ဘာကြည့်ချင်တယ်လဲ၊ အဲ့ဒေါ်လေး. . . ပြီးရင် ဟိုနား မသွားရဲ၊ ဒီနားမသွားရဲ ဖြစ်ဦးမယ်၊ ယူမလာနဲ့"

မိုင်က ခပ်တည်တည် ဝင်ဟန့်တော့ ဒေါ်လေး ပြန်ငြိမ်သွားသည်။

"ဟုတ်တော့ ဟုတ်ပါတယ်ဟယ်၊ အဲဒါကြီးတွေ ကြည့်ရတာ စိတ်မချမ်းသာပါဘူး၊ နေပါစေတော့ အိတုံရယ်၊ အမေ လည်း ပြော၊ စိတ်လည်းချမ်းသာ ခေတ်သစ်လေးကိုပဲ ကြည့် တော့မယ်"

"ဖြစ်သွားပြန်ပြီ"

မိုင်က 'တွေ့လား၊ အားလုံးက ခေတ်သစ်လူချည်းပဲ'လို့ ခပ်တိုးတိုးပြောပြီး မျက်စပစ်ပြသည်။

"ဪ . . . ပြောဖို့မေ့နေတာ၊ စာစောင်ထဲမှာ သတင်း ပါလာတယ်၊ ခေတ်သစ် အခုရိုက်မယ့် ဇာတ်ကား ရိုက်





ကွင်းက သန်လျင်မှာ တည်ထားတယ်တဲ့၊ အဲဒါ သွားကြည့် ရအောင်"

မိုင့်စကားအဆုံး ဒေါ်လေးမျက်နှာက ဝင်းခနဲဖြစ်သွားပြီး အိတုံက ရှုံ့မဲ့သွားသည်။

"ဘာလုပ်မှာလဲ၊ တကူးတက၊ ဘယ်မှာမှန်းမသိ၊ ဘယ်ရက် မှန်း မသိ"

"ရက်မသိမှာတော့ မပူနဲ့၊ ပန်းသစ္စာတစ်ယောက်လုံး ရှိ တယ်၊ သူ့ကို ဖုန်းဆက်လိုက်ရုံပဲ"

"ဟယ် . . . ဒေါ်လေးလည်း လိုက်ချင်လိုက်တာ"

"အာ . . . ဒေါ်လေး လိုက်လို့မဖြစ်ပါဘူး၊ အိမ်မှာ ခွေ ကြည့်ပြီး အေးအေးဆေးဆေး နေစမ်းပါ၊ မိုင် သွားမယ်၊ ဘယ်သူလိုက်လိုက် မလိုက်လိုက်၊ ဓာတ်ပုံကို တွဲရိုက်လာ ဦးမှာ"

တစ်ယောက်တည်း ကြုံးဝါးနေသော မိုင့်ကို ရှုးလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဟူသောအကြည့်နှင့်ကြည့်ပြီး ဘာမှမပြောဘဲ ငြိမ်နေကြလေတော့၏။ ပြောလည်း . . . ရမှာမှ မဟုတ်ဘဲ . . .။

♥ ♥ ♥



# အခန်း(၄)

ခေတ်သစ်ကို ရိုက်ကွင်းရှိရာ နေရာအနှံ့ ပို့ပေးရတာ စိတ်ညစ်မိပေမယ့် သစ်ပင်သစ်ရိပ်တွေနှင့် အေးချမ်းတိတ်ဆိတ်သော သန်လျင်လို နေရာမျိုးကိုတော့ တမန် အထူးသဘောကျမိပါသည်။

ခုတလော ဘာအလုပ်မှ မရှိသေးတာမို့ ခေတ်သစ်နဲ့ ရိုက်ကွင်းရှိရာနေရာတွေ အနှံ့အပြား လျှောက်လိုက်နေရသည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



လည်း သန်လျှင်။ တမန့်အလုပ်ကတော့ အရိပ်အာဝါသကောင်းလှသော ပိတောက်ပင်အောက်က ကွပ်ပျစ်တစ်ခုမှာ အေးအေးဆေးဆေးထိုင်ပြီး တွေ့ရာစာအုပ်တစ်အုပ်နှင့် အပျင်းဖြေနေရုံပင်။

ဒီနေ့အဖို့ ရိုက်ကွင်းက တစ်နေကုန်နိုင်တယ်ဟူသော စကားကြောင့် ခဏနေလျှင် ဆိုင်ကယ်တစ်စီးနှင့် ဟိုနားဒီနားသွားဖို့တော့ စိတ်ကူးမိပါသေးသည်။ ဒါပေမဲ့ သူ ဘယ်မှသွားချိန်မရတော့အောင် ပြဿနာက ပေါ်လာလေတော့သည်။

"ခက်တာပဲဗျာ၊ ကိုထိုက်ကြီး မလာရင် ဘယ်လိုသွားရိုက်မှာလဲ"

"ဖုန်းက အခုမှဆက်တော့ ဘယ်ကို လူပြေးရှာမလဲ"

ဒါရိုက်တာနှင့် ခေတ်သစ်တို့ အပြန်အလှန်ပြောနေသော စကားများကြောင့် သူ မျက်မှောင်ကျုံ့လိုက်မိသည်။

သူ သိရသလောက် ကိုထိုက်ကြီးဆိုတာ ရိုက်ကွင်းတစ်ခုမှာ မဖြစ်မနေ အရေးပါသော ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ချေ။





ဗလတောင့်တောင့် ရုပ်ကြမ်းကြမ်းကြီးနှင့် ထိုးရကြိတ်ရသော အခန်းများတွင်သာ ပါသော ဗီလိန်သရုပ်ဆောင်တစ်ဦးဖြစ်သည်။

"နေမကောင်းဘူးဆိုတော့ ဘယ်တတ်နိုင်မလဲ၊ သူက အလုပ်ကို လေးစားပါတယ်၊ ကိုမျိုး ခင်ဗျားရော ဖြစ်လား"

ဆံပင်ရှည်ရှည် နှုတ်ခမ်းမွေးစစနှင့် လူကြမ်းသရုပ်ဆောင် ကိုမျိုးဝင်းက ခေါင်းကို တဗျင်းဗျင်းကုပ်ပြီး ရယ်နေသည်။ ကိုမျိုးဝင်းကို ကြည့်လိုက်တာနှင့် အခြေအနေကို သဘောပေါက်ပြီး ဒါရိုက်တာ စိတ်ပျက်သွားတော့၏။

ခေတ်သစ်က ဘာမှထပ်မပြောတော့ဘဲ ပိတောက်ပင်အောက်မှာ ထိုင်နေသော တမန့်ဆီ တန်းတန်းမတ်မတ် လျှောက်လာသည်။

"ဘာဖြစ်တာလဲ ခေတ်သစ်"

"ဖိုက်တင်နည်းပြ ကိုထိုက်ကြီး မလာဘူးလေဗျာ၊ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုထိုက်ကြီးက လူကြမ်းမဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ သူက တကယ်လည်း ကိုယ်ခံတွေ ရတယ်၊ 'ကိုဟာတွေက အာပလာ"

စကားအဆုံး ခေတ်သစ်က သူ့ဘက် တစ်ချက်လှည့်ကြည့်သည်။ သူ စိတ်မဝင်စားသလို စာအုပ်ကိုပဲ ငုံ့ဖတ်နေလိုက်၏။

"တမန်"

"ဘာလဲ"

"ငါ ခုမှ သတိရတယ်၊ မင်းက ဂျူဒိုတွေ၊ ကရာတေးတွေ ရတယ်နော်၊ ဟို . . . ခါးပတ်နက်လား၊ ဘာလား"

"ဟေ. . ."

တမန် မျက်လုံးပြူးသွားမိသည်။ မဟုတ်ဘူးလို့ ငြင်းလည်း ရမှာ မဟုတ်တော့။ သူ့အကြောင်း ခေတ်သစ် မသိတာ ဘာမှမရှိ။

"ဟုတ်တယ်မှတ်လား တမန်၊ မင်း အဲဒါတွေ ကျွမ်းတယ်နော်၊ ကျောင်းတုန်းက မင်းက လက်ရွေးစင်လေ၊ ဂျူဒိုရော၊ ကရာတေးရောပဲ"





"ဟုတ်လား တမန်"

အနားရောက်လာသော ရှုတင်မန်နေဂျာ ကိုလင်းထွန်း အသံကြောင့် သူ ဆတ်ခနဲတုန်သွားမိသည်။

"ဟုတ်တယ် ကိုလင်းထွန်း၊ တမန်က ကျောင်းလက်ရွေးစင်၊ မြန်မာ့သိုင်းတောင် နည်းနည်းပါးပါး တတ်သေးတယ်။ နော် . . . တမန်"

"ဟာ . . . ဘယ်ကလာ"

ခေတ်သစ်တော့ သူ့ကို အချွန်နှင့် မ,နေပြီ။ ကြာလျှင် ဝူရှူးတွေရော၊ ဇန်တို ဇန်ရှည်တွေပါ ပါလာနိုင်သည်။

"အတော်ပဲဗျာ၊ ကိုလင်းထွန်း ဒါရိုက်တာကို သွားပြော၊ ကျွန်တော့်သူငယ်ချင်းနဲ့ ဖြစ်တယ်လို့"

"ဟာ. . . ဘာလဲ၊ ခေတ်သစ် မဟုတ်က, ဟုတ်က၊ ကိုလင်းထွန်း၊ ဟော့လူ . . . နေဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုမှ တားဖို့ အချိန်မမီတော့။ ကိုလင်းထွန်းက ဝမ်းသာအားရပုံစံနှင့် သူတို့ဘေးနားကနေ ပြေးထွက်သွားသည်။

"ခေတ်ဂာစ် . . . ဟာ ဒုက္ခပဲ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ငါ့ဘာသာ အဲဒါတွေတတ်တာ ဘာဆိုင်လဲကွ၊ ငါက ဘာလုပ်ပေးရမှာလဲ၊ မင်း ငါ့ကို လျှောက်ကြပ်ပေးမနေနဲ့၊ လုပ်လည်း မလုပ်တတ်ဘူး၊ ငါ ဘာမှနားမလည်ဘူးနော်၊ မင်းတို့အလုပ်တွေ"

တမန် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အကြောက်အကန်ငြင်းနေတာကို ကြည့်ပြီး ခေတ်သစ် တဟားဟားနှင့်ရယ်သည်။

"မလုပ်ချင်လို့ မလုပ်ရင်သာ နေရမယ်၊ နားမလည်ဘူးတော့ မရှိပါဘူး တမန်ရာ၊ ခုဟာက ဘာမှခက်ခဲတဲ့အလုပ် မဟုတ်ဘူး၊ အိုက်တင်တွေလည်း သိပ်မလိုဘူး၊ နည်းနည်းပါးပါး ငါနဲ့ဖိုက်ပေးရုံပဲ"

"ကျွတ် . . . မဟုတ်တာကွာ၊ အဲလိုတတ်ရုံနဲ့ ဝင်သရုပ်





ဆောင်ရရင် အားလုံး လူကြမ်းတွေ ဖြစ်ကုန်မှာပေါ့"

သူ စကားဆက်ပြောမယ် ကြံကာရှိသေး၊ ဒါရိုက်တာ ရောက်လာသည်။

"တမန် . . . ညီလေး၊ အားတော့နာတယ်ကွာ၊ အရမ်းခက်ခဲနေလို့ပါ၊ မင်းသားကိုသာ မေးကြည့်တော့၊ ရိုက်ရက် ထပ်ရွှေ့လို့လည်း အဆင်မပြေတော့ဘူး"

"ဟုတ်တယ် တမန်၊ ဒါ ဇာတ်သိမ်းပဲ၊ မနက်ဖြန်ဆို ငါက ပုဂံဘက် သွားရိုက်ရမှာ၊ ကိုထိုက်ကြီးနေရာမှာ ခဏဝင်ပေးပါကွာ၊ နော် . . . ကျန်တာ အားလုံးအဆင်ပြေအောင် ငါ ကြည့်လုပ်ပါ့မယ်"

ခေတ်သစ်က အကူအညီတောင်းဖို့ဆို အလွန်ပြောတတ်သူဖြစ်သည်။ ယခုလည်း ဒါရိုက်တာနှင့် အတိုင်အဖောက်ညီညီ ငိုပြနေတာမို့ တမန် စိတ်လည်း ရှုပ်၊ အားလည်း နာမိသည်။

ပြန်တွေးကြည့်တော့ လုပ်ရမှာက လူကြမ်းတဲ့။ သူများ



www.bumeseclassic.com

www.burmeseclassic.com



တွေ မုန်းအောင် လုပ်ပြရဦးမလားမသိ။

"ဒုက္ခပဲဗျာ၊ ကျွန်တော် တစ်ခါမှ ကင်မရာရှေ့ မရပ်ဖူးဘူး"

သူစကားအဆုံး ဒါရိုက်တာက ရယ်သည်။

"အဲ့အတွက် ဘာမှမပူနဲ့ ကိုယ့်ညီ၊ အားလုံးအဆင်ပြေစေရမယ်၊ ညီလေး ပြောရမယ့် ဒိုင်ယာလော့ခ်ကလည်း အရမ်းခက်ခက်ခဲခဲကြီး မဟုတ်ဘူး၊ ခပ်ပါးပါးလေးပါ၊ ကိုယ့်ညီလည်း ရိုက်ကွင်းတွေနဲ့ သိပ်စိမ်းတာမှမဟုတ်ဘဲ၊ နော် . . . ကိုယ် အားလုံး ပြင်ဆင်လိုက်မယ်၊ သိလား၊ ကူညီမယ် မဟုတ်လားဟင်"

"ခက်တော့တာပဲဗျာ"

သူ ခေါင်းကုပ်ရင်း ခပ်ညည်းညည်းလေး ပြောလိုက်မိသည်။

"လုပ်ပါ . . . တမန်၊ ဒီဇာတ်ရုပ်ကို လူတိုင်းထည့်လို့ မဖြစ်





နိုင်တာရယ်၊ မင်းက ကိုယ်ခံပညာ ကောင်းကောင်းတတ်တာရယ်ကြောင့် အကူအညီတောင်းတာပါ၊ ပြီးတော့ မင်းဖြစ်နေလို့ ငါ့အတွက် ပိုအဆင်ပြေမှာပါ"

မျက်နှာငယ်လေးနှင့် ဆိုလိုက်သော ခေတ်သစ်စကားအဆုံး သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းညိတ်လိုက်ရသည်။

"လုပ်ကြကွာ၊ မင်းစိတ်ကြိုက်သာ လုပ်တော့"

စိတ်ရှုပ်ရှုပ်နှင့် ပြောလိုက်သော သူ့စကားအဆုံး ခေတ်သစ် ပေးခနဲ ထအော်သည်။ ဒါရိုက်တာလည်း ဝမ်းသာသွားတော့သည်။

ပရိဂျူဆာတစ်ယောက်ရဲ့ သားမို့ သိပ်အတင်းအကျပ် မပြောရဲသလို တမန့်စိတ်ကိုလည်း သိထားပြီးသား ဖြစ်နေသည့် ဒါရိုက်တာမှာ ယခုချက်ချင်း အဆင်ပြေသွားသည့်အတွက် ထခုန်မိမတတ် ပျော်နေတော့၏။

ခေတ်သစ်ပြောပုံအရဆို ထိုးတာ ကြိတ်တာလည်း တမန်



www.burmeseclassic.com

www.burmeseclassic.com



က ပိုင်နိုင်သည်။ ခန္ဓာကိုယ်ကလည်း ကျားကျားလျားလျားရှိသည်။

ပြီးတော့ တမန်က သဘောထား နူးညံ့ဖြူစင်သလို စိတ်ရှည် သည်းခံတတ်သည်။ အလုပ်မဖြစ်စရာ အဆင်မပြေစရာ ဘာမှမရှိ။

တစ်ခုပဲ အားနာစရာကောင်းနေသည်။ တမန်က အသား ညိုပေမယ့် ရုပ်ဆိုးဆိုး မဟုတ်။ လူကြမ်းလုပ်ရလောက်အောင် လည်း ဂျစ်ကန်ကန် မိုက်တူးတူး မျက်နှာပေး မရှိ။

အမြဲလို အေးအေးဆေးဆေး ရှိပြီး ပြုံးနေတတ်သူ။ ဒါပေမဲ့ သူ့ကို ဒီလိုဖြစ်ခွင့်မပေးပါ။

ဒါက သရုပ်ဆောင်အတတ်ပညာပိုင်းပဲဖြစ်သည်။ သူ လို သလို ပုံသွင်းရဦးမည်။

"ကျွန်တော် အဝတ်အစားလဲရဦးမှာလား"

တမန့်စကားကြောင့် ဒါရိုက်တာက ဇာတ်ညွှန်းဖတ်နေရာမှ ဆတ်ခနဲလှည့်လာသည်။





ထို့နောက် အဖိုးတန်ပေမယ့် အရောင်ခပ်မှိုင်းမှိုင်းဖြစ်နေတဲ့ ဂျင်းပင်န်နဲ့ အပေါ်က တီရှပ်အဖြူဝတ်ထားတဲ့ တမန့်ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

"အင်္ကျီကတော့ လဲလိုက် ညီလေး၊ ဘောင်းဘီက ရတယ်၊ နည်းနည်းတော့ ပေမယ်နော်၊ ဖုန်ထဲသဲထဲ လဲကျရတာတွေ ရှိမယ်"

တမန် ခေါင်းညိတ်လိုက်သည်။ သူ ဝတ်လာတဲ့ တီရှပ် သောင်းကျော်တန်ကို လဲခိုင်းသောကြောင့် သက်ပြင်းကျိတ်ချရ သေး၏။

ထို့နောက် ထိမိခိုက်မိမှာ စိုးသောကြောင့် သူ့နာရီပါ ချွတ်ပစ်လိုက်သည်။

"ရတယ် ညီ၊ နာရီပတ်ချင်ပတ်ပါ၊ သိပ်စုတ်ပြတ်သတ်နေစရာမလိုဘူး၊ နည်းနည်းအပေအတေပုံစံဆို တော်ပြီ"

သူ ဘာမှပြန်မပြောတော့။ ခုချိန်ကစပြီး သူ့စိတ်နဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ထင်ရာသာ လုပ်ကြပါစေတော့လို့ သဘောပိုက်ပြီး ပြုံးသမျှ နေနေလိုက်သည်။

သိပ်မကြာခင်မှာပဲ အားလုံးအသင့်ဖြစ်သွားသည်။ ဒါရိုက်တာက ခေတ်သစ်နှင့် တမန့်ကို ခုရိုက်မယ့် scence အကြောင်း အသေးစိတ် ပြောပြသည်။ ပြီးတော့ တမန်လုပ်ရမည့် အိုက်တင် အသေးစိတ်နှင့် တခြားလူကြမ်းသရုပ်ဆောင်တွေနဲ့ အပေးအယူ အချိတ်အဆက်ကို ထပ်ပြောသည်။

သူနှင့် အဓိက ဖိုက်ရမှာက ခေတ်သစ်ဆိုတာလည်း ပါ သည်။

တမန် အတော်လေး စိတ်ညစ်နေမိ၏။ လက်သီးကောင်း ကောင်း မထိုးတတ်သည့် ခေတ်သစ်နှင့် သူ ဘယ်လိုစခန်းသွားရ ပါ့မလဲဆိုပြီး ရင်မောနေရ၏။

ခေတ်သစ်ကတော့ နေသားတကျ အေးဆေးပုံစံနှင့်ပင် သူ့မှာသာ ကင်မရာရှေ့ တမင် မျက်နှာကြောကြီး တင်းချီပြီး မိုက်





ကြည့် ကြည့်ရတာကို စိတ်မလုံသလိုလို။ မီးတွေ ဝိုင်းထိုးထားတာ လည်း ပူထူအောင် လိုမ့်ခံနေရသည်။ မျက်လုံးတွေပင် ပြာချင်ချင် ဖြစ်နေသည်။

“5, 4, 3, 2, 1 action (အက်ရှင်)”

ဒါရိုက်တာရဲ့ အော်သံအဆုံး ခေတ်သစ်ရဲ့ လှုပ်ရှားမှု စလာသည်။ ကံကောင်းချင်တော့ သူ ပြောရဆိုရမည့်စကား သိပ် မပါ။ မျက်နှာအမူအရာနှင့် ထိုးတာတွေပဲ အဓိက။

လက်တွေ ခြေတွေ အကျမမှန်ဘဲ သူ့ရှေ့မှာ ခုန်ဆွခုန်ဆွ လုပ်နေသော ခေတ်သစ်ကိုကြည့်ပြီး ရယ်ချင်တာလည်း မနည်း အောင့်ထားရသည်။

“အု . . . အား”

ဆိုတဲ့ အော်သံတွေ၊ မာန်သွင်းသံတွေ ဆူညံနေပေမယ့် တကယ်မထိုးတတ်သော ခေတ်သစ်က သူလုပ်တဲ့ပုံစံအတိုင်း ခြေ မြှောက်လျှင် ခြေမြှောက်၊ ခေါင်းငုံ့ပြီး ကိုယ်ကို တစ်ပတ်လှည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လှည့်နှင့် တကယ်ထိုးရတာထက်ပင် ပင်ပန်းသေးသည်။

တစ်ကြိမ်တွင်မတော့ . . .

"ယား. . ."

"ခွပ်"

နောက်က အော်သံနဲ့အတူ သူ့ခြေဖျားက ခေတ်သစ် မေး

ဖျားဆီ တန်းတန်းမတ်မတ်ဝင်သွားတော့၏။

အရှိန်သိပ်မပြင်းပေမယ့် နှုတ်ခမ်းနား ထိသွားတာမို့ လက်

တစ်ဖက်နဲ့ဖိပြီး ခေတ်သစ် နောက်ကိုလန်သွားသည်။

"ဟာ. . ."

"အမယ်လေး . . . သေပါပြီ"

"Ok ...Ok ကဲ"

သူ့ရဲ့အာမေဋိတ်သံအဆုံး ကောင်မလေးတစ်ယောက်ရဲ့

စိုးရိမ်တကြီး အထိတ်တလန့်အော်သံလေး ထွက်လာသည်။ အဲ့ဒီ

နောက်မှာတော့ ဒါရိုက်တာရဲ့အသံ။





သူ ပူထူပြီး ဘာလုပ်ရမှန်းမသိဘဲ ကြောင်နေမိ၏။

"မင်းသား . . မင်းသားကို ထိသွားပြီ၊ လုပ်ပါဦး"

ခုနလို စူးစူးနစ်နစ် အော်လိုက်သံလေးအဆုံးမှာ သူ

ခေတ်သစ်ဆီ ပြေးသွားမိသည်။

"ခေတ်သစ်၊ ဆောရီးကွာ . . . တကယ် မတော်တဆပါ"

ခေတ်သစ်က နှုတ်ခမ်းထောင့်မှာ စွန်းပေနေသည့်သွေးစ

တွေကို သုတ်ရင်း ထလာသည်။

"ရတယ် တမန်၊ ကိစ္စမရှိဘူး"

ဘယ်လိုပြောပြော တမန် စိတ်မကောင်းနိုင်ပါ။ အဖွဲ့သား

အားလုံး ရုတ်တရက် တိတ်ဆိတ်သွားတာကိုက တမန့်အတွက်

အနေရ ခက်သွားစေသည်။

"အမှန်က ငါ ပင့်ကန်လိုက်တာကို မင်း ရှောင်ရမှာ၊ သိပ်

နာနေလား"

"ရတယ် တမန်၊ ဘာမှမဖြစ်ဘူးဆိုမှကွာ၊ ရတယ်၊ အေး



www.burmeseclassic.com

www.burmeseclassic.com



ဆေး၊ ဒီလိုမတော်တဆက ဖြစ်တတ်တယ်"

"နည်းနည်းတော့ ယောင်သွားတယ် မင်းသားရေ၊ ဆေ

ခန်းပြမှုဖြစ်မယ်၊ တော်ကြာ အနာက အယောင်မလျော့

ရင် ရိုက်ရက်တွေ ပျက်ကုန်မယ်"

"ရပါတယ်၊ အိမ်ပြန်ရောက်မှ ဆေးသောက်မယ်"

ခေတ်သစ်ကလည်း ခေါင်းမာသည်။ ဒါပေမဲ့ သူ သိပ်

အပေအတေ အကြမ်းအတမ်း မခံနိုင်တာ တမန် ကောင်းကောင်း

သိ၏။

"သူ ဆက်ရိုက်လို့ မရတော့ဘူး ထင်တယ်"

တမန့်စကားအဆုံး ဒါရိုက်တာက ခေါင်းညိတ်၏။

"ရတယ်၊ ရတယ်၊ ခုနအထိ ရိုက်လိုက်နိုင်တာပဲ တော်ပြီ

တကယ်ကြည့်ကောင်းတယ်ဗျ၊ မင်းသားသာ မထိဘူးဆို

ရင် အဲဒါလေး နှစ်ကွက်လောက် လိုချင်သေးတာ"

တွဲဖက်ဒါရိုက်တာ ကိုစိုးလေးစကားကြောင့် သူ မချိပြုံး





ပြုံးရင်း ခေတ်သစ်ကို လှမ်းကြည့်လိုက်မိသည်။

"ကဲ . . . ကဲ၊ မင်းသား ပြန်လို့ရပါပြီ၊ အိမ်မှာ အေးအေး

ဆေးဆေး ပြန်နားလိုက်တော့"

တမန် အဝတ်အစားတွေပင် မလဲနိုင်။ ခေတ်သစ်ကို ခေါ်

ပြီး ချက်ချင်း ကားဆီကို လျှောက်လာမိသည်။

ပစ္စည်းပစ္စယတွေနှင့် ခေတ်သစ် အဝတ်အစားတွေလည်း

ကောင်လေးတွေ သိမ်းဆည်းထုပ်ပိုးတဲ့အထိ မစောင့်နိုင်ဘဲ ကိုယ်

တိုင် သိမ်းဆည်းပြီး ကားပေါ်တင်လိုက်သည်။

"တမန် . . နေ . . . နေ၊ ဘယ်ရောက်သွားလဲ ကိုသက်၊

ကိုသက် သိမ်းလိမ့်မယ်"

ခေတ်သစ်က ပြောပြောဆိုဆို ကားနားလျှောက်လာ

သည်။

"ခေတ်သစ်"

ရုတ်တရက် ပြေးဝင်ခေါ်လိုက်သောအသံကြောင့် တမန်



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ခေတ်သစ်ပါ လှည့်ကြည့်လိုက်မိသည်။

ရှပ်ကော်လာပါသော အကျႌနက်ပြာကွက်နှင့် ဂျင်းပင်[illegible] အပြာကို ဝတ်ထားသော ကောင်မလေးတစ်ယောက်ကို ဆံပင်[illegible] ဖားလျားဖြန့်ရက်ပုံနှင့် တွေ့လိုက်ရသည်။

ခေတ်သစ်က ဇဝေဇဝါ ခပ်ငေးငေး ကြည့်နေပေမယ့် တမန်ကတော့ မြင်မြင်ချင်း မှတ်မိလိုက်ပါသည်။

"ခေတ်သစ် . . . ခုန ထိသွားတာ တော်တော်နာမှာပဲ နော်၊ မိုင် စိတ်မကောင်းလိုက်တာ၊ မိုင် လာကြည့်မိတာ မှားတာပဲ၊ အဲလို ခေတ်သစ် ဒဏ်ရာအနာတရ ဖြစ်သွား မယ်မှန်းသိရင် မိုင် ဒီအထိ တကူးတက လိုက်မကြည့်ဘူး သိလား၊ ခုတော့ . . ."

စကားအဆုံးမှာ တမန့်ဆီ မျက်စောင်းလှမ်းထိုးသည်။ တမန် ခေါင်းငုံ့ထားပေမယ့် သူမ လှုပ်ရှားတာအားလုံး မြင်လိုက် ရသည်။





"ရပါတယ်၊ အခုလို သတင်းမေးဖော်ရတဲ့အတွက် ကျေး ဇူးတင်ပါတယ် မိုင်၊ ကျွန်တော့်ပရိသတ်တစ်ယောက်က ကျွန်တော့် . . . တစ်ခုခုဖြစ်သွားတာ ဘယ်မြင်ရက်ပါ့မလဲ နော်"

ခေတ်သစ်က မင်းသားပီပီ လိုက်လျောညီထွေ စကားချို ချိုလေးတွေလည်း ပြောတတ်ပါပေသည်။

ဒါပေမဲ့ မိုင်ဆိုသော ရုပ်ရှင်ရူး ဗီဒီယိုရူး ကောင်မလေး ကိုတော့ တိတိပပ မှတ်မိပုံ မပေါ်ပါ။

"အင်းပေါ့ ခေတ်သစ်ရဲ့၊ ခုဆို ခေတ်သစ် ခုလိုဖြစ်သွား တာ မိုင်က အိမ်ရောက်ရင် ပြန်ပြောမယ်၊ အဲဒီအခါ မိုင့်အဒေါ်တွေ၊ သူငယ်ချင်းတွေအားလုံး စုတ်တသပ်သပ် နဲ့ ဖြစ်ကြတော့မှာ၊ မတော်တဆကလည်း ဖြစ်မှဖြစ်တတ် တယ်နော်၊ နမော်နမဲ့လုပ်တာ အရေးမကြီးဘူး၊ ခံရတဲ့လူ အတွက် ဘယ်သက်သာမလဲ၊ ဘာမဟုတ်တဲ့လူအတွက်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်က အလုပ်ပျက်ရဦးမယ်"

ဒီတစ်ခါ သူမစကားတွေက တမန့်ဘက် မြားဦးလှည့်လာတာမို့ ခေတ်သစ် ကြားထဲက အားတုံ့အားနာဖြစ်သွားရသည်။

"အခုဟာက ကျွန်တော့်အမှားကြောင့် ဖြစ်ရတာပါ၊ သူမှာ အပြစ်မရှိပါဘူး"

"ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုလုပ်တာ ထိန်းထိန်းသိမ်းသိမ်းပေါ့၊ သရုပ်ဆောင်ပါတယ်ဆိုမှပဲ"

လူတတ်ကြီးလုပ်ပြီး ပြောနေသော မိုင့်ကိုကြည့်ပြီး တမန်ရယ်ချင်နေမိသည်။ ခေတ်သစ်ကတော့ စိတ်ရှုပ်နေသလို ခပ်ညည်းညည်းလေသံနှင့် ရယ်နေပြီ။

"ဒါနဲ့ မိုင်က reporter လားဟင်၊ ကျွန်တော့်ရိုက်ကွင်းအနှံ့ လိုက်တယ်နော်"

သူမကို စပ်စုလေကြောရှည်နေတာကြောင့် တမင်မေးလိုက်သော ခေတ်သစ်စကားအဆုံး . . .





"အို . . . မဟုတ်ပါဘူး၊ မိုင်က ဝါသနာပါလို့ လိုက်ကြည့်တာ၊ ဘယ်က သတင်းထောက်လုပ်ရမှာလဲ"

ဟု ခပ်ပြုံးပြုံး ဆိုလေသည်။ ထို့နောက် တစ်စုံတစ်ခု သတိရသွားသလို အိတ်ထဲမှ စာရွက်လေး ထုတ်လိုက်ကာ . . .

"ဒီမှာ မိုင့်ဖုန်းနံပါတ်နဲ့ လိပ်စာ၊ ခေတ်သစ် အခုပြန်တော့နော်၊ ဆေးခန်းလေး ဘာလေးလည်း ပြဦး"

ခေတ်သစ်က လှမ်းယူပြီး ခေါင်းညိတ်တော့ စိတ်ကျေနပ်စွာ ပြုံးနေသည်။

တကယ့်အာဂကောင်မလေးပါ။ တမန့်ကိုတော့ လူတစ်ယောက်ဟုပင် အသိအမှတ်မပြုသည့်ပုံ။

"ဒါဆို ကျွန်တော့်ဖုန်းနံပါတ်နဲ့ လိပ်စာလည်း ပြန်ပေးမှထင်တယ်"

"ရပါတယ်၊ မိုင့်ဆီမှာ ရှိပြီးသား၊ မင်းသား မင်းသမီးတွေရဲ့ . . . ဖုန်းနံပါတ်၊ လိပ်စာ၊ မွေးနေ့ကအစ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းထားတာ"

"အဲဒါကြောင့် ပြောတာ၊ သတင်းထောက်လုပ်ပါလို့"

"ဟင့်အင်း၊ မိုင်က မင်းသမီးလုပ်မှာ"

"အဲဒါဆို ဆုတောင်းပေးပါတယ်ဗျာ၊ မိုင်ဖြစ်ချင်တဲ့ ရုပ်ရှင်မင်းသမီး အမြန်ဆုံးဖြစ်ပါစေ၊ ကဲ . . . သွားပြီနော်"

"ဟုတ်ကဲ့"

သူ့ကို မကြည်ကြည့်နှင့် ကြည့်တတ်ပေမယ့် ခေတ်သစ်နှင့်တော့ စကားတွေ ရွှန်းရွှန်းဝေအောင် ဆိုတတ်သည့် မိုင့်ကို တမန့်ရင်ထဲ မှတ်မှတ်ထင်ထင်ဖြစ်မိတာ နှစ်ခါရှိပြီ။

သွက်သွက်လက်လက်ကလေးနှင့် ကလေးဆန်စွာ ချစ်စဖွယ် စကားဆိုတတ်သော ကောင်မလေးပုံစံက အမြင်ကပ်စရာမကောင်းဘဲ တစ်မျိုးလေး ချစ်ခင်နှစ်လိုဖွယ်ကောင်းနေတာ ဘယ်လိုမှ မငြင်းနိုင်ပါ။

"တမန် ငြိမ်လှချည်လားကွ၊ စိတ်မကောင်းဖြစ်နေတာ





လား"

"ဟင် . . ."

အတွေးလွန်နေရာက ရုတ်တရက် သတိဝင်ပြီး ကြောင်တောင်တောင် လှည့်ကြည့်တော့ ခေတ်သစ်က သဘောကျစွာ အော်ရယ်သည်။

"ဟား ဟား ဟား. . . ဘာတွေ ဒီလောက်တွေးနေတာလဲ တမန်ရာ၊ မဟုတ်မှလွဲရော ခုနတစ်ယောက်အကြောင်း စဉ်းစားခန်းဖွင့်နေတာပဲ ဖြစ်မယ်"

သူ မလုံမလဲ ရှက်ပြုံး ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။

"မင်းကို သိပ်မကြည်ဘူးနော်၊ အသားလွတ် ဝင်ကောနေတာ၊ ငါ မနည်းထိန်းရတယ်"

"အားလည်း မနာတတ်ဘူးကွ၊ သူ့ပုံစံက ပွင့်ပွင့်လင်းလင်း ဒဲ့တိုးကြီး ပြောချတာ၊ ဒါပေမဲ့ ငါ စိတ်မဆိုးပါဘူး၊ သူပြောတာ အမှားမှမပါဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား တမန်ရယ်၊ မင်းကြည့်ရတာ ကောင်မလေးကို ကြွေနေတဲ့ပုံပဲ"

"ဟာ . . . အဲလိုမဟုတ်ပါဘူး"

သူ ပျာပျာသလဲငြင်းတော့ ခေတ်သစ်က အော်ရယ်သည်။

"မညာတတ်ဘဲနဲ့ ညာနေပြန်ပြီ တမန်၊ ငါ မသိဘူး မှတ်နေလား၊ မင်း သူ့ကိုပဲ တစ်ချိန်လုံး ငေးနေတာ၊ ကြိုက်ရင် လိုက်ကွာ၊ ဖြစ်နိုင်တယ်၊ ဟိုက ရုပ်ရှင်မင်းသမီး ဖြစ်ချင်နေတာ"

သူ ခေါင်းတွေ ကုပ်ဖွပြီး ရယ်နေလိုက်သည်။ ခေတ်သစ် ပြောသလိုလုပ်ဖို့လည်း အမှန်တော့ သတ္တိမရှိပါ။

ကိုယ့်ဘာသာ နေတာတောင် ရန်တွေ့ခံနေရတာ မသက်သာ။ သူ့ကိုများ ချစ်နေတယ်ဆိုလျှင် မျက်လုံးပြူးပြူး၊ နှုတ်ခမ်းချွန်ချွန်လေးနှင့် ဘယ်လောက် စွေ့စွေ့ခုန် ရန်တွေ့ဦးမလဲ မသိ။

ခေတ်သစ် အိမ်ရှေ့ရောက်တဲ့အထိ သူမအကြောင်းတွေပဲ တမန် နှုတ်ဆိတ်ငြိမ်သက်စွာ တွေးလာမိတာ။ ခေတ်သစ်ကားပေါ်က ဆင်းသွားတဲ့အထိ ဘာမှပင် မမှာလိုက်ရတော့ချေ။





ခေတ်သစ် ထိုင်သွားတဲ့နေရာမှာ စက္ကူလေးတစ်ရွက် ကျကျန်ခဲ့တာမို့ ကောက်ကြည့်လိုက်တော့ မိုင်ရဲ့ ဖုန်းနံပါတ်နှင့် လိပ်စာ ရေးပေးထားတဲ့ စာရွက်လေး ဖြစ်နေတာ တွေ့လိုက်ရလေသည်။ သူမက အလေးအနက် သဘောထားပြီး ပေးခဲ့ပေမယ့် ခေတ်သစ်က အမှုမဲ့ အမှတ်မဲ့ ပစ်ထားခဲ့သောကြောင့် သူ စိတ်မကောင်းဖြစ်သွားရသည်။

စာရွက်လေးကို အမြတ်တနိုးလေး ကောက်ယူပြီး သိမ်းထားလိုက်မိသည်။

တမန့်နားထဲမှာ မိုင်က မင်းသမီးလုပ်မှာဆိုတဲ့ သူမအသံလေးကို ပြန်ကြားယောင်မိသည့်ခဏ ချစ်စဖွယ်မျက်နှာလေးကို ဖျတ်ခနဲတွေ့ရသလို ခံစားလိုက်ရလေသည်။

▼▼▼



www.bumeseclassic.com

www.burmeseclassic.com

# အခန်း(၅)

အလုပ်ကအပြန် လွယ်နေကျအိတ်လေးကို စလွယ်သိုင်းရင်း လက်ထဲမှာ ထမင်းချိုင့်ထည့်သည့် ခြင်းတောင်းအပြာလေးကို ဆွဲကာ မိုင် တစ်လှမ်းချင်း လျှောက်လာမိသည်။

အခုတလော သူမစိတ်က အလုပ်ထဲမှာ မရှိချေ။ ဟိုသင်တန်း သွားတက်ရကောင်းနိုးနိုး၊ ဒီအလုပ် သွားပြောင်းလျှောက်ရကောင်းနိုးနိုးနှင့် စိတ်လေနေမိသည်။



www.bumeseclassic.com

www.burmeseclassic.com



တစ်ခါတလေများ စဉ်းစားမိသည်။

မော်ဒယ်လ်သင်တန်းများ တက်ခွင့်ရလျှင် ဘယ်လောက်

ကောင်းမလဲပေါ့။ နာမည်ကြီး cosmestic ပစ္စည်းတွေ ပရိုမိုးရှင်း

လုပ်သည့်ပွဲတွေမှာ အကောင်းစား စပွန်ဆာတွေနှင့် လှလှပပလေး

ဝတ်စားပြီး ရှိုးပွဲလျှောက်၊ အဲဒီကတဆင့် ကြော်ငြာတွေ ရိုက်၊ VCD

သရုပ်ဆောင်။ ပြီးတော့ မင်းသမီးဖြစ်။ အခုလို ပင်ပင်ပန်းပန်း

အလုပ်လုပ်စရာမလို။

အစကတော့ ယခုလုပ်နေသည့် မုန့်ဆိုင်မှာ အသည်း

အသန် အလုပ်လုပ်ချင်ခဲ့တာ မိုင်ကိုယ်တိုင်ပဲဖြစ်သည်။

ထို့ကြောင့် ကိတ်မုန့်ဖုတ်တာ၊ ပေါင်မုန့်ဖုတ်တာတွေ

တကူးတကသင်ပြီး အလုပ်ရအောင် မနည်းကြိုးစားခဲ့ရတာ။

ခုတော့ မုန့်လည်း မဖုတ်ချင်တော့။ တစ်နေ့တစ်နေ့ ဂျုံ

တွေ နယ်ရတာ၊ မုန့်စပ်ရတာ၊ မုန့်ဖုတ်ရတာတွေ စိတ်ကုန်လာ

သည်။ ယခင်က မွှေးကြိုင်လွန်းသည်ဟု ထင်ထားခဲ့သော မုန့်နံ့





တွေကို ခု နည်းနည်းမှ မရှုချင်တော့အောင် ညည်းငွေ့လာသည်။

မိုင် တွေးမိလေလေ ကိုယ့်ဘဝကိုယ် စိတ်ပျက်လာလေ

လေ ဖြစ်လာသည်။ လေးလွှာမှာရှိသည့် တိုက်ခန်းဆီသို့ တစ်ချက်

မော့ကြည့်ရင်း မောင်မည်းမည်း ခပ်ကျဉ်းကျဉ်း လှေခါးတွေကို

နင်းကျော်တက်ရမှာပင် စိတ်မပါချင်တော့ပေ။

စိတ်မပါလို့လည်း မရ။ တစ်ကိုယ်လုံး အိုက်စပ်ညောင်းခွေ

နေကာ ကိုယ့်အိမ်ရောက်မှ အေးအေးဆေးဆေး နားလို့ရမည်။

မီးလာနေလျှင် ခွေလေး ဘာလေးကြည့်ပြီး ပင်ပန်းသမျှတွေကို

ဖြေဖျောက်နိုင်သေးသည်။

အခန်းတံခါးကို တွန်းဖွင့်တာနှင့် မိုင်မိုင်ရေ လကုန်တော့

မယ်၊ မီတာစာရွက်လာတော့မယ်၊ ရေသန့်ဘူး လဲရဦးမယ်၊ ဆန်

အိတ် မှာလိုက်ရတော့မလား အစရှိတဲ့ အသံတွေကို ရင်မောဖွယ်

ကြားရဦးမည်။

ဒေါ်လေးနဲ့ မိုင် နှစ်ယောက်တည်းသာရှိသည့် အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက မိုင်ရဲ့ဝေယျာဝစ္စတွေ လုပ်ရုံ၊ အိမ်မှုကိစ္စတွေနှင့် ချက် ပြုတ်လျှော်ဖွပ်နေရုံသာဖြစ်ပြီး တစ်လတစ်လ ဝင်ငွေရအောင် ကျတော့ အရွယ်ရောက်နေပြီဖြစ်တဲ့ မိုင့်တာဝန်သာ ဖြစ်သည်။

မိဘရယ်လို့ မှီခိုအားကိုးရာမရှိတဲ့ မိုင့်ဘဝမှာ ဒေါ်လေ သာ မိုင့်အဖေ မိုင့်အမေ။ ဆွေမျိုးသားချင်း အရင်းအချာမရှိသည် ဒေါ်လေးအတွက်လည်း မိုင့်ကိုသာ သမီးရင်းကလေးလို မှီခို အား ထားရာ ဖြစ်နေသည်။

"ဟယ်. . . မိုင် ပြန်လာပြီ"

အခန်းထဲ ရောက်ရောက်ချင်း လှမ်းအော်လိုက်သေ အသံကြောင့် မိုင် အားရဝမ်းသာ မော့ကြည့်လိုက်တော့ အခ ထောင့်က ခုံမှာ အကျအနထိုင်ပြီး မဂ္ဂဇင်းစာအုပ် ဖတ်နေသည် ပန်းသစ္စာကို တွေ့လိုက်ရသည်။

"အံမယ် . . . ရွှေမင်းသမီး ဘယ်တုန်းက ရောက်နေ

"ညနေကတည်းက ရောက်နေတာ၊ နင် တက်လာ





ဒေါ်လေးနဲ့ မတွေ့ခဲ့ဘူးလား"

"မတွေ့ပါဘူး၊ ဒေါ်လေး ဘယ်သွားလို့လဲ"

"ရေတင်တာ မရလို့ မော်တာပြင်ဖို့လူ သွားခေါ်တယ်"

"ဒုက္ခပဲ၊ အဲဒီမော်တာက ပျက်ရပြန်ပြီ၊ ရေ, ဘာနဲ့သွား ချိုးမလဲ၊ ဒီမှာ ချွေးတွေနဲ့ အိုက်စပ်လာတာ"

မိုင်က ညည်းညည်းညူညူလေး ပြောပြီး အိတ်တွေ၊ ခြင်း တွေ သွားထားသည်။

"နင်က ရေမချိုးရလို့ ညည်း၊ ဒေါ်လေးကလည်း ပန်းကန် တွေ ဆေးဖို့ ပုံနေလို့တဲ့၊ သွားတာ ကြာလှပြီ၊ ခုထိ မလာ သေးဘူး၊ ဧကန္တ အပျိုကြီးတစ်ယောက် လိုက်ပြေးပြီ ထင် တယ်"

ပန်းသစ္စာက သူ့စကားသူ သဘောကျပြီး ရယ်နေသည်။ မိုင် ဘာမှပြန်မပြောဘဲ သူမမျက်နှာနုနုလေးကို ငေးကြည့်နေမိ၏။ ကျောင်းတက်နေတုန်းက ပုံစံနှင့် ဘာမှမဆိုင်တော့အောင် ကွဲခြ



www.burmeseclassic.com

www.burmeseclassic.com



လှပနေသော ပန်းသစ္စာပုံစံလေးကို ကြည့်ပြီး အားကျစိတ်တွေက ရင်ထဲမှာ တဖွားဖွား ဖြစ်ပေါ်လာသည်။ ဝတ်စားထားတာတွေက လည်း သိပ်အဖိုးတန်ကြီး မဟုတ်ပေမယ့် လှလှပပ ပွဲတိုးတာလေး တွေ ဖြစ်ပြီး ပန်းသစ္စာ စီးလာသော ဖိနပ်ကအစ နိုင်ငံခြားဖြစ် သောင်းကျော်တန် ခွာမြင့်ရှူးလေး ဖြစ်သည်။

"ဟဲ့ . . . မိုင်၊ ငေးနေလိုက်တာ၊ ဘာလဲ၊ ငါ ပိုလှနေလို့ လား"

"အစစ်ပဲ ပန်းသစ္စာရယ်၊ နင့်ကိုကြည့်ရတာ အမြဲလန်းနေ တာပဲ၊ အလုပ်တွေ အဆင်ပြေနေတယ်ပေါ့၊ ဟုတ်လား"

မိုင့်စကားအဆုံး ပန်းသစ္စာက ဆံပင်စင်းဖြောင့်ဖြောင့် လေးတွေကို ဘယ်ညာတစ်ချက် ဝဲခါပြီး တသိမ့်သိမ့် ရယ်မောနေ ၏။

"ငါ့အလုပ်က ပိုက်ဆံဘယ်လောက်ရလို့လဲ မိုင်ရယ်၊ နင် သိတဲ့အတိုင်း ရတာကတော်တော်၊ ကုန်ပေါက်က ခပ်များ





များ၊ တစ်ပတ်တစ်ခါလောက် ပိုက်ဆံက ရှာကြံထွက်နေ တာ၊ ခုပဲ ကြည့်၊ ငါ့ဖုန်းက ဒီလကုန်ရင် ကတ်အသစ် လဲရတော့မယ်၊ ဒီရက်ထဲ အလုပ်က ဘာမှမည်မည်ရရ ရှိတာမဟုတ်ဘူး၊ ငါ့ကို အားမကျစမ်းပါနဲ့ သူငယ်ချင်း ရယ်၊ အိမ်ကလည်း ငါ့ကို ဆူလှပြီ၊ ဘာပိုက်ဆံမှမရဘဲ အလကား ယောင်ခြောက်ဆယ်လုပ်နေလို့တဲ့၊ နိုင်ငံခြား ရောက်နေတဲ့ အငယ်ကောင်တစ်ယောက် ထိန်းနေလို့ အိမ်စရိတ်တွေ၊ အမေ့ဆေးဖိုးတွေအတွက် မပူရတာ၊ ငါ့ကိုသာ အားကိုးရင် သွားပြီ"

မိုင် ပြောစရာ ဘာမှမကျန်အောင် သူကချည်း ညည်းပြ သွားတာကို ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

"နင်ပဲ ညည်းနေတော့နော်၊ ငါ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ ဘာပဲဖြစ်ဖြစ် ငါက နင့်လိုဖြစ်ချင်တာ"

မိုင့်စကားကြောင့် ပန်းသစ္စာက မျက်လုံးလေး ပြူးရင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ဘတ်သူ ဖိပြသည်။

"ဘုရားရေ . . . မိုင်၊ နင်က ငါ့လိုဖြစ်ချင်တယ် ဟုတ် လား"

"အင်းပေါ့. . . ဘာမှ ပင်ပင်ပန်းပန်း အလုပ်မလုပ်ရဘဲ ပိုက်ဆံရတယ်၊ လှတပတလေးလည်း ဝတ်ရစားရတယ် ပြီးတော့ မင်းသား မင်းသမီးတွေလည်း စုံအောင် သိကျွမ်း ခင်မင်ရနဲ့ ဘယ်လောက်ပျော်စရာကောင်းလဲ"

"ဒါက နင့်အထင်လေ မိုင်ရယ်၊ ငါ့အလုပ်က ပုံမှန်လည်း မရှိဘူး၊ လာခေါ်မှ ရိုက်ရတာ၊ ပြီးတော့ ငါတို့က မပါ မဖြစ် သရုပ်ဆောင်တွေမှ မဟုတ်တာဟယ်၊ ဒါတောင် မမတာကို ပြောထားလို့၊ ဟိုနေရာလေး ထည့်သုံးပေး၊ ဒီနေရာလေး ထည့်သုံးပေးနဲ့ အဆင်ပြေတာ"

"အဲ . . . နင့် မမတာကို ပြောပေးပါလား ပန်းသစ္စာရယ်၊ ငါလည်း အဖွဲ့ထဲ လိုက်ချင်တယ်၊ ပိုက်ဆံမရလည်း နေပါ





ဟာ၊ သရုပ်ဆောင်ရရင် ပြီးရော"

"အမယ်လေး . . . ရူးပါ့ မိုင်မိုင်ရယ်၊ ညည်းမလဲ တစ်နေ့ တစ်နေ့ ဒါပဲ ရူးနေ၊ ဟွန်း . . . မပြောချင်တော့ဘူး၊ ဘယ့်နှယ့် . . . ကိုယ်နဲ့ အပ်စပ်လား၊ မအပ်စပ်လား မတွေးဘူး၊ ဖြစ်ချင်တာပဲ သိတယ်"

စကားအဆုံး ဝင်ပြောလိုက်သော ဒေါ်လေးအသံကြောင့် မိုင့်မျက်နှာလေး ညှိုကျသွားသည်။

"ဒေါ်လေးကလည်း ဘာမှန်းမသိဘူး၊ မိုင်လည်း ဖြစ်ချင်တာ ပြောကြည့်တာပဲ၊ ဘာလဲ . . . တစ်သက်လုံး မိုင်က ဒီမုန့်တွေပဲ ဖုတ်နေရတော့မှာလား၊ လူဆိုတာ ရည်မှန်းချက်နဲ့ ဝါသနာနဲ့ ရှိကြတာ၊ မဖြစ်ဘူးလို့ ဘယ်သူအတတ် ပြောမလဲ"

"အံမယ်! ဝါသနာနဲ့ ရည်မှန်းချက်နဲ့ ဟုတ်လား၊ စကား လုံးတွေက ကြီးမားလှချည်လားအေ၊ ငါတို့လည်း ငယ်



www.burmeseclassic.com

www.burmeseclassic.com



ငယ်က အမျိုးမျိုး ရှူးတာပဲ၊ ကိုယ်နဲ့ အကြောင်းမတိုက်ဆိုင်တော့ ဘယ်မှာလာဖြစ်လဲ၊ ညည်းက မုန့်မဖုတ်ချင်ဘူးဆိုတော့ ဘာလုပ်ချင်လဲ၊ အာလူးပဲ ဖုတ်ချင်တာလား၊ မပြောလိုက်ချင်ဘူး"

ဒေါ်လေးရဲ့ မဲ့မဲ့ရွဲ့ရွဲ့စကားအဆုံး မိုင် နှုတ်ခမ်းလေး စူပြီး ပွစိပွစိနှင့် ခပ်တိုးတိုးရေရွတ်နေသည်။

"ပြောလိုက်ရင် ဆူဖို့ ပွမ်ဖို့ပဲ၊ ပန်းသစ္စာ . . . ငါတော့ မင်းသမီးဖြစ်အောင်ကို လုပ်မှာ သိလား၊ ခုနေ ဖြတ်လျှောက်မကလို့ ဘာကြီးပဲဖြစ်ဖြစ် လူလိုရင် ငါ့ကိုလာခေါ်၊ သိလား"

မိုင်နှင့်ဒေါ်လေးတို့ရဲ့ အတိုက်အခံစကားတွေကို တစ်လှည့်စီ နားထောင်ရင်း ပန်းသစ္စာက အယောင်ယောင် အမှားမှားပုံစံလေးနှင့် ခေါင်းညိတ်သည်။

မိုင်ကလည်း မိုင်ပါပဲ။

---





ဘာမဆို လုပ်ချင်လာရင် ဖွတ်တရွတ် ဆုံးဖြတ်တာ ငယ်ငယ်ကတည်းက အကျင့်ဖြစ်နေပြီ။ ဟိုတုန်းကတည်းက မိဘမဲ့ တူမလေးမို့ အလိုလိုက်ခဲ့ရသည့် အဒေါ်ဖြစ်သူမှာ ဆူသာဆူရပေမယ့် တကယ်တမ်း မိုင့်ကို အလျှော့ပေးရတာချည်းပင်။

"ဒေါ်လေးပြောတာ မှားသလား သမီးရယ်၊ သမီးပဲ စဉ်းစားကြည့်၊ သရုပ်ဆောင်လုပ်တယ်ဆိုတာ လွယ်တာ မှတ်လို့၊ အဝတ်အစား အသုံးအဆောင်ကအစ ပြည့်ပြည့်စုံစုံ ရှိပြီး ဘာအလုပ်မှ လုပ်စရာမလိုလောက်အောင် ကျောထောက်နောက်ခံကလည်း ရှိဦးမှ၊ ဝါသနာပါလို့ အတင်းဝင်လုပ်တယ်ပဲထား၊ အတတ်ပညာ ပါရမီက ရှိဦးမှ၊ ပြီးတော့ အဆက်အသွယ်နဲ့ဘာနဲ့၊ ရုပ်လှတိုင်း ဖြစ်မလား"

ဒေါ်လေးစကားတွေက မှန်နေသည်မို့ ပန်းသစ္စာက ခေါင်းလေး တညိတ်ညိတ် လုပ်နေပေမယ့် မိုင်က နှုတ်ခမ်းကို အစွမ်းကုန် စူပုပ်ထော်လန်ထား၏။

---



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . . ကြည့်ထား၊ မိုင်တို့ကလည်း အုတ်မရှိလို့ မြို့
မတည်သေးတာ၊ မင်းသမီးဖြစ်အောင်ကို လုပ်ပြီးမှာ၊
ကိုယ်ပိုင်ဘစ္စမ်းအစနဲ့ ကြိုးစားလို့ နာမည်ကြီးသွားတဲ့
မင်းသမီးတွေ တစ်ပုံကြီး၊ နော် . . . ပန်းသစ္စာ"

"အင်း . . . ဟုတ်တာပေါ့"

ပန်းသစ္စာက တက်တက်ကြွကြွ ခေါင်းညိတ်တော့ ဒေါ်လေးက ဖျတ်ခနဲ မဲ့သည်။ ဆက်ပြီး ပြောချင်ပေမယ့် မော်တာပြင်ရန် ခေါ်ထားသည့်လူ ရောက်လာသည့်အတွက် စကားဝိုင်းထဲမှ ခွာသွားတော့၏။

ဒေါ်လေး နောက်ကျောပြင်ကို ကြည့်ပြီး မိုင်က နှာခေါင်းရှုံ့ပြသည်။

"အပျိုကြီးတွေများ သိပ်ပစိပစပ်များတယ်၊ သိလား၊ ငါက
လည်း အဲလိုတွေ လိုက်ပိတ်ပြောလေ၊ မရမက လုပ်ချင်
လေပဲ"





"နင့်ပိုးကလည်း မသေးပါလား မိုင်ရယ်၊ ငါက နင့်လောက်
ဝါသနာပါတာမဟုတ်ဘူး၊ ကျောင်းပြီးခါစ အလုပ်မရှိဘဲ
ယောင်နေတုန်း မမတာနဲ့ခင်ပြီး အရုံအဖွဲ့ထဲ ရောက်
သွားတာ၊ ဒီတစ်ခါကြုံရင် နင့်ကို မမတာနဲ့ မိတ်ဆက်
ပေးမယ်၊ သူက အရမ်းသဘောကောင်းတယ်၊ စည်းကမ်း
လည်း ကြီးတယ်"

ပန်းသစ္စာစကားကြောင့် မိုင် သဘောကျသွားသည်။

"တကယ်နော်၊ ငါ့ကို တကယ်ပြောပေးရမယ်"

"အေးပါဟဲ့၊ နင်က ဒီလောက်လှတာ၊ ငါဆို အရုံတောင်
မလုပ်ခိုင်းဘူး၊ တစ်ခါတည်း မင်းသမီး တင်ရိုက်ပစ်လိုက်
မှာ"

"အဟီး . . . ငါလှတာ သိသားပဲ၊ နင်က အနုပညာအလုပ်
လုပ်နေလို့လား မသိဘူး၊ မြင်တတ်တယ်နော်"

"ဒါပေါ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းသစ္စာစကားကြောင့် မိုင် တဟီးဟီးနှင့် အူမြူးနေမိသည်။ ရှူးတယ်ပဲ ဆိုဆို၊ ပေါတယ်ပဲ ပြောပြော၊ အနုပညာနှင့် ပတ်သက်လျှင် မိုင်က အဲလောက် အရှူးအမူးဖြစ်သည်။

မိုင့်ကို လှတယ်လို့ ယောင်လို့ပင် မဆိုလိုက်နှင့်။ အဲဒီအလှက မင်းသမီးလုပ်ဖို့ တစ်ခုတည်းအတွက်ဟု ဦးနှောက်ထဲ စွဲမြဲသွားတော့သည်။ ထို့ကြောင့်လည်း မိုင်က ဘယ်လိုလူကိုမှ သူ့အလှနှင့် တန်တယ်မထင်တာမို့ ခုချိန်ထိ ရည်းစားလည်း မရသေးချေ။

♥ ♥ ♥



## အခန်း(၆)

"စောင့်နေရတာကြာပြီလား အစ်ကို"

"ဟာ . . . မကြာသေးပါဘူး မင်းသားရယ်၊ လွန်ခဲ့တဲ့ ဆယ်မိနစ်လောက်ကပါပဲ၊ ဘာပဲဖြစ်ဖြစ် ခုလို အိမ်မှာ အေးအေးဆေးဆေး တွေ့ခွင့်ရတာပဲ ကျေနပ်ပါပြီ"

အင်တာဗျူးလုပ်မည့် အစီအစဉ်က လွန်ခဲ့သည့် နှစ်ပတ်လောက်ကတည်းက ကြိုပြီး ဒိတ်လုပ်ခဲ့တာမို့ ခေတ်သစ်အတွက်



www.bumeseclassic.com

www.burmeseclassic.com



အဆင်ပြေမည့်ရက်ကို ရွေးချယ်နိုင်ခဲ့လေသည်။

အခုလာတာက အပတ်စဉ်ထွက်နေကျ ဂျာနယ်အတွက် မဟုတ်ဘဲ မဂ္ဂဇင်းဆောင်းပါးမို့ ခါတ်ပုံကိစ္စတွေပါ ပါသည်။

"အအေးသောက်ပါဦး အစ်ကို၊ အစ်မရောပဲနော်"

နာမည်ကြီးအနုပညာမဂ္ဂဇင်းမှ သတင်းထောက် ကိုဝေလင်းနှင့် မဒေစီတို့မှာ ခေတ်သစ်ရဲ့ ရင်းနှီးနွေးထွေးသော ဖော်ရွေမှုကို စိတ်ထဲမှကျိတ်၍ ချီးကျူးအသိအမှတ်ပြုလိုက်မိသည်။

"ကျေးဇူးပဲနော်၊ ဒါနဲ့ အလုပ်ကိစ္စ မဟုတ်တာလေး တစ်ခု စပ်စုရဦးမယ်၊ ဒီအိမ်မှာ မင်းသားက မိသားစုနဲ့ အတူနေတာလား"

"ဪ . . . မဟုတ်ဘူးခင်ဗျ၊ ဒါ ကျွန်တော်နဲ့ ကျွန်တော့် သူငယ်ချင်းတွေ နေတာ၊ ကျွန်တော့်သူငယ်ချင်းဆိုတာ လည်း တစ်ယောက်တည်းပါ၊ သူလည်း သူ့အိမ်မှာ ပျင်းရိ ညည်းငွေ့နေတဲ့အခါမျိုး၊ ပြီးတော့ ကျွန်တော့်အတွက်





လည်း အလုပ်တွေ ပါးတဲ့ရက်မျိုးပေ့ါ၊ အဲဒီအခါ ကျွန်တော်တို့ ဒီမှာ လွတ်လွတ်လပ်လပ် လာနေကြတာပေ့ါ နော်၊ အခု ဒီမှာတွေ့ဖို့ စီစဉ်တာလည်း အေးအေးဆေးဆေး စကားပြောလို့ရအောင်ပါ"

ခေတ်သစ်စကားအဆုံး ဝေလင်းမျက်နှာက ပြုံးသွားသည်။ အဖော်လိုက်လာပေးသော မဒေစီက အထွေအထူးမေးဖို့ မရှိပေမယ့် တော်ရုံအသေးအဖွဲလေးတွေကျ မြင်တတ်တာမို့ အမိပွာယ်ပါပါ လှမ်းကြည့်ရင်း . . .

"ဒါနဲ့ . . . မောင်လေးရဲ့ သူငယ်ချင်းဆိုတာကရော ဘယ်သူလေးလဲ မသိဘူးနော်"

မဒေစီမေးခွန်းကြောင့် ခေတ်သစ်မျက်နှာက အနည်းငယ် ရှက်ရွံ့နီမြန်းသွားကာ . . .

"ဪ . . . ဒီလိုပါ၊ ကျွန်တော့်သူငယ်ချင်းဆိုတာ တခြား ဘာညာမဟုတ်ပါဘူး၊ အဲလိုမျိုးလည်း မရှိပါဘူး၊ ဒါက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်ပါ၊ ကျွန်တော် နဲ့ ငယ်သူငယ်ချင်းလည်းဖြစ်တဲ့ တမန်နဲ့အတူ လာ တာပါ၊ အခုတောင် သူ့ကို ကျွန်တော် ခေါ်ထားသေး တယ်"

ဟု ပျာပျာသလဲ ပြန်ပြောလေသည်။

"ဪ . . . ဟုတ်လား၊ ကဲ . . . ကိုဝေလင်းရေ ဟို ဒီမေးနဲ့ လိုရင်းပျောက်နေပြီ၊ မင်းသားကို သေသေချာချာ လေး အင်တာဗျူးပါတော့"

သည်တော့မှပဲ ခေတ်သစ် သက်ပြင်းချနိုင်တော့သည်။ သူ့အလုပ်ကလည်း မလွယ်လှချေ။ တော်ရုံ အစ်အောက် မေးမြန်း လာတာလောက်ကို လိမ္မာပါးနပ်စွာ ရှောင်တတ်ဖို့လည်း လိုသေး သည်။

ဒီလိုမေးလာပုံမျိုးနှင့် သူ့နေရာမှာ တမန်သာဆို ရှက် ပွထူပြီး ပြဿနာတွေ တက်ကုန်လောက်သည်။





ကိုဝေလင်းက အသင့်ယူလာတဲ့ recorder လေး ဖွင့်ပြီး မေးခွန်းတွေ စဖို့ ပြင်တော့၏။

"ကဲ . . . အခု စမေးမှာက ပြီးခဲ့တဲ့အပတ်က ဒါရိုက်တာ ဖော်လတ်နိုင်နဲ့ ရိုက်တဲ့ဇာတ်ကားအကြောင်းပေါ့၊ အဲဒီ ဇာတ်ကားမှာ ညီလေး အရင်က လုပ်ခဲ့တဲ့ ဇာတ်ရုပ်တွေ နဲ့ လုံးဝမတူဘူးလို့ သိရတယ်၊ ဘယ်လိုမတူတာလဲ၊ အဲဒါ လေးနဲ့ ပတ်သက်ပြီး နည်းနည်းပြောပြပါလား"

"အင်း . . . အရင်လုပ်ခဲ့တဲ့ ဇာတ်ရုပ်တွေနဲ့ မတူဘူးဆို တာ ဒီလိုပါ၊ အရင်က ဖန်စီတွေပဲ အရိုက်များခဲ့တာလေ၊ လူငယ်ဆန်ဆန် အချစ်ဇာတ်လမ်း ပေါ့ပေါ့ပါးပါးလေး တွေပေါ့၊ ဒရမ်မာဆိုရင်လည်း မိဘမေတ္တာဖွဲ့ ဇာတ်လမ်း မျိုးတွေပေါ့၊ အခု ဒီဇာတ်ကားကျတော့ ဘယ်လိုပြော မလဲ၊ လုံးဝ အပေအတေပေါ့နော်၊ ဇာတ်လမ်းတစ်ခုလုံး နီးနီး လူဆိုးလူမိုက်ပုံစံနဲ့ သရုပ်ဆောင်ရတယ်၊ အရင်က



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မလုပ်ခဲ့ဖူးတဲ့ ဇာတ်ရုပ်ပေါ့၊ လုပ်ခဲ့ဖူးတာက လည်း နည်းနည်းဂျစ်ကန်ကန်လောက်ပဲလေ၊ ခုဟာကျ တော့ နာကြည်းချက်တွေ၊ မကျေနပ်ချက်တွေနဲ့ လောက ကြီးကို အရွဲ့တိုက်၊ ပတ်ဝန်းကျင်နဲ့ အဆင်မပြေတဲ့ လူ တစ်ယောက်ရဲ့ ကာရိုက်တာကို သရုပ်ဆောင်ရတာပေါ့"

"အဲဒီမှာ အရင်နဲ့ မတူတော့တဲ့အတွက် အခက်အခဲရော ရှိလား၊ ခေတ်သစ်ရဲ့ ခံစားချက်ကရော"

"ဒါကတော့ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ဆေးစက် ကျရာ အရုပ်ထင်ရတာပါပဲ အစ်ကို၊ အခက်အခဲကတော့ ဒီဇာတ်ကားမှ မဟုတ်ပါဘူး၊ အရင်ဇာတ်ကားတွေရော၊ သူ့ဟာသူ ရှိကြတာပါပဲ၊ ကျွန်တော့်အနေနဲ့ကတော့ ကိုယ်မလုပ်ချင်တဲ့ ဇာတ်ရုပ်ဆိုရင် အတင်းစိတ်နှစ်ပြီး မလုပ်ဘူး၊ ဒီဇာတ်ကိုလည်း . . မရိုက်ခင်ကတည်းက ကိုဇော်လတ်က ယူလာပြတယ်လေ၊ ကျွန်တော့်ပုံစံနဲ့ သိပ်





မလိုက်ဘူးလို့ ထင်ရပေမယ့် တကယ်တမ်း ကျွန်တော် လုပ်နိုင်ခဲ့တယ်၊ ကျွန်တော်က ဘာကို စိုးရိမ်လဲဆိုတော့ အချစ်ဇာတ်လမ်းတွေမှာပဲ ကျွန်တော့်ဇာတ်ရုပ် ခေါက် ရိုးကျိုးသွားမှာပေါ့နော်၊ အဲလိုမျိုးတော့ မဖြစ်စေချင်ပါ ဘူး၊ ဒါကြောင့် မလုပ်ဖူးတဲ့ ကာရိုက်တာတွေဆို စိတ်ဝင် စားပါတယ်"

"ဟုတ်ပါပြီ၊ ခုတလော မင်းသားတွေ ကာရိုက်တာပေါင်း စုံနဲ့ ရိုက်နေကြတယ်၊ ဟာသတွေရောပဲ၊ ပြီးတော့ ခပ် ဆန်းဆန်း ဇာတ်ကောင်ပေါ့နော်၊ မိန်းမလျာလိုမျိုးပေါ့၊ ခေတ်သစ်ကရော အဲဒါမျိုး စိတ်ဝင်စားလား"

မေးခွန်းအဆုံး ခေတ်သစ်က ခပ်ဟဟ ရယ်လိုက်ပြီး ခဏ စဉ်းစားသယောင်ပြုကာ . . .

"အဲဒါတော့ ကျွန်တော့်အနေနဲ့ ဇာတ်လမ်းကို သေသေ ချာချာ စိစစ်ရွေးချယ်ရမှာပေါ့နော်၊ မိန်းမလျာဇာတ်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မလုပ်ဖူးပါဘူး၊ တစ်ခါ ရန်ပုံငွေပွဲအတွက် ဖြ ဇာတ်,ကတုန်းက မိန်းကလေးလို ဝတ်ဖူးတယ်၊ မ တတ်ဘူးပေါ့"

ဟု ပြန်ဖြေလေသည်။ ထိုအချိန်မှာပင် တမန် ရောက်လာ တော့၏။ ခေတ်သစ်ကို အင်တာဗျူးနေတာမို့ တမန်က အလိုက် တသိပင် အနီးမှာမထိုင်ဘဲ ခပ်လှမ်းလှမ်းမှာ စာသွားဖတ်နေ၏။

ခေတ်သစ်ကို မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးနေတာ ကြောင့် သူ နှုတ်ဆက်ဖို့ပင် အချိန်မရချေ။ အတော်လေး အချိန် ကြာလာတော့မှ ခေတ်သစ်က သူ့ကိုလှမ်းခေါ်သည်။

"ဒီမှာလာထိုင်လေ တမန်"

"ရပါတယ်၊ မင်း အလုပ်သာ အေးအေးဆေးဆေး ဆက် လုပ်ပါ"

"ဟာ . . . ရပါတယ် လုပ်မနေနဲ့၊ ဒီမှာ မင်းနဲ့ မိတ်ဆက် ပေးမလို့၊ အစ်ကို . . . ဒါ ကျွန်တော်ပြောနေတဲ့ သူငယ်





ချင်း တမန်ဆိုတာ"

"သြော်. . ."

ဒီတော့မှ အင်တာဗျူးနေကြသည့် သတင်းထောက်နှစ် ယောက်လုံး သူ့ကို လှည့်ကြည့် ပြုံးပြကြသည်။

သူလည်း တသီးတခြားနေလို့မကောင်းတတ်တာမို့ ခေတ် သစ်ဘေးနား ဝင်ထိုင်ပြီး နှုတ်ဆက်လိုက်ရ၏။

"ခုန ရိုက်ကွင်းအမှတ်တရဆိုလို့ တစ်ခုပြောဖို့ မေ့နေတာ အစ်ကို"

ခေတ်သစ်စကားအဆုံး ကိုဝေလင်းက . . .

"ဟုတ်လား . . . ပြောပါဦး"

ဟု ဆို၏။ ခေတ်သစ်က ရိုက်ကွင်းမှာ လူကြမ်းသရုပ် ဆောင်တစ်ဦး မလာသောကြောင့် တမန့်ကို အကူအညီတောင်း ရပုံနှင့် မတော်တဆထိခိုက်မိသည့်ကိစ္စကို အမှတ်တရကိစ္စတစ်ခု အနေနှင့် ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက တကယ်မှတ်မှတ်ရရပဲ၊ တမန်ကလည်း တစ်ခါမှ အဲလိုတွေ လုပ်ဖူးတာ မဟုတ်ဘူး၊ ကျွန်တော် ဇွတ်အတင်း အကူအညီတောင်းလို့ ဖြစ်သွားတော့ သူလည်း တော်တော်အံ့ဩလန့်ဖျတ်သွားတယ်ဗျ"

ခေတ်သစ်က စကားပြောရင်း ရယ်နေသည်။

"ဒါဆို အဲဒီဇာတ်ကားမှာ ဒီက ညီလေးလည်း ဝင်သရုပ်ဆောင်ပေးထားတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို၊ လူကြမ်းသရုပ်ဆောင်အနေနဲ့ပါ"

တမန့်ကိုယ်စား ခေတ်သစ်က ဝင်ဖြေသည်။ တမန်ကတော့ ဘာကိုရှက်မှန်းမသိ ရှက်ရွံ့ကာ အနေရ ခက်နေတော့၏။

လူကြမ်းသရုပ်ဆောင်ဟု ပြောလိုက်သောကြောင့် နှစ်ယောက်လုံး စိတ်ဝင်စားမှု သိပ်မရှိတော့သည့်ပုံစံ ဖြစ်သွားကာ မင်းသားဖြစ်သည့် ခေတ်သစ်ကိုသာ မေးခွန်းအမျိုးမျိုး ရှာဖွေ မေးမြန်းတော့သည်။





အချိန်ကြာတော့မှ ခေတ်သစ်ဘေးနားမှာ ငုတ်တုတ်ထိုင်ပေးနေရသည့် တမန့်ကို အားနာမိသလိုရှိကာ . . .

"ညီလေးကရော သရုပ်ဆောင်လုပ်ဖို့အစီအစဉ်ရှိလား"

ဟု တစ်ချက်မေးလေသည်။ ထိုအခါ တမန်က ခေါင်းခါပြ၍ အစီအစဉ်မရှိပါဘူးဟုဖြေရန် ပြင်နေစဉ် ခေတ်သစ်က ဝင်၍ ဖြေလိုက်သည်မှာ တားချိန်ပင် မရလိုက်တော့။

"ဟာ . . . ရှိတာပေါ့၊ အခု ဒီဇာတ်ကားမှာ အမှတ်မထင်ပါလိုက်တယ်ဆိုပေမယ့် အကြောင်းတိုက်ဆိုင်လို့ ဖြစ်သွားတာလေ၊ ဒါ ကျွန်တော့်သူငယ်ချင်းရဲ့ ပထမဆုံးခြေလှမ်းပေါ့၊ နောက်ဆို ကျွန်တော်နဲ့တွဲပြီး ဇာတ်လမ်းတွေ အများကြီးရိုက်ဖို့ ရှိသေးတယ်၊ အဲဒီသတင်းလေးပါ မဖြစ်မနေထည့်ပေးပါ အစ်ကို"

ခေတ်သစ်စကားကြောင့် တမန် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားရသည်။ ဘာပြောရမှန်းမသိ ကြောင်နေရာမှ သတိဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ ရှင်းပြရန် စကားစလိုက်သည်။

"ဟို. . . အဲ. . . အဲဒါက ဒီလိုပါ၊ ကျွန်တော်က ဒီအလုပ် ကို ဝါသနာ . . . "

"အဟဲ . . . သူက သရုပ်ဆောင် ဝါသနာပါတယ်၊ ကျွန် တော့်လိုပဲ ကျရာဇာတ်ရုပ်ကို ပီပြင်အောင် လုပ်နိုင်တယ် သူ တစ်နေ့ ဖြစ်ကိုဖြစ်လာမှာ၊ ကျွန်တော် သူ့ကိုယုံကြည် တယ်"

"ဟာ. . . ခေတ်သစ်"

တမန် တစ်စုံတစ်ခုရှင်းပြရန် အရှိန်ယူလိုက်စဉ်မှာပင် သတင်းထောက် ကိုဝေလင်းက . . .

"ကဲ . . . အဲဒါဆို ကိုယ်တို့ ဓာတ်ပုံရိုက်ရအောင်"

ဟု ဆိုလာသည်။

"ကောင်းတာပေါ့၊ ကျွန်တော့်သူငယ်ချင်းနဲ့ပါ အမှတ်တ ဖြစ်သွားအောင် တစ်ခါတည်းရိုက်ပေးနော်"





"ကောင်းပါပြီဗျာ၊ ဒါနဲ့ မင်းသားတစ်ယောက်တည်း ပုံ လည်း လေးငါးပုံ ရိုက်ယူမယ်နော်၊ အဝတ်အစား လဲဦး မလား"

"အဝတ်အစားတော့ မလဲတော့ဘူး၊ ဓာတ်ပုံကတော့ အမှတ်တရနဲ့ လွတ်လွတ်လပ်လပ်ပုံတွေချည်းပဲ ဖြစ်စေ ချင်တယ်"

ခေတ်သစ်စကားအဆုံး ကိုဝေလင်းက သူ့ကင်မရာနှင့် ဓာတ်ပုံတွေ အမျိုးမျိုးရိုက်ယူသည်။

ခေတ်သစ်တစ်ယောက်တည်းပုံတွေ၊ ပြီးတော့ တမန်နှင့် တွဲရက်တစ်ပုံ။ တမန် ရှက်လွန်း၍ မျက်နှာတစ်ပြင်လုံး ထူအန်း နေရသည်။

ရယ်မလို ငိုမလို မျက်နှာကြီးနှင့် ဓာတ်ပုံအရိုက်ခံတော့ သတင်းထောက်အမျိုးသမီးမျက်နှာက ပြုံးစေ့စေ့ဖြစ်နေသည်။

အားလုံးပြီးသွား၍ နှစ်ယောက်လုံး ပြန်ကြတော့မှ တမန်



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချနိုင်တော့သည်။

"ခေတ်သစ်"

"ဘာလဲ"

"ငါက လူရှေ့သူရှေ့ အားနာလို့ မပြောတာကို မင်းက ကောင်းကောင်းအသုံးချပြီး ငါ့ကိုဒုက္ခပေးတယ်ပေါ့ ဟုတ်လား"

"ဟ . . . ဒါ ဒုက္ခပေးတာမှ မဟုတ်ဘဲ၊ ဒါ ကိုယ့်သူငယ်ချင်းကို မြှောက်စားတာ"

"တော်စမ်းပါ၊ ဒါ မြှောက်စားတာလား၊ သေလိုက်ပါတော့ကွာ၊ ဟိုက သတင်းထဲ လျှာရှည်ပြီး လျှောက်ထည့်ရင် သက်သက် လူသိဦးမယ်၊ ဟုတ်တာလည်းမဟုတ်ဘဲ ငါ့ကို လူကြမ်းဖြစ်အောင် မင်း လုပ်တယ်"

"အဲဒါဘာဖြစ်လဲ၊ မေ့သွားတယ်၊ အိပ်မက်တမန်ရုပ်ရှင်ထုတ်လုပ်ရေးက အသစ်တင်မယ့် မင်းသားလို့ မိတ်ဆက်





ပေးလိုက်ရမှာ"

ခေတ်သစ်က သူ့စိတ်ကူးနှင့် သူ တက်တက်ကြွကြွ ထပြောသည်။

"အရှူး. . . မင်းပဲလုပ်၊ ငါ့ကိုလာပြီး မဟုတ်တဲ့လမ်းပေါ်လာတင်နေတယ်"

တမန်ကလည်း ဘယ်လိုပြောပြော လုံးဝမခံ။

"ဒါ လူတိုင်းဖြစ်ချင်လို့ မဖြစ်ဘူးတမန်၊ မင်း သိလား၊ မင်းမှာ ပါရမီပါလာရင် ဖြစ်ကိုဖြစ်ဦးမှာ"

"သေတောင်မလုပ်ဘူး၊ မှတ်ထား"

"ဟား ဟား. . . အပြောမကြီးနဲ့၊ မဖြစ်ဖြစ်အောင် ငါ လုပ်ပြမယ်"

"သွား. . . သေလိုက်လေ"

ခေတ်သစ်က ရယ်မောနေရင်းမှ စကားပြန်ပြောရန် ပြင်လိုက်စဉ်မှာပင် သူ့ဖုန်းလေးက Ringtone သံလေး မြည်လာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"Please တမန်၊ ဖုန်းနားထောင်ပေး၊ ဘယ်သူမှန်းမသိ လို့"

ခေတ်သစ်က Display မှာ သူမသိသော ဖုန်းနံပါတ် တွေ့ရလျှင် ဘယ်တော့မှ ကိုင်လေ့မရှိတာမို့ တမန်ပဲ ကိုင်လိုက်ရသည်။

"ဟဲလို. . . ပြောပါ"

"ခေတ်သစ်လားဟင်"

တစ်ဖက်မှမေးခွန်းအဆုံး သူ ခေတ်သစ်မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"ဘယ်သူလဲ မသိဘူး၊ ကျွန်တော်က ခေတ်သစ် မဟုတ်ဘူး"

"မိုင်ပါ၊ သူ့ရဲ့ပရိသတ် ဆိုပါတော့"

စပီကာဖွင့်ထားသောကြောင့် ခေတ်သစ်ပါ အတိုင်းသား





ကြားရသည်။ မိုင်ဆိုသောကြောင့် တမန့်ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားမိပြန်၏။

"ပြော . . . ပြောပါ၊ သူ့ကိုဘာပြောပေးရမလဲ"

"သူနဲ့စကားပြောချင်တယ်၊ ခေါ်ပေးလို့ရမလားဟင်"

သူ ခေတ်သစ်မျက်နှာကို နောက်တစ်ကြိမ် လှမ်းမေ့ကြည့်တော့ ခေတ်သစ်က နှာခေါင်းတစ်ချက်ရှုံ့ရင်း ပုခုံးတွန့်ပြသည်။

တမန် စိတ်မကောင်းဖြစ်မိပေမယ့် မတတ်နိုင်ပါ။

"ခေတ်သစ် မရှိဘူး မိုင်၊ သူ့ဖုန်းက ကျွန်တော့်ဆီမှာ ကျန်ခဲ့တာ၊ ကျွန်တော် ဘာပြောပေးရမလဲ"

"ရှင်က ဘယ်သူလဲဟင်"

"ကျွန်တော့်နာမည် တမန်ပါ၊ ခေတ်သစ်ရဲ့ သူငယ်ချင်းပေါ့၊ ဟိုတစ်ခါ သန်လျင်မှာ ကျွန်တော်တို့ ဆုံဖူးတယ်လေ"

သူ စကားထပ်မပြောနိုင်ခင်မှာပင် တစ်ဖက်က ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချသွားသည်။

"ဟဲလို. . . မိုင်. . . ဟဲလို"

ဖုန်းချသွားမှန်း သိပေမယ့် အသည်းအသန် လိုက်ခေါ်နေသောသူ့ကို ခေတ်သစ်က ငေးကြည့်နေသည်။

"ဖုန်းချသွားတယ်ကွာ၊ ဘာမှတောင် မပြောလိုက်ရသေးဘူး၊ မင်းက ဘာလို့ မပြောတာလဲ၊ ပင်ပန်းတာမှ မဟုတ်ဘဲ"

"ငါမှမပြောချင်တာ"

"ဒါဆို ဘာလို့ ဖုန်းနံပါတ် ပေးခဲ့တာလဲ"

"အဲဒီတုန်းကတော့ ဘာရယ်မဟုတ်ဘူး၊ ပေးလိုက်တာပဲ၊ အခု ပြောမှမပြောချင်တာ"

"နောက်ထပ် ဆက်ရင်ရော"

"အစုဆက်တဲ့ ဖုန်းနံပါတ်ကို Black list လုပ်ထားမှာပေါ့"





"မင်း တော်တော်မကောင်းတာပဲ"

"အံမာ. . . ငါ့ကိုများ ဝေဖန်နိုပ်ကွပ်လား၊ ဘာလားနဲ့၊ အရင်က ဒီလိုမဟုတ်ပါဘူး၊ ဘာလဲ၊ အဲဒီ မိုင်ဆိုတဲ့တစ်ယောက်ကို မင်း စိတ်ဝင်စားနေတာလား"

"ဘာမှမဆိုင်ဘူး၊ မင်းလုပ်တာ မတရားလို့ ပြောနေတာ"

တမန့်စကားအဆုံး ခေတ်သစ်က တဟားဟားအော်ရယ်သည်။

"ဒါကတော့ကွာ၊ ကြိုက်ရင်တော့ အီလိုက်မှာပေါ့၊ အခုဟာက စိတ်မှမဝင်စားတာ၊ အသာခေါက်ထားတာပေါ့၊ အဲလိုမှမလုပ်ရင် ဇယားတွေရှုပ်ပြီး ငါ အသက်တိုလိမ့်မယ်"

"နေပါဦး၊ ခုန အင်တာဗျူးမှာ မင်းရည်းစားကိစ္စတွေချည်းပဲ လှိမ့်မေးနေတာ၊ အဲဒါ ဘာသဘောလဲ၊ မင်းကလည်း ဟိုလိုလို ဒီလိုလို ဝေ့လည်ကြောင်ပတ်တွေ လျှောက်ဖြေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သပွတ်အူလည်နေတာပဲ"

"ဟဲ ဟဲ . . . အဲဒါ အထာလေကွာ၊ ပရိသတ်က ငါ့

ရည်းစားရှိ မရှိ၊ ဘယ်တော့လက်ထပ်မှာလဲ၊ ဘာညာတွေ

တအားစိတ်ဝင်စားတာကိုး၊ သူတို့က အဲဒီသတင်းကို

တစ်စွန်းတစ်စလေးဖြစ်ဖြစ် သိချင်ကြတာ၊ ငါက ဟိုလို

လိုဒီလိုလိုတွေ ဖြေပေးတော့. . . သူတို့ဖွလို့ရတာပေါ့၊

အနည်းဆုံးတော့ ငါလက်ထပ်မှာ ဘယ်လိုမျိုးလဲဆိုတာ

ပေါ့၊ အဲဒါကိုမှန်းပြီး ဟိုလူလိုလိုဒီလူလိုလို ထင်ကြေးပေး

ကြမှာပေါ့"

ခေတ်သစ်စကားတွေ နားထောင်ပြီး သူ ကြားထဲက မော

မောနေမိသည်။ ဟိုတလောကလည်း Miss X'mas ရသွားတဲ့

ကောင်မလေးနှင့် ကြော်ငြာတစ်ခု တွဲရိုက်ပြီး ဘာလိုလို ဇာတ်လမ်း

လေးတွေ ဖြစ်ကြသေးသည်။

သူ့ကို မေးလိုက်တိုင်း စိတ်မဝင်စားသေးပါဘူး။ အပေါ်





ပါဟု ခပ်ပေါ့ပေါ့ ဖြေတတ်သည်ကိုလည်း သူ ဒေါသထွက်မိ၏။

သူ သတိပေးတိုင်း ရယ်ရယ်မောမောနှင့် ဂရုမစိုက်သလို

နေတတ်သည့်ခေတ်သစ်က နာမည်ထိခိုက်လာမှာတော့ အထူးပင်

စိုးရိမ်နေသေးသည်။

နောက်ဆုံး ဘာညာတွေ ရှောင်ဖို့ဖြစ်လာတော့ မိုင်တို့

လို တမ်းတမ်းစွဲ ဖြစ်ကြသည့် ပရိသတ်တွေကို အရောတဝင် မလုပ်

ရဲဘဲ ရှောင်ရတဲ့အထိ ဖြစ်ကုန်သည်။

ဘာပဲဖြစ်ဖြစ် ခေတ်သစ် အဲလိုလုပ်တာ ထုံးစံလို ဖြစ်တာ

အကြောင်းမဟုတ်၊ ကြားထဲက တမန်က သူ့မအတွက်စိတ်မကောင်း

ဖြစ်ပေးနေမိသည်။

မိုင်ကတော့ တမန်ဆိုတာနှင့် အသံမကြားချင်လောက်

အောင် နားခါးနေသတဲ့လေ။

အဲလောက်အထိကို မုန်းတာတဲ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

"အဲ . . . အဲဒီနားမှာပေါ့၊ သီလား ချော၊ ငါ အဲ့နားမှာ ရှိတယ်၊ ဒေါ်လေး တွေ့လား၊ အခုစကားပြောနေတဲ့ လူ နောက်နားမှာလေ"

မိုင်က တီဗွီကို လက်ညှိုးထိုးပြရင်း အတင်းကုန်းအော်သည်။ သူ့ဘေးမှာ ထိုင်နေသည့်မိချောလည်း အငြိမ်မနေရ။ ပေါင်ကို ဖျတ်ခနဲ ပိတ်ရိုက်လိုက်၊ လက်မောင်းကို ထုလိုက်နှင့် မိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ထင်တိုင်းကြနေတော့၏။

"အဲတော် . . . နည်းနည်းလေး လိုသွားတာ၊ ညာဘက်

ကို နည်းနည်းချိန်လိုက်ရင် ငါပါသွားပြီ သိလား၊ ငါက

အဲဒီနားမှာ မတ်တပ်ရပ်နေတာလေ"

"အမယ်လေး မိုင်မိုင်ရယ်၊ ညည်းဟာက ကိုယ်တိုင် ဝင်

သရုပ်ဆောင်ရတာလည်း မဟုတ်၊ ဘေးမှာ ရှိုးတိုးရှိပ်

တိတ်လေးတောင် မပါရဘဲ အသည်းအသန် ကြွားနေ

တော့တာ၊ ကြွားရတာ နားကြားပြင်းကပ်လိုက်တာအော်

တော်ပါတော့၊ ခွေကို အေးအေးဆေးဆေး ကြည့်ပါရစေ"

"ဒေါ်လေးကလည်း . . . သိအောင်လည်း ပြောပြရသေး၊

အဲဒီအခန်းရိုက်တုန်းက မိုင် သန်လျင်ထိ တကူးတက

သွားကြည့်ရတာ"

"ဟုတ်ပါ့ ဒေါ်လေးကလည်း၊ မိုင့်ကို နှယ်နှယ်ရရ မမှတ်

နဲ့"





မျက်နှာချင်းဆိုင်အခန်းက မိချောက မိုင့်ဘက်က ကူ

ပြောပေးသလိုလိုနှင့် ဝင်ခနဲ့သည်။ ဒါလည်း မိုင်က ဂရုမစိုက်။

"ဟယ် . . . ကြည့်စမ်း၊ ဟိုလူ ဟိုလူ . . . အဲဒီလူပေါ့၊

ခေတ်သစ်ကို ထိုးတာ၊ သွေးတောင်ထွက်တယ်"

မိုင်က နေကြာစေ့တွေ တဖျောက်ဖျောက်ဝါးနေရင်းမှ

အတင်းထအော်ပြန်သည်။

"ဟဲ့ . . . မိုင်မိုင်၊ ရူးများနေသလား၊ ဒါ ဇာတ်ကြမ်းပဲ၊

ထိုးတာနက်တာတော့ ပါမှာပေါ့၊ ညည်းပဲ အဲဒါကို အပြင်

မှာ သွားကြည့်လာတာ မဟုတ်လား၊ ဘာကိစ္စ ဆွေ့ဆွေ့

ခုန်နေရတာလဲ"

"ဒေါ်လေး မသိဘူးနော်၊ ဒေါ်လေးမသိဘူး၊ သူက ခေတ်

သစ်ကို အဟုတ်ထိုးတာ"

"ဟာ . . . ဒုက္ခပဲ၊ မိုင်ကလည်း ဒါ သရုပ်ဆောင်နေတာ

ပဲဟာ၊ ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိချောနှင့် ဒေါ်လေးက မိုင့်ကို အရူးကြည့်သလို ကြည့်ပြီး ဝိုင်းမာန်မဲနေကြသည်။

"ဟုတ်ပဲ့၊ ဒီမှာတော့ အဟုတ်ထိုးသလိုပေါ့၊ တကယ်ထိ တာမှ မဟုတ်ဘဲ၊ မိရွှေမိုင် . . . ညည်းကိုက သည်းလွန်း တယ်၊ ငါတို့လည်း မင်းသား အနှိုပ်စက်ခံရရင် သနား တာပါပဲ၊ ဒါပေမဲ့ ဒါ တကယ်မှမဟုတ်တာ၊ သိသိကြီးနဲ့ ဘာအရူးထပြီး အော်ဟစ်နေရမှာလဲ"

ဒေါ်လေးစကားအဆုံး မိုင်က ရှပ်အင်္ကျီလက်ရှည်ပွပွ ကြီးကို လက်မောင်းကနေ ဖျတ်ခနဲ ဆွဲတင်လိုက်ပြီး . . .

"ဒေါ်လေးက ဘာသိလို့လဲ၊ အဲဒီအခန်းမှာ ဟိုလူက ခေတ်သစ်ကို တကယ်ထိုးမိသွားတာ၊ မိုင် မြင်လိုက်တာ၊ ခေတ်သစ် နှုတ်ခမ်းကွဲသွားတယ်"

"ဟင် . . . တကယ်"

ထိုအခါကျမှ မိချောရော၊ ဒေါ်လေးပါ ရင်ဘတ်တွေ ဖိ





ပြီး အံ့အားသင့်ကုန်ကြတော့၏။

"တကယ်လား . . . မိုင်မိုင် တကယ်ဖြစ်တာလားဟင်"

"တကယ်ပေါ့၊ ဟိုလူ အဲဒီအသားမည်းမည်း အရပ်ရှည် ရှည်နဲ့လူ ထိုးတာ"

"ဘယ်. . . ဘယ်သူလဲ. . . ပြစမ်း၊ အမယ်လေး. . . ငါ စိတ်မကောင်းလိုက်တာ"

ဒေါ်လေးစကားအဆုံး မိုင် remode လေး ကောက်ကိုင် ပြီး တမန့်ရုပ်ပေါ်အလာမှာ Pause ဖမ်းထားလိုက်သည်။

"အဲဒီလူပေါ့"

နှုတ်ကလည်း မကျေမနပ် ဆောင့်အင့်အင့် ပြောလိုက် သေး၏။

မိချောနှင့် ဒေါ်လေးမှာ တမန့်ကို အတင်းပြူးပြဲ စိုက် ကြည့်ကြတော့သည်။

"အဲဒါ လူကြမ်းလား မိုင်မိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ လူကြမ်းမို့ မင်းသားနဲ့ ထိုးရတာပေါ့"

"ချောတယ်နော်၊ မျက်ခုံး မျက်လုံးတွေက နက်မှောင်ပြီး တအားကြည့်ကောင်းတယ်"

"အေး . . . ဟုတ်ပါရဲ့၊ မုတ်ဆိတ်တွေ၊ ပါးပြိုင်းတွေ ခပ် ရေးရေးနဲ့ ရုပ်က ချောသားဟဲ့"

မိချောစကားကို ဒေါ်လေးက ရာခိုင်နှုန်းပြည့် ထောက်ခံ လေသည်။

"ဘာပြောတယ်"

"ဩော် . . . လူကြမ်းသာ ပြောတယ်၊ ချောသားလို့"

ဒေါ်လေးစကားကြောင့် မိုင်က မျက်နှာကို မဲ့ရွဲ့စူပုပ်ပစ် လိုက်ရင်း သူ့ရင်ဘတ်သူ ဟန်ပါပါဖိကာ . . .

"အမယ်လေး . . . အံ့ဩပါ့ ဒေါ်လေးရယ်၊ ဒီရုပ်ကြီးကို များ ချောတယ်တဲ့၊ ဒီလောက်ကြမ်းတဲ့ရုပ်ကို"

"ဒါ ရုပ်ကြမ်းတာမဟုတ်ဘူး မိုင်ရဲ့၊ ယောကျ်ားပီသတာ၊





အရပ်အမောင်းလည်း ကောင်းတယ်၊ ဘယ်လောက် ကြည့်ကောင်းလဲ၊ အဲဒါမျိုးမှ ရှယ်"

"ဟယ် . . . ကြည့်စမ်း ချော၊ နင်ကပါ အဲဒီအပေအတေ ရုပ်ကြမ်းကြီးကို ကြိုက်နေတယ်၊ ဟုတ်လား"

မိုင်က ပစ်ပစ်ခါခါ မဲ့ရွဲ့ပြောရင်း မိချောကို မျက်စောင်း လှမ်းရွယ်သည်။

မိချောကလည်း အားကျမခံပါပေ။

"ဘာအပေအတေလဲ၊ မိုင် မကြိုက်တိုင်း အဲလိုမပြောပါ နဲ့၊ ဘယ်သူ့ခေါ်မေးမေး ချောတယ်ပြောမှာပဲ၊ ဒီလောက် ချောတဲ့သန့်တဲ့ရုပ်ကို"

"ဟွန်း . . . ဒါကြီးကို ကြဲဖန်ကြိုက်ကြတယ်၊ ဘာချော တာလဲ၊ မချောလို့ လူကြမ်းလုပ်ရတာပေါ့ဟဲ့၊ သူ့ရုပ်မျိုး မင်းသားလုပ်လို့ရမလား၊ အာဖရိကတိုက်မှာ သွားလုပ်မှ ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ. . . ရုပ်ချောပြီး မင်းသား မလုပ်တဲ့လူတွေ
တစ်ပုံကြီး၊ ရုပ်မချောဘဲ မင်းသားဖြစ်တာတွေလည်း
တစ်ပုံကြီး၊ နော်. . . ဒေါ်လေး"

မိချောက ဒေါ်လေးကို စစ်ကူလှမ်းတောင်းတော့သည်။

"အေး. . . ဟုတ်တယ်၊ မိချောပြောတာ မှန်တယ်၊ ဒီ
ကောင်လေးက မင်းသားလုပ်ရင် ရတယ်"

"တွေ့လား၊ ဒေါ်လေးတောင် အမှန်မြင်တတ်တယ်၊ မိုင်
က သူ့ကို လူကြမ်းသရုပ်ဆောင်လို့ မြင်နေလို့၊ မင်းသား
လို့ မြင်ကြည့်ပါလား၊ ချောသွားမှာပဲ"

ဘယ်လိုပြောပြော မိုင်က မျက်စိစုံမှိတ် ခေါင်းခါငြင်း
သည်။

"မသိဘူး၊ အဲဒီရုပ်မျိုးကို ခံစားလို့ကို မရတာ"

မိုင့်ကို ဘယ်လိုပြောပြော ရမှာမဟုတ်တာမို့ အားလုံး
လက်လျှော့လိုက်ကြသည်။ ဒါတောင် မိုင်က မကျေနပ်သေးဘဲ





ထပ်ပြောလိုက်လေသည်။

"မုန်းဖို့ကောင်းတဲ့ ရုပ်"တဲ့။

အမှန်တော့ ခေတ်သစ်ကို ဒဏ်ရာအနာတရဖြစ်အောင်
လုပ်တယ်ဆိုပြီး မကျေနပ်ဖြစ်တာပါ။ တကယ့်ရင်ထဲမှာ မုန်း မမုန်း
ဆိုတာတော့ . . .။ ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

အလုပ်ထဲမှာပဲ အာရုံစူးစိုက်နေရင်း အခန်းတံခါးခေါက်သံ ကြားတာတောင် လှည့်မကြည့်နိုင်။

သူ့အခန်းက လုံးဝအသံလုံတာမို့ တော်ရုံနဲ့လည်း မကြားရချေ။ နောက်ထပ် တံခါးထုသံ တဝုန်းဝုန်း ပေါ်လာတော့မှ သူနေရာက ကမန်းကတန်း ထရလေသည်။

အခန်းတံခါးဖွင့်လိုက်တော့ အခန်းဝမှာ ရပ်နေတာ သူ့



www.bumeseclassic.com

www.burmeseclassic.com



ထင်သလို ဟိုလူရှုပ်ကလေး ခေတ်သစ်မဟုတ်ဘဲ ,တမန့်ရဲ့မေမေ ဒေါ်မေခင်ကြည်ပြာဖြစ်နေတာ တွေ့လိုက်ရသည်။

တမန် တကယ့်ကို ကြောက်ရွံ့အားနာသွားရသည်။

"ဟာ . . . မေမေ၊ သားလေ ခေတ်သစ်ထင်နေတာ"

မေမေ့မျက်နှာက ပြုံးနေသည်။

"ခုနလာခေါ်တာ ခေတ်သစ်လေ၊ သူ လာခေါ်တာမရှိ မေမေ တက်လာတာ၊ သားက အလုပ်ထဲ အာရုံစိုက်နေ ဒီလိုပဲလို့၊ အောက်မှာ ခေတ်သစ်တို့သားအမိ ရောက်နေတယ်"

"ဟုတ်လား၊ အန်တီဇင် ပါလာတယ်ပေါ့၊ သား အခု ဆင်းခဲ့မယ် မေမေ"

"အေး. . . သား"

မေမေက သူ့အလုပ်တွေ လက်စသပ်ဦးမှာကို သိနေ၍ အတွက် စောင့်ခေါ်မနေတော့ဘဲ ချက်ချင်း ပြန်လှည့်သွားသည်။





သူလည်း အခန်းထဲ ပြန်ပြေးဝင်၊ ပိတ်စရာရှိတာတွေ ပိတ်၊ သိမ်းစရာရှိတောတွေ သိမ်းပြီး၊ အောက်ထပ်ကို ကမန်းကတန်း ဆင်းလိုက်လာခဲ့သည်။

"ဟော . . . လာပြီ မင်းသား"

ဧည့်ခန်းထဲ ရောက်တယ်ဆိုရင်ပဲ ခေတ်သစ်ရဲ့ မချိုမချဉ် စပ်ဖြီးဖြီးမျက်နှာနှင့် အမြင်ကပ်ဖွယ်လေသံကို ကြားလိုက်ရသည်။ အရင်ကလိုဆို စကားနဲ့ဖြစ်ဖြစ်၊ အမူအရာနဲ့ဖြစ်ဖြစ် ပြန်ကြိမ်းမောင်းမိမှာ ဖြစ်ပေမယ့် ဒီတစ်ခါတော့ ဘာမှပြန်မပြောဘဲ ရယ်နေလိုက်သည်။

ဒါလည်း သူ့အမေ အန်တီဇင်ပွင့်ခိုင်ကို အားနာလို့ပါ။

"အန်တီဇင် ရောက်တာကြာပြီလား"

"အခုလေးတင်ပဲ သားရဲ့၊ အလုပ်တွေ ရှုပ်နေလား"

"ဟုတ်၊ အဲလိုပါပဲ၊ ရှုပ်တယ်တော့ မဟုတ်ပါဘူး"

တမန့်မေမေက ကော်ဖီနှင့် မုန့်ပန်းကန်ကို ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ယူလာချပေးသည်။

"ဇင်ဇင် . . . ကော်ဖီသောက်ဦး၊ သားလေးရော"

"ရတယ် မမ၊ အိမ်က breakfast စားခဲ့ပြီးသား၊ ဒါ
အစ်ကိုဇော်ရော"

"မှုံရွာက သူ့တူမဝမ်းကွဲ မင်္ဂလာဆောင် သွားလေရဲ့ ဇ
ဇင်ရေ၊ မမကတော့ ဘယ်လိုက်နိုင်မလဲ၊ ဘယ်သွားသွ
ခရီးပန်းပြီး ဖျားနာနေတာ၊ သားကလည်း မလိုက်
ဆိုတော့ သူတစ်ယောက်တည်း သွားလေရဲ့၊ ဒရိုင်ဘ
တော့ ပါသွားတာပေါ့၊ ဇင်ဇင့်အမျိုးသားကရော ဘယ်
တဲ့လဲ"

ဒေါ်မေခင်ကြည်ပြာရဲ့ စကားအဆုံး ဒေါ်ဇင်ပွင့်ခိုင်
မျက်နှာက ဖျတ်ခနဲ ညှိုးကျသွားသည်။

"အင်း . . . ကလေးတွေရှေ့ပဲ ပြောရဦးမယ်၊ သူကတေ
ဇင့်ကို မပြတ်ပါဘူးတဲ့လေ၊ ပြန်လာချင်တယ်ပေါ့၊ ဒါ





ဇင့်အနေနဲ့ ပြန်မလာစေချင်ဘူး၊ သားလည်း အရွယ်ရောက်နေပြီ၊ သူ့ဘဝလေးနဲ့သူ အဆင်ပြေပြေ ရပ်တည်နိုင်အောင် ဇင် ပြုစုပျိုးထောင်ခဲ့ရတာ၊ ခုမှ သူက ပြန်လာမယ်ဆိုတာတော့ လက်မခံနိုင်ဘူး မမရယ်"

ခေတ်သစ်မေမေ အန်တီဇင့်စကားအဆုံး တမန် စိတ်မကောင်း ဖြစ်သွားမိသည်။ ဒေါ်မေခင်ကြည်ပြာကလည်း ခေတ်သစ်တို့ သားအမိကို သနားကရုဏာ သက်နေပုံနှင့် ငေးနေသည်။ ခေတ်သစ်ကတော့ သူ့အမေဆန္ဒကို ဆန့်ကျင်ကန့်ကွက်လိုပုံလည်း မပေါ်၊ ထောက်ခံအားပေးလိုပုံလည်း မပေါ်ဘဲ ကော်ဖီခွက်ကို ယူသောက်ရင်း ငြိမ်သက်နေသည်။

ခေတ်သစ်ဖေဖေ ဦးကျော်ဇောနှင့် အန်တီဇင်က ခေတ်သစ် ဆယ်တန်းနှစ်မှာပဲ ကွဲသွားခဲ့ကြတာဖြစ်သည်။ တရားဝင်ကွဲသွားတာ မဟုတ်ပေမယ့် လေးငါးခြောက်နှစ်ကြာခဲ့ပြီမို့ သံယောဇဉ် ပြတ်သလို ဖြစ်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်ကတော့ သူ့ဖေဖေအပေါ် စိတ်နာနေတာမျိုး စိတ်ကုန်နေတာမျိုး ဖြစ်မနေပါ။

အင်္ဂလန်ရောက်နေတဲ့ ဖခင်နှင့်လည်း အဆက်အသွယ် မပြတ်ကြပါ။

"အေးလေ . . . ဇင်ဇင်က ကာယကံရှင်ပဲ၊ စဉ်းစားပေါ့ ကလေးတွေမှ မဟုတ်တော့တာ"

ကလေးမဟုတ်တော့ဘူးဆိုပေမယ့် အန်တီဇင်က အသက် လည်း သိပ်မကြီးသေးသလို အရွယ်တင် နုပျိုပြီး အပျိုလေးလို လှပနေဆဲပါ။

"ဇင်လည်း စဉ်းစားပါတယ် . . . အရင်က သားအရွယ် မရောက်သေးတာတောင် ဇင် အားကိုးမရှာခဲ့တာ၊ ခုချိန် မှာတော့ ပိုပြီးတောင် နေတတ်ပါသေးတယ်၊ ဇင့်ဘဝမှာ သားက အရေးကြီးဆုံးပဲ"

ဒေါ်မေခင်ကြည်ပြာက ထိုစကားကို သဘောကျမိသလို





ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးနေသည်။

"မမလည်း ဇင့်ကို စိတ်မကောင်းအောင် ပြောမိနေပြီ ကွယ်၊ ကဲ . . . သားအမိနှစ်ယောက်လုံး ထမင်းစားပြီး မှ ပြန်ရမယ်နော်"

"ရပါတယ် မမရယ်၊ ဒါနဲ့ ဇင် လာရတဲ့အကြောင်းရင်းကို မပြောရသေးဘူး"

"ဟုတ်သားပဲ၊ ဇင့်ကို သေသေချာချာ မမေးမိဘူးနော်"

"ခုနပြောမလို့၊ အစ်ကိုဇော်လည်း မရှိဘူးဆိုတာနဲ့ မေ့ သွားတယ်၊ ကိစ္စက တခြားမဟုတ်ပါဘူး၊ ဟောဒီက သား လေး အတင်းပူဆာလို့၊ မေမေကိုယ်တိုင် လိုက်ပြောပေး ပါဆိုတာနဲ့ လိုက်လာရတာ"

"ဟုတ်လား၊ အလုပ်ကိစ္စလား သား"

တမန့်မေမေရဲ့ စူးစမ်းအကဲခတ်တဲ့အကြည့်က ခေတ်သစ် ကိုယ်ပေါ် ဖြန့်ကျက် ရောက်ရှိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . အန်တီခင့်ကို ပြောပြလိုက်လေ သား"

"သားမပြောခင် အန်တီ့ကို တစ်ခုမေးရဦးမယ်"

ခေတ်သစ်ကတော့ သူများထက်ကို ပိုထူးချင်သည်။

အမြင်ကတ်ကတ်နှင့် လှမ်းစွေကြည့်လိုက်မိသည်။

"ကဲ . . . မေးပါရှင်၊ မေးပါ၊ ဘာများမေးဦးမှာလဲ"

"ဟိုလေ . . . တကယ်လို့ တမန်က ကျွန်တော့်လို

လာရင် အန်တီ ဘယ်လိုခံစားရမလဲ"

မေမေသည် ရုတ်တရက်တော့ နားမလည်နိုင်သလို

ဝေ ငြိမ်သက်လျက် တမန့်ဘက်သို့ ဇဝေဇဝါ လှမ်းကြည့်ရင်း

ဆတ် ပြုံးပြလာလေသည်။

တမန်လည်း ဘာမှမသိတာမို့ ရယ်ရင်း ခေါင်းရမ်းပြ

ရသည်။

"ဘာကိုပြောတာလဲ သား၊ အန်တီ နားမလည်ဘူး"

"ဩော် . . . ဒီလိုပါ၊ တမန် သရုပ်ဆောင်လုပ်ရင်





တီ သဘောတူလားလို့ပါ"

"ဟောတော်"

မေမေက တမန့်စိတ်ဓာတ်၊ ဝါသနာကို သိပြီးသားမို့ မျက်ခုံးကြီးပင့်ကာ ပြုံးဟဟနှင့် လှည့်ကြည့်သည်။ တမန်က မျက်မှောင်ကျုံ့ရင်း ခေတ်သစ်ဘက် လှမ်းကြည့်လိုက်မိတော့ . . .

"ဘာကြည့်တာလဲ၊ အတည်ပြောတာ"

ဟု ဆိုလေသည်။ လေသံကတော့ တိုးတိုးကျိတ်ကျိတ်ပင်။

"အဟင်း . . . ဟင်း၊ ဘာများလဲလို့ကွယ်၊ ဇင်ဇင့်သား က နောက်နေပြန်ပါပြီ"

"ဟာ . . . အန်တီခင်၊ သား နောက်နေတာ မဟုတ်ဘူး၊ မေမေ ပြောပြလိုက်ဦးလေ"

ခေတ်သစ်စကားအဆုံး အန်တီဇင်က အေးအေးဆေးဆေး ထိုင်နေရာမှ နေရာပြင်ထိုင်လိုက်ကာ . . .

"အို . . . ဘယ်က နောက်ရမှာလဲ မမရဲ့၊ သားက



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြောနေတာ၊ မနေ့က သားနဲ့ အခွေထိုင်ကြည့်ကြ တော့ တမန်ပါတဲ့အခန်းတွေ ကြည့်လိုက်ရတယ်လေ၊ အဲဒါ ဒါရိုက်တာကလည်း သဘောကျနေသတဲ့၊ သားက လည်း သူ့သူငယ်ချင်းနဲ့ တွဲရိုက်ဖို့ ဇာတ်ကားတစ်ကား လက်ခံထားလိုက်တယ်တဲ့လေ"

"ဟုတ်လား၊ သား . . . ကြည့်စမ်း၊ မင်း အဲဒါတွေ လုပ် တာ မေမေတောင် မသိရသေးဘူး၊ မင်းဖေဖေသိရင် ဘယ်လောက်အံ့သြနေလိုက်မလဲ"

တမန် ဘယ်ကစပြီး ရှင်းပြရမှန်းတောင် မသိတော့ပါ။ မျက်လုံးကြီးပြူးလျက် တအံ့တသြ ငေးနေသည့်မေမေ့ကိုသာ ပြုံး စစနှင့် ပြန်ကြည့်နေလိုက်ရသည်။

"အဲဒါ . . . ဟိုဟာပါ၊ မေမေ ဒီလိုပါ"

"အို . . . ဟိုဟာတွေ ဒီဟာတွေ လုပ်မနေပါနဲ့၊ သား အဲလိုလုပ်မယ်ဆို မင်းဖေဖေကို ပြောပါလား၊ အခု ဘယ်





လိုက ဘယ်လို . . ."

"အဲဒါ . . . သား ရှင်းပြမယ် အန်တီခင်"

တော်သေးရဲ့။ ခေတ်သစ် ဝင်ရှင်းပြပေလို့။ ဒီလိုမှ မဟုတ် ရင် သူက ခေတ်သစ်လို အနုပညာပိုး ဝင်နေသည်ထင်ဦးမည်။

"ဩော် . . . ဒီလိုလား၊ ဒါဆို သားက ဇာတ်ကားတွေထဲ တမန့်ကိုပါ ထည့်ရိုက်ဦးမယ်ပေါ့"

"ဟုတ်ကဲ့"

"ဟာ. . . မဟုတ်တာ၊ သား မလုပ်ပါဘူး မေမေ၊ သူ့ဟာ သူ လျှောက်ပြောနေတာ"

တမန့်စကားအဆုံး အန်တီဇင်က မျက်လုံးဝိုင်းသွားရင်း-

"ဟော . . . သားပြောတော့ တမန့်ကို ပြောပြီးသားဆို"

ဟု ထမေးပြန်သည်။ သူ ခေတ်သစ်မျက်နှာကို မှုန်ကုပ် ကုပ် လှမ်းကြည့်လိုက်မိသည်။

ခေတ်သစ်က သူ့ကို ဖျတ်ခနဲ မျက်စိမှိတ်ပြတာ တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ဒီလိုလုပ်ပြီဆို ခေတ်သစ် သူ့ကို လူလည်ကျတော့မည်။

သူ တစ်စုံတစ်ခု ထပြောလိုက်ချင်ပေမယ့် အခွင့်မသာ။ ဒီကြားထဲ မေမေနဲ့ အန်တီဇင်ကလည်း တမန့်ကို ဇွတ်အတင်း… သရုပ်ဆောင် ဖြစ်စေချင်နေပြန်သည်။

ခေတ်သစ်ကလည်း ခပ်ပင့်ပင့်နှင့် ဟုတ်နေကြတော့…

"ဟာ . . . မလုပ်ချင်ပါဘူး၊ အဲဒီကားထဲကဟာလည်း… သူ ဇွတ်အကူအညီတောင်းလို့ လုပ်ပေးရတာ၊ ဒုက္ခ… ဖေဖေသိရင် ဟိုဟာ ဒီဟာတွေ လျှောက်ခိုင်းကုန်တော့မယ်"

တမန်က ခေါင်းက ဆံပင်တွေ ကုတ်ဖွပစ်ရင်း ညည်း… ညည်းညူညူပြောတော့ မေမေက တအံ့တသြကြည့်ကာ . .

"အမယ်လေး . . . တွေ့လား ဇင်ဇင်၊ သူ့စိတ်က တစ်… ဇင်ဇင့်သားလို မဟုတ်ဘူး၊ သူ့အဖေကလည်း လုပ်ငန်း… နည်းနည်းဖြစ်ဖြစ် စိတ်ဝင်စားစေချင်တာလေ၊ မ…





တော့ ဇင်ဇင့်ကို သိပ်အားကျတာပဲ၊ ကိုယ့်သားလေး နာမည်ကြီးတာ၊ အောင်မြင်ကျော်ကြားတာမျိုး သိပ်မြင်ချင်တာ သိလား၊ ဒါနဲ့ သားက သားသူငယ်ချင်းကို သရုပ်ဆောင်လုပ်မယ်လို့ ပြောလိုက်ပြီလား"

"ဟုတ် . . . သား အခုရိုက်မယ့်ဇာတ်ကားမှာ သားနဲ့ အပြိုင် မင်းသားတစ်လက် လိုတယ်လေ၊ အဲဒါ တမန့်ကိုပဲ ထည့်မယ်လို့ ပြောလိုက်တယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ ဒါမှ သားက မင်းသား၊ သူ့အဖေက ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်၊ တစ်ခါတည်း အပြီးဖြစ်သွားမှာ"

အန်တီဇင့်စကားကို မေမေက ခေါင်းညိတ်ထောက်ခံရင်း ရယ်နေကြသည်။

မရယ်နိုင်ဘဲ ဖြစ်နေရသူက တမန်။ ရိုက်ကွင်းမှာ အခက်အခဲဖြစ်တုန်း ကူညီလိုက်မိတာကိုပဲ နောင်တတွေ ရလို့မဆုံးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့။

"မမလည်း အဲဒါမှ မင်းသားအမေဆိုပြီး မျက်နှာပွင့်မှာ နော် . . . ဇင်ဇင်"

"အမယ်လေး . . . မျက်နှာပွင့်မပွင့်တော့ မသိဘူး၊ တစ်နေ့တစ်နေ့ ခေတ်သစ်ရှိလားဆိုတဲ့ဖုန်းတွေချည်းပဲ ထိုင်ဖြေနေရတာ အလုပ်တစ်လုပ်၊ တစ်ခါတလေများ စိတ်မရှည်လို့ ပိတ်အော်ပစ်ရတဲ့အထိ"

"ဟုတ်လား"

အန်တီဇင့်စကားကို မေမေက အံ့ဩဟန်နှင့် ခေါင်းဆယ်နေသည်။ တမန်ကတော့ အန်တီဇင် အော်ပစ်လိုက်တဲ့အထဲ မိုးမပါ ပါစေနှင့်ဟု ဆုတောင်းလိုက်မိသည်အထိ သွားပြေးသတိရလိုက်သေးသည်။

"ကဲ . . . ဒါဆို သားဖေဖေ ပြန်လာရင်တော့ ဒီသတင်းကို မေမေ ဖွင့်ပြောလိုက်တော့မယ်နော်"

---





"ဟာ . . . ဒါက ဒီလိုရှိတယ် မေမေ၊ တကယ်တော့ ဒီလောက်အထိ ဖြစ်ဖို့မလိုဘူး၊ ပြီးတော့ သားလည်း အခုလောလောဆယ် ခေါင်းတွေရှုပ်ပြီး ပူထူနေပြီ၊ ရိုက်ဖို့မရိုက်ဖို့ဆိုတာ သားဘက်က ဘာမှသေချာတာ မဟုတ်ဘဲ၊ အဲဒီတော့ . . ."

"ကဲပါ သားရယ်၊ တကူးတက လာပြောရတဲ့ ခေတ်သစ်လေးကိုမှ အားမနာ၊ ဘာတွေလျှောက်ပြောနေတာလဲ"

မေမေကလည်း ခေတ်သစ်ဘက်တော်သား လုံးလုံးဖြစ်နေပြီ။ ကိုယ်မွေးထားတဲ့သားတစ်ယောက်လုံးက ဝါသနာမပါ ပါဘူး၊ မလုပ်နိုင်ပါဘူး အတန်တန်ပြောနေတာတောင် မရတော့တဲ့အထိ စိတ်အားထက်သန်နေသတဲ့လား။

နောက်ဆုံး စိတ်လျှော့လိုက်ရတာက တမန်။ အခုကျမှတော့ ဖြစ်သင့်ဖြစ်ရာ လုပ်ရတော့မည်။ ထိုနေ့က ခေတ်သစ်တို့သားအမိနှစ်ယောက် နေ့လယ်စာ စားပြီးမှ ပြန်သွားကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခါနီး လူကြီးတွေအလစ် ခေတ်သစ်က တမန့်နား တိုး ကပ်ပြောသွားသေးသည်။

"စိတ်ကူးမလွဲနဲ့ တမန်၊ မင်းသရုပ်ဆောင်ဖြစ်မှ မိုင်ဆိုတဲ့ ကောင်မလေးနဲ့ နီးစပ်မှာ"တဲ့။

သူပြောတဲ့အတိုင်း ဖြစ်ရင်ကောင်းရဲ့။

မဖြစ်ရင် ဒီမျက်နှာက လူသိများတာပဲ အဖတ်တင်ဦး မည်။

တကယ်မလွယ်ပါလား ကောင်မလေးရေ . . .။

♥ ♥ ♥



BURMESE CLASSIC .com

## အခန်း(၉)

ဟိုလိုလိုဒီလိုလိုနှင့် ဘယ်လိုမှကို ကွေ့ပတ် ရှောင်ဖယ်နေလို့ မရတော့ဘဲ တမန်က ခေတ်သစ်ကြိုးဆွဲရာ ပါရသည့်ရုပ်သေးရုပ် ဖြစ်သွားရသည်။

အကြောင်းမှာ တမန် ဝင်သရုပ်ဆောင်ပေးသော ဇာတ်ကားကို တမန့်ဖေဖေ ဦးရဲဇော်က မှတ်မှတ်ထင်ထင် ကြည့်မိသွားသောကြောင့်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တမန်က ခေါင်းဆောင်မင်းသားစစ်စစ်အနေနှင့်
တော့ ကင်မရာရှေ့ ရောက်မလာပါ။

ခေတ်သစ်ပါသော ဇာတ်ကားများတွင်သာ အရံလိုလို
အပြိုင်လိုလို ပါရပြီး တစ်ခါတစ်ရံ လူကြမ်းဆန်ဆန်ပင် ဖြစ်လိုက်
သေးတော့သည်။

ထိုသို့ဖြစ်ရသည်မှာလည်း တမန်၏ လိုက်လျောအားနာ
မှုကြောင့်ပင်တည်း။ တမန်ကိုယ်တိုင်ကလည်း မင်းသား မဖြစ်ချင်
ပါ။ လှလှပပ ဝတ်စားပြီး ကျော့ကျော့မော့မော့လည်း မနေတတ်
သည့် တမန့်မှာ အမြဲတမ်း အကြမ်းပရမ်းဇာတ်ကောင်သာ ဖြစ်
နေရသည်။ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားရသည့်အတွက်
တမန့်မေမေ ဒေါ်မေခင်ကြည်ပြာကတော့ မကျေနပ်နိုင်ပါ။

ထို့ကြောင့် ခင်ပွန်းဖြစ်သူကို အခါသင့်တိုင်း . . .

"အဖေကြီးရယ်၊ ရှင့်သားက ကျော်တော့ လေ့သူကြီး၊
ညားတော့ လေ့ထိုးသား ဖြစ်နေပြီ၊ မင်းသားဖြစ်အောင်





တင်ရိုက်ပါဆိုမှ ဗီလိန်လိုလို၊ ဇာတ်ပို့လိုလိုနဲ့၊ ဘာမှန်း
လဲမသိဘူး၊ ချောချောလေး မွေးပေးထားတဲ့အမေကိုမှ
အားမနာ"

BURMESE CLASSIC .com

ဟု ပူဆာလေ့ရှိ၏။ ထိုအခါမျိုးတွင် ဦးရဲဇော်က . . .

"ဩော် . . . ဖြစ်ရလေ မေခင်ရာ၊ ကိုယ်လည်း သားကို
မင်းသားဖြစ်စေချင်တာပေါ့၊ မင်း သားတော်မောင်က
ရမှမရဘဲ၊ ဒါဖြစ်ချင်လို့ ဟိုဟာကို အကြောင်းအမျိုးမျိုး
ပြ ရှောင်သွားတာ ဘယ်တတ်နိုင်မလဲ၊ ခုမှတော့ မင်းသား
ဖြစ်ချင်မနေနဲ့တော့၊ မင်းသားလုပ်ပြီး ထရိုက်ရင် ရယ်
စရာဖြစ်နေပါ့မယ်"

ဟု အားရတက်ကြွဖွယ် ပြန်ဖျောင်းဖျလေသည်။ တမန်
ကတော့ တဖြည်းဖြည်း အလုပ်မှာ နေသားကျလာပြီး လူကြမ်း
လုပ်ရတာကိုလည်း သိပ်ရှက်ရွံ့တွန့်ဆုတ်မနေတော့ပါ။

တစ်ခါတစ်ရံ သူ့အမူအရာတွေက တကယ်ကြောက်ရွံ့



www.bumeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားလောက်အောင်ပင် ပီပြင်နေတတ်သေး၏။ အလုပ်မှာ အာရုံစိုက်နေသောကြောင့် တခြားကိစ္စတွေပင် မေ့သလိုလိုရှိရလေသည်။ ဘာတွေ ဘယ်လိုမေ့မေ့ သူ မမေ့တာကတော့ မိုင်ဆိုသည့် ရုပ်ရှင်ရှူးမလေးပင်။ ရိုက်ကွင်းနောက်တိုင်း သူ မမေ့မလျော့ ရှာဖွေမိပါသည်။ ဒါပေမဲ့ သန်လျင်ရုပ်ရှင်ခြံလို၊ မှော်ဘီဘက်လို ဝေးဝေးလံလံနေရာတွေမှာမို့ ရှာလို့မတွေ့တတ်ပါ။

ဒီမနက်ခင်းကတော့ ရိုက်ကွင်းက ကန်တော်ကြီးထဲမှာဖြစ်ပြီး တနင်္ဂနွေနေ့မို့ လာကြည့်သူတွေ အမြောက်အမြားရှိနေသည်။ ထို့ကြောင့် သူမလေးကို တမန် တွေ့လိမ့်နိုးနိုး ရှာမိသည်။

တွေ့မယ့်တွေ့ရတော့ မိုင့်ကို အဖော်မပါဘဲ တစ်ယောက်တည်း သစ်ပင်ရိပ်မရှိသည့် နေပူပူနေရာမှာ မတ်တပ်ရပ်လျက်နှင့်တွေ့လိုက်ရသည်။ ရိုက်ကွင်းနှင့် ခပ်လှမ်းလှမ်းမှာ လက်ပိုက်ရပ်ပြီး ခေတ်သစ် ရုပ်ရှင်ရိုက်နေရာကို ငေးနေလေသည်။

သူမက အရင်တုန်းကအတိုင်း ရိုက်ကွင်းကို စိတ်ဝင်တစား ငေးနေသည်။ ဒါပေမဲ့ ခေတ်သစ်ကိုတော့ လာ နှုတ်ဆက်တာ၊ စကားပြောတာမျိုး မလုပ်ဘဲ အဝေးကသာ လိုက်ကြည့်နေတာမို့ သူ့စိတ်ထဲ တစ်မျိုးဖြစ်သွားမိသည်။

ရုပ်ရှင်စက်အဖွဲ့သားတွေ ခဏ break ပေးပြီး နားတာတောင် သူမက ဖွဲကောင်းကောင်းနှင့် စောင့်ကြည့်နေတုန်းမို့ တမန်မနေနိုင်တော့ဘဲ ထိုနေရာသို့ လျှောက်သွားမိသည်။

"တမန် ဘယ်သွားမလို့လဲ"

သူ့အခန်း မပါတာမို့ ပြန်မယ်ထင်ပြီး ခေတ်သစ်က လှမ်းမေးသည်။

"ဘယ်မှမဟုတ်ဘူး၊ ခဏလမ်းလျှောက်မလို့"

သူ အလွယ်ပြန်ဖြေခဲ့ပြီး ထွက်လာခဲ့သည်။

"မိုင်"

"အမယ်လေး"

သူ နောက်က ခေါ်လိုက်တော့ သူမက ပုခုံးလေး တွန့်ခနဲ







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အလန့်တကြား လှည့်ကြည့်သည်။

တမန့်ကိုမြင်တော့ ဝိုင်းဝိုင်းစက်စက် မျက်လုံးလေး...

ဖျတ်ခနဲ မှုန်ကုပ်သွားကာ နှုတ်ခမ်းဖူးဖူးလေးကိုပါ တင်းခနဲ ...

လိုက်လေတော့သည်။

"တစ်ယောက်တည်းလား. . . မိုင်"

"အင်း. . . တစ်ယောက်တည်းပဲ"

မိုင် သူ့ကိုသိပ်မလိုလားပေမယ့် ခေတ်သစ်နဲ့ အတွဲ...

ဆုံးလူမို့ ရေလိုက်ငါးလိုက်တော့ ပြန်ပြောရ၏။

"ရေသောက်မလား"

တမန် ဘာပြောရမှန်း မသိတာကြောင့် လက်ထဲ အ...

ပါလာသည့် ရေသန့်ဘူးကို သူမထံ ကမ်းပေးလိုက်သည်။ သူ...

ရုတ်တရက် အံ့သြသွားသယောင်ရှိကာ ရယ်ချင်သွားသည့် ...

ခမ်းလေးကို ဖျတ်ခနဲဖိကိုက်ပြီး ရေဘူးကို လှမ်းယူသည်။

"ကျေးဇူးပဲ၊ မိုင်လည်း ရေဆာနေတာ သွားဝယ်မ..."





မိုင့်စကားအဆုံး တမန်က ညီညာဖြူဖွေးသည့် သွားတန်း...တွေ ပေါ်အောင် လှစ်ခနဲရယ်လိုက်ပြီး မိုင့်မျက်နှာကို ခပ်ငေးငေး...လေး စိုက်ကြည့်နေသည်။

မိုင်က သူကြည့်နေတာ သိပေမယ့် မသိယောင်ဆောင်ပြီး ...တ်ညွှန်းစာရွက်လို့ ထင်ရတဲ့ စာရွက်တစ်ရွက်ကို သေသေချာ...ချာဖတ်နေသော ခေတ်သစ်ကိုသာ ငေးနေလိုက်သည်။ တမန်က ...တော့ သူ့ကိုအရေးမလုပ်သော မိုင့်ကိုကြည့်ပြီး စိတ်ထဲ သိမ်ငယ်...သလိုလို၊ ဝမ်းနည်းလာသလိုလို ခံစားရလေသည်။

"မိုင်. . . သူနားတဲ့အချိန် သွားမနှုတ်ဆက်တော့ဘူး လား"

"ရှင်"

မိုင်က နားမလည်သလို သူ့မျက်နှာကို ဖျတ်ခနဲ ပြန်ကြည့်...သည်။

"ခေတ်သစ်ကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ခေတ်သစ်ကိုလား၊ နှုတ်ဆက်ချင်တာပေါ့၊ ဒါပေမဲ့ မိုင် နှုတ်ဆက်လိုက်ရင် အလုပ်မှာ ထိခိုက်သွား နိုင်တယ်လေ၊ ဟိုမှာ ရှင် မတွေ့ဘူးလား၊ သူ ဇာတ်ညွှန်း ဖတ်နေသလား၊ ဒိုင်ယာလော့ခ် ကျက်နေသလား တစ်ခု ခုပဲ၊ မိုင် စကားသွားပြောရင် mood ဘယ်ဝင်တော့မလဲ"

သူကပဲ အလုပ်သဘောကို နားမလည်သလို ဖြစ်သွား အောင် ပြောပစ်လိုက်သောစကားက တကယ်ကို အားနာဖွယ် ဆောင်မှုတွေ မလုပ်တတ်သော ကလေးမလေးတစ်ယောက်က ပြောလိုက်သလို ဖြူစင်အပြစ်ကင်းနေတာမို့ တမန် ဘယ်လိုမှတော့ မဆိုးရက်နိုင်ပါ။

"ဟုတ်သားပဲ၊ ဒီအခန်းက အရေးကြီးတယ်"

သူမပြောတဲ့အတိုင်း အလိုက်အထိုက်ပြန်ပြောတော့ မိုင့် မျက်နှာလေးက ပြုံးယောင်ယောင်ဖြစ်သွားလေသည်။ ထို့နောက် တမန့်ဘက်ကို လှည့်ကြည့်ကာ ခေါင်းလေးငဲ့စောင်းရင်း . .





"ဒါနဲ့ ရှင်ပါရတဲ့အခန်း မရောက်သေးဘူးလား"

"အင်း . . . ဒီနေ့ မပါသေးဘူး ထင်တယ်"

"ဟုတ်လား၊ အဲလိုပါတဲ့နေ့ဆို ဘယ်လောက်ရလဲဟင်"

ရုတ်တရက်တော့ မိုင့်စကားကို သူ နားမလည်ပါ။ နောက် မှ တချို့ဇာတ်ရံတွေကို နေ့စားသဘောမျိုး ငွေရှင်းပေးတာ သွား သတိရပြီး တမန် ပြုံးလိုက်မိသည်။ မိုင်က သူ့ကို ဘာကြောင့် အရောတဝင်မလုပ်၊ အထင်မကြီးတာလဲဆိုတာ ခုမှပင် သဘော ပေါက်တော့သည်။

ဒါပေမဲ့ သူ အမှန်အတိုင်း ရှည်ရှည်ဝေးဝေး ရှင်းပြမနေ တော့ပါ။

"အမှန်တော့ မရှိပါဘူး၊ နည်းနည်းပါးပါးပဲ ရတာပါ"

"ဪ"

သူ့စကားကြောင့် မိုင်က အံ့ဩကရုဏာသတ်နေပုံလေး နှင့် 'ဪ'လို့ ခပ်တိုးတိုးရေရွတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူစီးနေတဲ့ကား၊ သူကိုင်ထားတဲ့ ဟန်းဖုန်းနှင့် သိန်းကျော်တန် အဝတ်အစားတွေ၊ ဖိနပ်တွေကိုပင် အမှတ်မထား ဂရုမစိုက်ဘဲ ပြောသမျှ ယုံနေသော မိုင့်ကိုကြည့်ကာ တမန် သနားကရုဏာဖြစ်သလို ပိုပြီးလည်း ချစ်သွားမိသည်။

"မိုင်လည်း မင်းသမီး အရမ်းဖြစ်ချင်တာ၊ အဲဒါကြောင့် ရိုက်ကွင်းတွေ တစ်ခုမကျန် လိုက်ကြည့်နေတာပေါ့၊ မိုင်ဒီတစ်သက် မင်းသမီးသာဖြစ်ရရင် သေပျော်ပါပြီ ကိုလူကြမ်းရယ်"

"ဗျာ . . . ဘယ်လို၊ ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

"အဲ . . . ဟုတ်ပ၊ ကိုလူကြမ်းတဲ့၊ ရှင့်နာမည်မှ မိုင် မသိတာ"

မိုင်က ပြောပြီး တဟိဟိ ရယ်မောသဘောကျနေတာမို့ သူလည်း ရှက်ကိုးရှက်ကန်း လိုက်ရယ်မိသည်။





"ကျွန်တော့်နာမည် တမန်တဲ့၊ မှတ်ထားနော်"

"တမန် . . . ဟုတ်လား၊ ခေါ်လို့လည်း မကောင်းပါဘူး၊ ကိုလူကြမ်းကမှ ကောင်းဦးမယ်၊ အဲဒီနာမည်မှ ရှင်နဲ့လိုက်တာ"

"ကောင်းပါပြီဗျာ၊ မိုင် ကြိုက်သလိုခေါ်ပါ"

သူ့ရဲ့ ပွင့်လင်းဖော်ရွေပြီး သဘောကောင်းပုံကြောင့် မိုင်ခဏချင်းမှာပင် ရင်းနှီးခင်မင်သွားရသည်။

မိုင့်စိတ်ထဲမှာလည်း သူမသာ မင်းသမီးဖြစ်ခဲ့ရင် တမန်က သူမကို လိုက်နှောင့်ယှက်သောကြောင့် ခေတ်သစ်က ဝင်ကယ်လိုက်ပုံကို မြင်ယောင်လိုက်ကာ သဘောတကျပင် အသံထွက် ရယ်လိုက်မိသည်။

မိုင်ရယ်တော့ တမန်ကလည်း ဘုမသိဘမသိနှင့် တဟင်းဟင်း လိုက်ရယ်လေသည်။ ထိုအခါ မိုင်က နှုတ်ခမ်းလေး ရှေ့တွင် လက်ကလေးတကာကာနှင့် အတောမသတ်အောင် ရယ်ပြန်တော့



www.burmeseclassic.com

www.burmeseclassic.com



၏။

မိုင်သည် ရယ်နေလျှင်ပဲဖြစ်ဖြစ် ဒေါသနှင့် ခက်ထန်စွာ မဲ့နေလျှင်ပဲဖြစ်ဖြစ် အလွန်ချစ်ဖို့ကောင်း၏ဟု တမန့်ရင်ထဲတွင် ကျိတ်၍ မှတ်ချက်ချလိုက်မိလေသည်။

♥ ♥ ♥



## အခန်း(၁၀)

"ချိုမိုင်မိုင်တဲ့၊ ဖုန်းလာနေတယ်"

Supervisor မမသက်ထားရဲ့အော်သံကြောင့် မိုင့်ကိုယ်လေး ဆတ်ခနဲတုန်ပြီး အံ့ဩလန့်ဖျတ်သွားရလေတော့သည်။

"ဟဲ့ . . . မိုင်၊ နင့်ဖုန်းဆိုပဲ၊ ကျားသားမိုးကြိုး၊ ဘယ်က များ ဆက်တာပါလိမ့်"

သူမဘေးမှာ မုန့်စပ်နေတဲ့ ကိုအောင်လေးကလည်း တအံ့



www.burmeseclassic.com

www.burmeseclassic.com



တသြ ထရေရွတ်သည်။ သူမလည်း အလုပ်ထဲက ဖုန်းကို တော်ရုံဘယ်သူ့ကိုမှ မပေးတတ်တာမို့ အံ့သြနေမိတာဖြစ်သည်။

ဒါပေမဲ့ စိတ်က တစ်စုံတစ်ခုကို ဖျတ်ခနဲ သွားပြေးသတိရလိုက်မိသည်။ အဲဒါကတော့ ခေတ်သစ်ကို အချိန်မရွေးဆက်သွယ်လို့ရအောင် အိမ်နားက ဖုန်းတွေရော၊ အလုပ်ထဲက ဖုန်းတွေပါ ပေးခဲ့ခြင်းဖြစ်သည်။ ထိုအခါမှ . . .

"ဟယ် . . . သိပြီ၊ သိပြီ"

ဂျုံတွေ နယ်လက်စ လက်ကို အသာရုပ်၊ လက်အိတ်ကို ကပျာကယာ ချွတ်ပစ်ပြီး ခေါင်းဆောင်းကြီး တကားကား၊ အေပရွန် တဖားဖားနှင့် အရှေ့ခန်းကို ပြေးထွက်သွားတော့ ကိုအောင်လေးက ပေါက်သွားပြီဟု ခပ်တိုးတိုးရေရွတ်လေသည်။

"မိုင် . . . နင့်ဖုန်းတဲ့"

"အို . . . I see"

မိုင်က ပြောင်ချော်ချော်လေး ရေရွတ်ရင်း ဖုန်းကို တယု





တယလေး သွားကောက်ကိုင်တော့ မမသက်ထားက မျက်မှောင်ကြီးကျုံ့ပြီး လိုက်ကြည့်နေတော့၏။

"ဟဲလို"

"မိုင် . . . မိုင်လားဟင်"

"ဟုတ်ပါတယ်၊ အခုပြောနေတာရော ခေတ်သစ် မဟုတ်လားဟင်"

အလုပ်ထဲက လူတွေကြားအောင် အသံကို တမင်မြှင့်ပြီး မေးလိုက်ရတာ အရသာရှိလိုက်ပါဘိ။

တစ်ဖက်က အသံကိုနားစွင့်ရတာ ရင်တွေခုန်ပြီး ခြေဖျားလက်ဖျားတွေပင် အေးသလိုလို၊ ဒူးတွေပဲ တုန်လာသလိုလို။ ခေတ်သစ်ကိုပြောဖို့စကားတွေကလည်း အရေးဆို မေ့ပျောက်ကုန်တော့မည်။ စိတ်ထဲ အားမလိုအားမရ ကတုန်ကယင်ကြီးနှင့် နားထောင်နေတုန်းမှာပဲ . . .

"ကျွန်တော် တမန်ပါ မိုင်၊ ခေတ်သစ် ဒီမနက် ရိုက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ ထွက်သွားပါပြီ"

ဟူသော အသံက မိုင့်လက်ထဲက ဖုန်းခွက်ကို လွတ်ကျ စေမတတ် အကြီးအကျယ် စိတ်ပျက်၊ စိတ်ဓာတ်ကျသွားရလေ တော့သည်။

"ရှင်က . . . ရှင်က ဘယ့်နှယ့်လုပ်ပြီး ဒီဖုန်းနံပါတ် ရတာ လဲ၊ ခေတ်သစ်က ပေးလိုက်တာလား"

အလုပ်ထဲက လူတွေအားလုံး ဇက်တွေပုပြီး ပြုံးစေ့စေ့ ဖြစ်ကုန်ရလောက်အောင် မိုင့်အသံက ခပ်တုန်တုန်နှင့် စိတ်ပျက် အားလျော့သံ ပေါက်နေတော့၏။

"ဟုတ်ကဲ့ . . . အဲလိုပဲ ဆိုပါတော့"

တမန်လည်း သူမ စိတ်မကောင်းသွားမှာစိုးပြီး အမှန် အတိုင်း မပြောရက်နိုင်ပါ။

"ဒါနဲ့ . . . ဘာကိစ္စရှိလို့လဲဟင်၊ ရှင်ရော ရိုက်ကွင်းသွား စရာ မရှိဘူးလား"





"မရှိဘူး မိုင်၊ မိုင် ရိုက်ကွင်းလိုက်ကြည့်ဦးမလား၊ စိမ်းလန်း စိုပြည်ထဲမှာလေ"

"ဪ . . . အဲဒါဆို ခေတ်သစ်က စိမ်းလန်းထဲမှာ ရိုက် ကွင်းရှိလို့ မိုင့်ကို တစ်ဆင့်ပြောခိုင်းတာပေါ့၊ ဟုတ်လား"

မိုင့်အသံက မျှော်လင့်ချက်အပြည့်နှင့် တက်တက်ကြွကြွ ဖြစ်သွားပြန်သည်။

မိုင့်ရဲ့ပျော်ရွှင်ကြည်နူးသွားတဲ့စိတ်လေးကို တဒင်္ဂအတွင်း သူ မဖျက်ဆီးပစ်ရက်နိုင်ပါ။

"ဟုတ်တယ် မိုင်၊ မိုင် လိုက်ကြည့်မယ်ဆို ကျွန်တော် လာခေါ်မယ်လေ"

"အဲ . . . ရှင်က လာခေါ်မယ်၊ ဟုတ်လား"

"အင်းလေ၊ အခုပဲ ကားနဲ့ လာခေါ်မယ်၊ ဟို ခေတ်သစ် ရဲ့ ကားနဲ့ပေါ့"

"ဟယ် . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မိုင် ထခုန်မိမတတ် ဝမ်းသာသွားရပြန်သည်။ ထို့နောက် ဇာတ်လမ်းတွေထဲကလို သူမကို ညာပြောပြီး တော်ရာကို ခေါ်သွား မလားဟု စိတ်ရှုပေါက်ကာ စိုးရိမ်နေမိတော့သည်။

"မိုင် လိုက်မယ်မဟုတ်လားဟင်"

"အင်း . . . လိုက်ချင်တယ်၊ ခု မိုင်က အလုပ်ထဲမှာ၊ ဘယ် တတ်နိုင်မလဲ၊ ကြည့်ချင်မြင်ချင်နေတာလည်း အရမ်းပဲ ဆိုတော့ ပြောကြည့်ရမှာပဲ"

မိုင့်စကားအတွက် တမန် စိတ်မကောင်းဖြစ်သွားမိသည်။ မိုင်က သူထင်ထားသလို လွတ်လပ်ပေါ့ပါးပြီး စိတ်ထင်ရာ လုပ် တတ်သော မိန်းကလေးလည်း မဟုတ်ပြန်ရာ ပိုပြီး ကရုဏာသက် သွားရ၏။ ပြီးတော့ မိုင်က ဘဝကို ဖြစ်ချင်တာ ဖြစ်စေနိုင်သည့် ပြည့်စုံချမ်းသာသူလည်း မဟုတ်နိုင်ပါ။

"ကောင်းပြီ မိုင်၊ နောက် နာရီဝက်ဆို ကျွန်တော် ရောက် လာမယ်နော်"





"အလုပ်ကို ရှင်သိလို့လား"

"ဩော် . . . ဟုတ်သားပဲ"

ဒီတော့မှ သူမက သူမလုပ်တဲ့ မုန့်ဆိုင်လိပ်စာကို ရှင်းပြ ရသည်။ ဆိုင်ခွဲတွေ အများကြီးဖြစ်ပြီး နာမည်ရနေပြီဖြစ်သော သူမဆိုင်ကို တမန်က အလွယ်တကူသိလေသည်။

ဖုန်းပြောပြီးတော့ အားလုံးက စူးစမ်းအကဲခတ်သည့် မျက်လုံးတွေနှင့် မိုင့်ကို ဝိုင်းကြည့်နေကြသည်။

ထိုအထဲမှာ တစ်စွန်းတစ်စကြားပြီးနေသော မမသက် ထားနှင့် သူငယ်ချင်း အိတုံက အဆိုးဆုံး။

"ဘယ့်နှယ့် မရွှေမိုင်၊ ခုနကြားလိုက်တယ်၊ ရှုတင်လိုက် ကြည့်မယ်ဆိုလား ဘာလား"

"ဟဲဟဲ . . . ဒီတစ်ရက်တည်းပါ မမရယ်၊ ညနေမီရင် overtime ပြန်ဝင်မယ်။ သိလား"

"တော်ပါ . . . အပိုတွေ၊ ပြီးရင် ပြန်လာမှာလည်းမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ"

မမသက်ထားက အပျိုကြီးပီပီ ပွစိပွစိပြောတတ်ပေမယ့် သဘောတော့ ကောင်းပါသည်။ ပြီးတော့ မိုင်က မုန့်ဖုတ်တဲ့အထဲမှာ အတော်ဆုံးလည်း ဖြစ်တာကြောင့် ဆိုင်ရှင်ကပါ အထူးအခွင့်အရေး ပေးထားလေသည်။ မိုင်တို့ ကိတ်မုန့်အသစ်အဆန်း ထွင်ပြီဆို Supervisor ကအစ၊ မန်နေဂျာအဆုံး ဩချယူရတာချည်းပင်။ ဒါကြောင့်လည်း မိုင့်ကိုဆို တော်ရုံစည်းကမ်းတွေ မတင်းကျပ်ကြပါ။

"ဟဲ့ . . . မိုင်၊ နင် အခုဖုန်းပြောတာ ဘယ်သူနဲ့လဲ"

အိတုံက အဝတ်အစားလဲခန်းထဲ လိုက်ဝင်လာရင်း စိ[…] ဝင်တစား လိုက်မေးလေသည်။ တကယ်လို့များ ဖုန်းဆက်တ[…] ခေတ်သစ်ဖြစ်နေလျှင်တော့ မိုင် အားရဝမ်းသာ ကြွားလိုက်မ[…] ဖြစ်သည်။ မင်းသားမဟုတ်ဘဲ လူကြမ်းလိုလိုဘာလိုလိုလူ ဖြစ်[…] တာမို့ မိုင် သိပ်မပြောချင်။





"မပြောချင်ပါဘူးဟယ်၊ ခေတ်သစ် အောက်မေ့လို့ ပျော်သွားတာ အသက်ရှူ ရပ်မတတ်ပဲ၊ ဆက်မယ့်ဆက်တော့ ဟိုလူကြီး"

"ဘယ်လူကြီးလဲဟဲ့"

"တမန်ဆိုတဲ့ လူလေ၊ ခေတ်သစ်ရဲ့တပည့်လိုလို သူငယ်ချင်းလိုလိုလူပေါ့"

"ဟယ် . . . တမန်လား"

တအံ့တဩ ပျော်ရွှင်ရိပ် သန်းသွားတဲ့ အိတုံမျက်နှာကို [မို]င် မျက်မှောင်ကျုံ့ကြည့်ရင်း ခါးနောက်မှာ ချည်ထားတဲ့ အေပရွန်[ကြ]ိုးကို ဖြုတ်လိုက်သည်။

"အမယ်လေး . . . တမန်ဆိုတာနဲ့ နင့်မျက်နှာက ဘာဖြစ်သွားတာလဲ၊ မင်းသားကျနေတာပဲ"

"မင်းသားမဟုတ်ပေမယ့် ချောတယ်ဟဲ့၊ ဒါနဲ့ နင့်ကို အခုလာကြိုမှာ သူလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟုတ်တယ်၊ ဟဲ့ . . . သူများတွေ လျှော့

မပြောနဲ့နော်"

"ဘာဖြစ်လို့လဲ၊ ဝိုင်းကြည့်ကြမှာစိုးလို့လား"

"လုံးဝပဲ၊ လူကြမ်းနဲ့မှ တွဲလိုက်သွားရသလားဆိုပြီး ဝိုင်း

ကြည့်ကြမှာ ရှက်လို့ဟဲ့၊ သိပြီလား"

မဲ့မဲ့ရွဲ့ရွဲ့ပြောလိုက်သော မိုင့်စကားအဆုံး အိတုံ

နှာခေါင်းရှုံ့သွားသည်။ မိုင်ကတော့ ဂရုမစိုက်ပါ။

သူ့ကိုယ်သူ တော်ရုံနဲ့ တူတယ်တန်တယ်လို့ မထင်သေ

ဘဝင်ခပ်မြင့်မြင့် ကောင်မလေးလည်းဖြစ်ရာ အိတုံက ဘာမှမ

ချင်သလို လက်လျှော့ထားရလေသည်။

ဒါပေမဲ့ မိုင့်လို ဘာမှမဟုတ်သေးတဲ့သူက တမင်

တောင် အဖက်မလုပ်ဘဲ ပစ်ပစ်ခါခါ ပြောနေသည်ကို အမြင်

မိလေရာ . . .

"ဒါနဲ့ . . . တမန်က သဘောကောင်းသားပဲနော်၊ နင့်





များ စိတ်ဝင်စားနေသလား မသိဘူး"

ဟု ဆိုလိုက်လျှင် မိုင်သည် ဆွေ့ဆွေ့ခုန် ဒေါသဖြစ်သွား

လျှက် . . .

"အံမယ် . . . ကြည့်စမ်း၊ အိတုံ အစုတ်ပလုတ်မ၊ သူ့ကို

ငါက စိတ်ဝင်စားစရာလား၊ ဒီရုပ်ကြီးကို"

"နင် စိတ်ဝင်စားရမယ်လို့ ငါ မပြောပါဘူး၊ သူက နင့်ကို

စိတ်ဝင်စားနေသလားလို့"

"ရမလားဟဲ့၊ ရာရာစစ . . . ဒီရုပ်က၊ အမယ်လေး . . .

ပြောရတာနဲ့တင် ဒေါသဖြစ်တယ်၊ တော်ပြီ၊ မဟုတ်တာ

တွေ မပြောနဲ့၊ ငါက သူ့ကို ခေါ်ချင်လို့ ခေါ်တယ် ထင်

နေလား၊ ဟင်း . . . ဝေးသေးတယ်၊ မင်းသားနဲ့ အရင်းနှီး

ဆုံးမို့ အရောဝင်တာ"

"အေးပါ၊ အပြောကြီးတဲ့လူ တွေ့မယ်"

အိတုံ အမှန်တကယ်ပင် စိတ်မကောင်း ဒေါသထွက်မိ



www.burmeseclassic.com

www.burmeseclassic.com



ကာ သူမနားမှ လှည့်ထွက်လာခဲ့သည်။

ခဏနေတော့ အဖြူရောင် တောက်ပသန့်လက်နေသည့် လန်ခရူဇာကားကြီးနှင့် တမန် ရောက်လာသည်။

အစက တမန်ကို မယုံမရဲ အထင်အမြင်သေးမိသည့် ပင် နည်းနည်းရှိန်သွားရကာ ကိုယ့်အဖြစ်ကိုတောင် အိပ်မက်လို ထင်နေမိ၏။

ဘာ့ဖြစ်လဲ။ ငွေမရှိတော့လည်း အားငယ်စရာမှ မဟုတ် တာ။ မိုင် ဒီလောက် လှနေတာပဲ။ ကြိုးစားရင် ဘာမဆိုဖြစ်တယ် ဒီအတိုင်းဆို အဆက်အသွယ်ကောင်းတာနဲ့ မင်းသမီးဖြစ်ဖို့ နီး တော့မှာ။

ပြီးတော့ ခေတ်သစ်လို နာမည်ကြီးမင်းသားတစ်ယောက် ရဲ့ ခင်မင်အလေးပေးခြင်း ခံရဦးမည်။

စိတ်ကူးနဲ့တင် သာယာကြည်မွေ့ဖို့ ကောင်းလိုက်တာ

♥ ♥ ♥



## အခန်း(၁၁)

"အဲလို တစ်ဖက်သတ် စွတ်စွဲချက်တွေနဲ့ ကိုယ့်နှလုံးသား ကို နလံမထူနိုင်အောင် မရက်စက်သွားပါနဲ့ မာယာ၊ တကယ်ဆို မာယာ့ကို သေမတတ် ချစ်နေတဲ့ လူတစ် ယောက် ဒီကမ္ဘာပေါ်မှာ အသက်ရှင်ရက် ရပ်တည်နေ သေးတယ်ဆိုတာ အမှတ်ရခဲ့လို့လား၊ မာယာ သိအောင် ရော ကြိုးစားခဲ့လို့လား၊ အချစ်ဆိုတာ လိုသလို ပုံသွင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ရကြေးဆိုရင် မာယာ့ကို ကျွန်တော် မုန်းလိုက်တာ ကြာ
ပြီ၊ ဒီလောက် ရက်စက်ရဲတဲ့ မာယာ့ကို ကျွန်တော် မျှ
မတတ် ချစ်နေရတာ ဝဋ်ကြွေးပဲ ထင်ပါတယ်၊ ကျွန်
တော်. . . "

"ဟိုး. . . ခဏလေး . . . ကဒ် ကဒ်"

Mood အပြည့်နှင့် ပီပီပြင်ပြင် ပြောဆိုသွားတဲ့ ခေတ်သစ်
စကားသံတို့မှာ အသက်ရှူမှားမတတ် စီးဝင်မျောပါနေစဉ်မှာပဲ
အလန့်တကြားနိုင်လှသော ဒါရိုက်တာအသံကြောင့် အားလုံး ငြိမ်
သက်နေရာမှ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်ကုန်သည်။

ရင်လေးတမမ၊ သက်ပြင်းတချချနဲ့ နားထောင်နေသော
မိုင်လည်း ငြိမ်သက်နေရာမှ ပြန်လည်သတိဝင်လာပြီး ဟိုဟိုဒီဒီ
လိုက်ငေးမိသည်။ ခေတ်သစ် ပြောဆိုသွားသမျှ စကားတိုင်းကို
သူမကိုယ်တိုင် ဝင်သရုပ်ဆောင်နေရသလို ရင်ခုန်စိတ်လှုပ်ရှားစွာ
နားထောင်ရတာလောက် စိတ်ကြည်နူးစေတာ ဘာမှမရှိတော့။





"မိုင် . . . အဲဒီမှာ နေပူတယ်၊ ဒီဘက်တိုးထိုင်လေ"

တမန့်ကို လုံးဝနီးပါး သတိမေ့လျော့နေခဲ့မိသော မိုင့်
မျက်လုံးအစုံက ခေတ်သစ်ရှိရာ ရေစပ်ခုံတန်းလျားလေးမှာပဲ စူး
စူးစိုက်စိုက်။

ဒါရိုက်တာက ခေတ်သစ်နဲ့မင်းသမီးကို တစ်စုံတစ်ခု သင်
ပြနေသည်ထင်သည်။ တစ်မနက်လုံး ခေတ်သစ် ရိုက်နေရတာက
လပ်(ဗ်)ဆင်း(န်) တွေချည်း ဖြစ်သည်။

တကယ်ပဲလားလို့ ထင်ရလောက်အောင်ကို ခေတ်သစ်
အပြောအဆို အမူအရာအားလုံးက ပီပြင် အသက်ဝင်လှတာမို့
စကားတစ်ခွန်းပြောတိုင်း ငေးခနဲ ဖြစ်ရသူက မိုင်။

တမန်ကတော့ မိုင့်မျက်နှာလေးကိုပဲ အရိပ်တကြည့်
ကြည့်။ သူ စိုက်ပျိုးထားသည့် သစ်ပင်က နုနုနယ်နယ် လှလှပပ
ပန်းကလေးပွင့်လာသလိုမျိုး မထိရက် မတို့ရက်စွာ ဂရုတစိုက်
ဖြစ်နေပုံမျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒီတစ်မနက်လုံးလည်း လပ်(ပ်)ဆင်း(န်) တွေ ချည်းပဲနော်"

မိုင့်မျက်နှာကလေးက အရင်လို ရွှင်လန်းမြူးပျမနေတော့ မို့ သူလည်း နေမထိထိုင်မသာ ဖြစ်နေရသည်။

ခေတ်သစ်က မင်းသမီးချောချောလေးနှင့် ပူးပူးကပ်ကပ် တွဲပြီး ချစ်စကားတွေ ဖွဲ့နွဲ့ပြောနေတာကို မျက်လုံးလေးအဝိုင်း သားနှင့် လိုက်ငေးနေသော မိုင့်မျက်နှာမှာ အမျိုးအမည်မသိသည့် အရိပ်အယောင်လေးတွေ ထင်ဟပ်ပျော်ဝင်နေပြန်သည်။

"ခေတ်သစ်မှာ ချစ်သူရှိလားဟင်"

ကောက်ခါငင်ခါမေးလိုက်သော သူမစကားအဆုံး ဖြေရ ခက် အကျပ်ရိုက်စွာ ခေါင်းကုပ်လိုက်ရသူက တမန်ပင်ဖြစ်သည်။

တမန်က ခပ်အုပ်အုပ် လှိုင်းထနေသည့် ဆံပင်တွေကို လက်နဲ့ တစ်ချက်သပ်တင်ထိုးဖွရင်း မျက်ခုံးထူထူတွေကို စုကာ ကာ. . .





"အင်း . . . ဘယ်လိုပြောမလဲ၊ သူက မင်းသားဆိုတော့ အလုပ်သဘောအရ တွဲရတာတွေလည်း ရှိတာပေါ့၊ ပြီး တော့ သူငယ်ချင်းအပေါင်းအသင်းလည်း များတယ်လေ၊ အဲဒီတော့. . ."

"ရှိရင် ရှိတယ်၊ မရှိရင် မရှိဘူး၊ ရှင်းရှင်းပြောစမ်းပါ၊ ဒီမှာ မိုင်က ရင်တထိတ်ထိတ်နဲ့ နားထောင်နေရတာ"

"ဗျာ"

မိုင်သည် လွှတ်ခနဲ အော်လိုက်မိပြီးမှ ကိုယ့်စကားကိုယ် ရှက်ရွံ့အနေခက်မိစွာ မျက်နှာလွှဲလိုက်မိသည်။

တမန်လည်း မိုင့်စကားအတွက် အလွန်အံ့သြမိသွားကာ ဘာပြောရမှန်းမသိ ဖြစ်သွားရ၏။

"သူ့မှာ ရည်းစားတော့ မရှိလောက်ပါဘူး"

"ရှိချင်လည်း ရှိနေမှာပါ၊ ဒီလောက်အောင်မြင်နေတာပဲ၊ မိုင်က အမှန်အတိုင်းများ သိရမလားလို့ပါ၊ ရှင်က သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းရင်းနှီးနေလို့ မေးကြည့်ရတာလေ"

သူ မိုင့်မျက်နှာလေးကို သနားကရုဏာဖြစ်မိစွာ ငေးကြည့်နေမိသည်။ သူပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် မိုင် စိတ်မကောင်းဖြစ်သွားမှာ၊ မျက်နှာလေး ညှိုသွားမှာကို ဘယ်လိုမှလက်မခံနိုင်တဲ့အထိ မိုင့်အပေါ် သူ စူးစူးနစ်နစ် တွယ်တာမိနေကြောင်း သိလိုက်ရတဲ့အချိန်မှာ မိုင်ကလည်း ခေတ်သစ်ကိုသာ အရိပ်လို ကြည့်ပြီး တွယ်တာနေလေသည်။

ဒါပေမဲ့ သူ ဘယ်လိုမှ သဝန်တို ငြိုငြင်ပစ်လို့မရဘဲ အရာရာ မိုင့်စိတ်တိုင်းကျသာ ဖြစ်စေချင်မိ၏။ မိုင့်လို ဘာမှမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို အမှတ်မထင်တွေ့ရာက မြတ်မြတ်နိုးနိုး ချစ်မိသွားလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မတွေးခဲ့မိချေ။

"တမန်"

"ဗျာ"

"ရှင် ဘာတွေ ဒီလောက်တွေးနေတာလဲ၊ ဟိုမှာ ရှုပင်





သိမ်းတော့မယ်ထင်တယ်"

မိုင့်စကားကြောင့် သူ ခေတ်သစ်ကို လှမ်းကြည့်တော့ အားလုံးကို နှုတ်ဆက်ပြီး သူ့ကားဆီကို လျှောက်သွားတာ တွေ့လိုက်ရသည်။ သူနှင့် မိုင့်ကို တွေ့ပေမယ့် အရေးတယူ လာနှုတ်မဆက်ဘဲ ကားပေါ်တက်သွားတာကြောင့် တမန့်ရင်ထဲ မလုံမလဲဖြစ်မိရင်း မိုင့်မျက်နှာကို တစ်ချက်ခိုးကြည့်လိုက်မိသည်။

မိုင် ဘာမှမပြောပါ။

သူ စိတ်မကောင်းဖြစ်မိစွာ သက်ပြင်းရှိုက်မိပေမယ့် မိုင်ကတော့ ဘယ်လိုမှ မဝေဖန်ဘဲ ငြိမ်သက်လို့နေလေသည်။

"တမန်. . . ရှင် ဘာလုပ်နေတာလဲ၊ ဟိုမှာ မင်းသား ပြန်တော့မှာ"

"အင်း . . . ဟုတ်တယ်၊ သူက ဟိုကားနဲ့ပဲ ပြန်မှာထင်တယ်၊ ဒီကားက ကျွန်တော် မိုင့်ကို လိုက်ပို့ဖို့ ထားခဲ့တာနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ရပါတယ်၊ မိုင့်ဘာသာ ပြန်ပါ့မယ်၊ ရှင်သာ သူ့နောက်ကို မြန်မြန်လိုက်ရမှာ"

"ဘာဖြစ်လို့လဲ"

သူ့ရဲ့အူကြောင်ကြောင်အမေးကြောင့် မိုင်က မျက်မှောင် ကျုံ့ နှုတ်ခမ်းစူလျက် . . .

"ဘာဖြစ်ရမလဲ၊ ရှင်ကလေ တော်တော်အလိုက်မသိတာ ပဲ၊ ဟိုမှာ မင်းသားက အရမ်းပင်ပန်းနေပြီ၊ အဲဒါ . . ."

"ဩော် . . . အင်း၊ ဟုတ်သားပဲ"

မိုင့်စကားအဆုံး ရယ်ချင်သလိုလိုစိတ်ကို မနည်းချုပ်ထိန်း ကာ အောင့်သက်သက်လေသံနှင့် လိုက်လျောပြောလိုက်ရသည်။

"ကဲပါရှင် . . . အင်းတွေအဲတွေ နောက်မှပြော၊ မြန်မြန် သွားပြုစုလိုက်ပါ၊ မိုင်က ဘာအရေးကြီးလဲ"

နောက်ထပ်ပြောလိုက်တဲ့ သူမစကားကြောင့် တမန် ခေါင်းညိတ်ရင်း နေရာမှ အမြန်ထလိုက်ရသည်။





ဒီလိုမှမဟုတ်ရင် မိုင်က သူ့ကို အမျက်တော် ရှူးမည် ကိုး . . .။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

မင်းသား မင်းသမီးဖြစ်ရတာ သာမန်လူတွေထက်ကို နှစ်ဆသုံးဆ အလုပ်ပိုသည်ဟု သူ ထင်မိသည်။

အခုပဲ ကြည့်လေ။

ခေတ်သစ်နဲ့ တမန်က ဒီနှစ်ထဲမှာ နှစ်ဆယ့်သုံးနှစ် ပြည့်ကြတာချင်းအတူတူ ခေတ်သစ်မွေးနေ့က ပိုပြီး ဗာဟီရတွေ များလေသည်။



www.bumeseclassic.com

www.burmeseclassic.com



ခေတ်သစ်ထက် တစ်လကျော်ကျော်လောက်လေး စော ပြီး နှစ်ဆယ့်သုံးနှစ်ပြည့်ခဲ့တဲ့ တမန့်မွေးနေ့က ဘုရားသွားတ လော်က်၊ မိဘမဲ့ကလေးတွေကို အလှူအတန်းတစ်ခုခု သွားလု တာလောက်နှင့် တစ်နေ့တည်း ကိစ္စပြီးခဲ့ရပေမယ့် ခေတ်သ အလှည့်ကျတော့ မွေးနေ့ပွဲသတင်းကို မီဒီယာပေါင်းစုံ အသိပေ ရတာနှင့် ထူးထူးခြားခြားဖြစ်အောင် ဦးဦးဖျားဖျားသတင်းလာ ယူကြတာတွေနှင့် မျက်စိနောက်စရာ၊ စိတ်ရှုပ်စရာတွေချည်းပင်။

ခေတ်သစ်ကိုယ်တိုင်လည်း လူကိုယ်တိုင် လိုက်ဖိတ်။ ဖိတ်စာတွေ နှံ့အောင်ပို့နိုင်းရ၊ မွေးနေ့ပွဲကျင်းပမည့်နေရာတွေ လိုက်စီစဉ်ရနှင့် အတော်လေး ပင်ပန်းရလေသည်။

တမန်ကျတော့လည်း မသက်သာလှ။ မနက်ပိုင်း ဘု ကြီးဆွမ်းကပ်ဖို့ အစီအစဉ်ကို အစအဆုံးတာဝန်ယူထားရသ အပြင် အသေးအဖွဲကိစ္စလေးတွေကအစ ဘာမှလစ်ဟင်းမှု အောင်လည်း ဂရုစိုက်ရဦးမည်။ မွေးနေ့ရှင်ရဲ့အမေ အန်တီ





ကတော့ တမန့်မေမေနှင့် တိုင်ပင်ပြီး အဝတ်အစားတွေ၊ လက် ဝတ်ရတနာတွေအတွက် မွေးနေ့ပွဲလာတဲ့မင်းသမီးတွေထက် ဘယ် လိုပိုပြီး ဆန်းပြား သားနားအောင် ထွင်ဝတ်ရမလဲဆိုတာကို ဒီဇိုင်နာနှင့် ခေါင်းချင်းရိုက်ပြီး ချုပ်ကြအပ်ကြလို့ မဆုံးနိုင်တော့ ချေ။ တစ်ခါတလေ တမန် ကားမောင်းပို့ရတဲ့အလှည့်နှင့်ကြုံလျှင်-

"သားရေ. . . တမန်၊ ဒီအရောင်လေးက အန်တီနဲ့လိုက် ရဲ့လား၊ နုံ့သာရောင်ဆိုတော့ ညပွဲဝတ်လို့ မဖြစ်ဘူးနော်၊ ကြက်သွေးရောင်က ပတ္တမြားတွေနဲ့ဝတ်ရင်တော့ လိုက် ပါရဲ့၊ အရမ်းရိုင်းသွားမလားလို့၊ ဒီသခွားရောင်လေးက ဘိုဆန်ပေမယ့် လက်ဝတ်ရတနာ ရွေးရခက်သလိုပဲ"

စသဖြင့် အကြံဉာဏ် တောင်းလေ့ရှိသည်။ ထို့နောက် တမန်က အင်း . . . အဲ လုပ်၊ ခေါင်းတွေကုပ်နေပြီဆိုလျှင်. . .

"အို. . . မထူးပါဘူး၊ မမခင် ရွေးပေးထားတဲ့ဝတ်စုံတွေ ပဲ ပွဲမပြီးမချင်း ထည်လဲဝတ်တော့မယ်၊ ရတနာ ရွေးရ



www.burmeseclassic.com

www.burmeseclassic.com



ခက်လည်း ဖန်စီတွေပဲ ဝတ်လိုက်မယ်"

ဟု သူမရဲ့အဆိုပြုချက်ကို ကိုယ်တိုင် ထောက်ခံ အဆုံး သတ်လေ့ရှိသည်။

ခေတ်သစ်နှင့်တွေ့လျှင်လည်း တစ်မျိုး ခေါင်းစားရသေး သည်။ မင်းသားပီပီ လှပစမတ်ကျချင်သော ခေတ်သစ်က မွေး နေ့ပွဲအတွက် ဝတ်စုံတွေကို တကူးတက ရွေးဝယ်လာကာ တမန် နှင့်ပင် တိုင်ပင်ပြန်သည်။

"တမန် . . . ငါ့ဝတ်စုံတွေ ချုပ်ပေးတဲ့ ဒီဇိုင်နာကတော့ ပွဲအတွက် စီစဉ်ပေးတာ ပန်းရောင်တဲ့၊ အဲဒါ ကောင်းပါ့ မလား"

တမန် မျက်လုံးပြူးရပြန်သည်။ ပန်းရောင်နှင့်စပ်သော အသုံးအဆောင်ဆိုလို့ အိပ်ရာခင်းတွေ၊ ခေါင်းအုံးစွပ်တွေသာ သုံး ဖူးသော တမန့်အဖို့ ခေတ်သစ်ရဲ့ အင်္ကျီပန်းရောင်ကြီးကို ကြည့်ပြီး ငိုရမလို၊ ရယ်ရမလို ဖြစ်သွားရသည်။





"ငါ့စိတ်ထဲရှိတာ ပြောရရင်တော့ ပန်းရောင်ကြီးက မိန်းမ ဆန်နေမလားပဲ"

"မိန်းမဆန်တာ မဟုတ်ဘူး တမန်ရ၊ အဲဒါ ကိုရီးယား ဆန်တာ၊ ငါ့ဆံပင်အရောင်နဲ့လည်း အဆင်ပြေတယ်လေ၊ အစိမ်းနုကျတော့ ကြောင်နေမှာစိုးလို့၊ အပြာကျတော့ လည်း လူ ပိုရင့်သွားတယ်ကွ၊ အပေါ်က ကုတ်အဖြူနဲ့ ဆိုတော့ ပန်းရောင်ပဲ ကောင်းပါတယ်"

"အေးလေ. . . မင်းကြိုက်ရင် ပြီးတာပဲ၊ ငါက ဘာနား လည်တာမှတ်လို့"

တမန့်စကားအဆုံး ခေတ်သစ်က ရှိခနဲ လေချွန်ရင်း အင်္ကျီတွေကို ချိတ်နဲ့ နေရာတကျ ပြန်ထားသည်။

"ဒါနဲ့ . . . မင်းရော ဘာဝတ်မှာလဲ"

"ဘာကိုလဲ၊ ငါက ဘာဝတ်ဝတ် ရပါတယ်"

"အဲလိုမဟုတ်ဘူးလေကွာ၊ ပွဲနေ့ပွဲထိုင် စီစဉ်ထားတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဂျင်းပင်နဲ့ စပို့ရှပ်တော့ မလုပ်ပါနဲ့ကွာ"

မိန်းမကြီးလို နေရာတကာ လိုက်မြင်နေတတ်သော ခေတ် သစ်ကြောင့်လည်း သူ ပြုံးရပါသည်။ ငယ်ငယ်က ကျောင်းခန်း မှာ ဘောပင်တွေ အဖုံးမပိတ်ဘဲ အိတ်ထဲ ထောင်ထည့်သည့် တ အကျင့်ကိုလည်း ခေတ်သစ်က အမြဲသတိတရ ဝေဖန်တတ် သည်။ အသားညှိုရတဲ့အထဲ တမန်မို့ ဝတ်လိုက်ပြီဆိုလျှင် မှိုင်း သွားတတ်တာလည်း အမြဲလိုမို့ အဝတ်အစားကိစ္စပါ တခုတ် လိုက်သတိပေးခြင်း ဖြစ်ပါသည်။

"အေးပါကွာ၊ ငါ့အတွက် ပူမနေပါနဲ့၊ မင်း မပြောလ အခုလောက်ဆို မေမေက ငါ့ကိုယ်စား အားလုံးစီစဉ် ပြီးလောက်ပါပြီ"

ဒီတော့မှ ခေတ်သစ်က စိတ်ချသွားသလို ခေါင်းည လေတော့၏။

"ဒါနဲ့ ငါ မင်းကိုတိုင်ပင်ရဦးမယ် တမန်၊ အခုမွေး





မှာ ငါနဲ့ မေခ အမှတ်တရ အစီအစဉ်ကလေးတစ်ခု လုပ် မလားလို့ စဉ်းစားနေတာ၊ မေခကတော့ အားလုံးကို အသိပေးစေချင်နေပြီ၊ စေ့စပ်တာမျိုး မလုပ်သေးတောင် ငါတို့ ချစ်သူတွေဖြစ်နေပြီဆိုတဲ့အကြောင်း အားလုံးကို ဖွင့်ပြောလိုက်ရရင် ကောင်းမလားပေါ့"

ခေတ်သစ်စကားကြောင့် သူ ဖျတ်ခနဲ မျက်မှောင်ကျုံ့ လိုက်မိသည်။ မေခဆိုတာ နာမည်ရနေပြီဖြစ်တဲ့ တက်သစ်စ မော် ဒယ်တစ်ဦးဖြစ်ပြီး မကြာသေးခင်ကမှ ခေတ်သစ်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတာပင်ဖြစ်၏။

မေခက ခေတ်သစ်ထက် နှစ်နှစ်ကျော်လောက် ငယ်ပြီး မိဘအသိုင်းအဝိုင်းက ပြည့်စုံချမ်းသာသည်။ ဆေးတက္ကသိုလ်တက် ရန် အမှတ်မီပေမယ့် သူမဝါသနာပါရာ မော်ဒယ်သင်တန်းတက် ရင်း အဆိုတော်ဖြစ်ဖို့ ကြိုးစားနေသူလည်းဖြစ်သည်။ ခေတ်သစ်နဲ့ အစစအရာရာ လိုက်ဖက်တင့်တယ်သူဖြစ်တာကြောင့် နှစ်ဖက်မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း သဘောကျသည်။

လက်ထပ်မယ်ဆို ချက်ချင်းလက်ထပ်လို့ရသည့် အခြေ အနေမှာ ရှိပေမယ့် နှစ်ယောက်လုံးက အနေအထိုင် သိုသိပ်ပြီး သူတို့အကြောင်း သိသူလည်း ရှားသည်။

“တမန်. . . ငါပြောတာ ကြားလား”

“ဟော. . . အေး၊ ကြားပါတယ်”

“ကြားရင်လည်း တစ်ခွန်းတလေ ပြန်ပြောဦးလေကွာ၊ မင်းကလည်း ဒါလေးမေးမိတာကို ကြက်ကြီးလည်လိမ် ထားတဲ့အတိုင်း ဘာဖြစ်သွားတာလဲ”

ခေတ်သစ်ပြောမယ်ဆိုလည်း ပြောချင်စရာ။ တမန် စဉ်း စားနေလိုက်တာ တော်တော်ကြာသွားသည်။

သူ့နားထဲမှာ ခေတ်သစ်မှာ ချစ်သူရှိလားဆိုတဲ့ မိုင့်မေး သံလေးကို ပြန်ကြားယောင်မိရင်း သက်ပြင်းရှိုက်လိုက်မိသည်။

“မေခက အသိပေးချင်တယ်တဲ့လား”





“သူကတော့ ငါ့ကို အဲလိုကြီး ဘယ်ထုတ်ပြောမှာလဲ၊ ဒါပေမဲ့ သူ့အိမ်ကိုတောင် အသိပေးပြီးပြီဆိုတော့ ငါ့ဘက်က လူတွေရော၊ လုပ်ဖော်ကိုင်ဖက် အသိုင်းအဝိုင်းတွေကိုလည်း သိစေချင်တာပေါ့၊ အဲဒါ မွေးနေ့ပွဲမှာ ကြေညာလိုက်ရင် ကောင်းမလားလို့”

ခေတ်သစ်က သူ့မျက်နှာ အရိပ်အကဲကို စောင့်ကြည့် အကဲခတ်နေလေသည်။

“ငါကတော့ ဒီအကြောင်းကို ဖွင့်မပြောစေချင်သေးဘူး၊ ဘာလို့လဲဆိုတော့ ဒီသတင်းပြောလိုက်ရင် မင်းတို့နှစ်ယောက်အတွက် ဘာမှအကျိုးရှိလာမှာမှ မဟုတ်ဘဲ၊ စာနယ်ဇင်းသမားတွေအတွက်ပဲ ဖွလို့ကောင်းတဲ့သတင်း တစ်ပုဒ် ဖြစ်သွားမှာ၊ ပြီးတော့ အိမ်ထောင်ပြုဖို့ အလားအလာရှိတဲ့. . . အနုပညာသမားတစ်ယောက်အတွက် နာမည်ထိခိုက်လာနိုင်စရာတွေ အများကြီးရှိတယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ မပြောဘဲထားတာက ပိုကောင်းလိမ့်မယ် ထင်တယ်၊ သိတဲ့လူလည်း သိနိုင်ပါစေပေါ့၊ ဘာဖြစ်လဲ"

တမန့်စကားအဆုံး ခေတ်သစ်က ခေါင်းတစ်ချက်ညိတ်ပြီး အသံတိတ် ထောက်ခံလေသည်။

"မေမေကလည်း ငါ့ကို အဲလိုပဲ ပြောတယ်၊ နာမည်ကျော်မှာဘာညာတွေ စိုးရိမ်တယ်ပေါ့၊ လက်ထပ်ခါနီးလောက်မှ အသိပေးတာမျိုးပဲ ဖြစ်စေချင်တယ်တဲ့၊ ငါတို့လက်ထပ်ဖို့ကလည်း သုံးနှစ်လောက် လိုသေးတာဆိုတော့. . ."

ခေတ်သစ်က စကားကို တစ်ဝက်မှာပဲ ရပ်ထားလိုက်သည်။ တမန်လည်း ခေတ်သစ် စောစီးစွာ အိမ်ထောင်ပြုလိုက်မှာကို မလိုလားပါ။

သူ့စိတ်အတိုင်းသာဆို ချစ်သူတွေဘဝမှာပဲ အပူအပင်ကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် နေစေချင်သေးသည်။ ပြီးတော့ ခေတ်သစ်ကို ချစ်မြတ်နိုးသည့် မိုင်တို့လို အမာခံပရိသတ်တွေ





လျော့နည်းမသွားစေချင်ပါ။

ခေတ်သစ်မှာ တိတိကျကျ ရည်ရွယ်ထားပြီးသူရှိကြောင်း မိုင် သိလျှင် စိတ်ထိခိုက်နေမလား ဟု ကြံဖန်ပြီးလည်း တွေးပူမိပါသေးသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

အနုပညာလောကက နာမည်ကြီး မင်းသား မင်းသမီးတွေအကြောင်းနှင့် ရုပ်ရှင်သတင်းတွေသာ အသားပေး ဖော်ပြတတ်သော ဂျာနယ်က မိုင့်အကြိုက်ဆုံးထဲမှာ တစ်ခုပါသည်။

မိုင်က သတင်းတွေဖတ်ပြီးလျှင်လည်း တိတ်တိတ်မနေ၊ အိတုံတို့အုပ်စုနှင့် အဖွဲ့ကျပြီး ဘာမသိ ညာမသိ ဝေဖန်ရေးတွေလည်း လုပ်ကြပါသေးသည်။



www.bumeseclassic.com

www.burmeseclassic.com



"ဟယ် . . . ကြည့်ပါဦး၊ ဒီမှာ တမန်ပါတယ်တော့၊ ဘာ
တဲ့ . . . သဘာဝကျကျ ဇာတ်ကောင်စရိုက်မျိုးနဲ့ သရုပ်
ဆောင်လောကထဲ လှမ်းဝင်လာတဲ့ ကောင်လေးတဲ့၊ ဟိ
ဟိ . . . သူ့ရုပ်ကြီးကိုများ ဂျာနယ်ထဲ ပြူးတူးပြဲတဲ ထည့်
ပြီး အမွှန်းတင်ထားလိုက်တာ"

"ဘယ်မှာလဲ . . . တမန့်ပုံဆို ကြည့်ချင်တယ်၊ သူက သိပ်
အချောကြီးမဟုတ်ပေမယ့် အကြည့်ခံတယ်ဟဲ့"

အလုပ်ထဲက ကောင်မလေးတချို့ မိုင့်ဘေးနား ဝိုင်းအုံ
လာသည်။

"အမယ်လေး . . . ဒီရုပ်ကိုများ အကြည့်ခံတယ်လေး ဘာ
လေးနဲ့၊ ဘယ်သူတွေက အကြည့်မခံဘဲ ထွက်ပြေးနေလို့
လဲ"

"ဟဲ့ . . . တူမလား၊ တချို့က ရုတ်တရက်ကြည့်ရင် လှ
သလိုလိုဘာလိုလိုနဲ့ သေသေချာချာကြည့်မှ ဟိုက တစ်





မျိုး၊ ဒီကတစ်မျိုး ဖြစ်ကုန်တာ"

Packing က မိုးစုထွေးစကားကြောင့် အားလုံး ဝါးခနဲ ထရယ်ကြတော့သည်။

"ဒါလား ချောတာ၊ ကြည့်ပါဦး၊ ဓာတ်ပုံကြီးကလည်း လူ
ပျောက်ကြော်ငြာတာ ကျနေတာပဲ"

တမန်က အပြင်မှာ ပြုံးပြုံးရယ်ရယ်နှင့် သိမ်သိမ်မွေ့မွေ့ မျက်နှာက သိပ်ကြည့်ရမဆိုးပါ။ ခပ်တည်တည်နေလည်း သဘော ကောင်း၊ မနောကောင်းပုံမျိုးလေး ဖြစ်နေတတ်တာမို့ အားလုံးက မှတ်မှတ်ရရ သတိထားမိကြပါသည်။

ဒါပေမဲ့ ဂျာနယ်ထဲက ပုံမှာတော့ ဓာတ်ပုံရိုက်တာ မနေ တတ်သလို မှုန်ကုပ်ကုပ် ရှုတင်းတင်းဖြစ်နေပြီး ကင်မရာကို ကြည့် နေပုံကိုက တစ်မျိုးဖြစ်နေလေသည်။

ထို့ကြောင့် မိုင်က ပျစ်ပျစ်နှစ်နှစ်ကို ဝေဖန်နှိပ်ကွပ်ပစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး မိုင်ရယ်. . . နင်မကြိုက်တိုင်း ချိုးချိုးဖဲ့ဖဲ့ မပြောပါနဲ့၊ အဲလောက်လည်း မဆိုးသေးပါဘူး၊ ဒါ နေ တာထိုင်တာ ဣန္ဒြေရတာဟဲ့"

"ဟုတ်ပါ့၊ ဟိုက သူ့ကို အရမ်းခင်တာ၊ သူက တမန်သို့ အကောင်းကို မမြင်တတ်ဘူး"

အိတုံ့စကားကြောင့် အားလုံးရဲ့ စိတ်ဝင်တစားအကြည့် တွေက မိုင့်ဆီ ဝိုင်းခနဲရောက်လာသည်။

"မိုင်က တမန်နဲ့ခင်တယ်၊ ဟုတ်လား၊ မပြောဘူးနော် သိပ်လျှိုတာပဲ"

"ဟုတ်တယ် မိုင်၊ ဒါတော့ မတရားဘူး၊ ခင်မင်မှုဆိုတာ လုယူလို့ရတာမဟုတ်ပါဘူး၊ ဘာလို့ မိုင်က တိတ်တိတ် လေး ထားတာလဲ"

တစ်ယောက်တစ်မျိုး ဝိုင်းပြောကြတာ စကားတွေကို မိုင် သည်းမခံနိုင်တော့။ အဆိုးဆုံးနဲ့ အခံရခက်ဆုံးက မိုင်က တမန်





ကို မက်မက်မောမော အပိုင်စီးထားသည့်ပုံစံတွေမို့ ဒေါသလည်း ဖြစ်မိသည်။

"ဟာ . . . ဘာတွေလျှောက်ပြောနေတာလဲ၊ တော်ကြပါ တော့၊ အဲဒီလူကို နင်တို့ပဲ ယူ၊ နင်တို့ပဲ ကြိုက်ကြ၊ ငါက လုံးဝပဲ"

မိုင့်အော်သံ စူးစူးလေးအဆုံး ချောစုဝါက ပုခုံးကို ဟန် ပါပါတွန့်ရင်း . . .

"ဟင်း ဟင်း . . . အဲလို မကြည်မဖြူ စွန့်ကြပေးကမ်း တာကြီးတော့ တို့တွေက မယူချင်ပေါင်၊ ကြည်ကြည်သာ သာ နှင်းအပ်လာရင်တော့ လက်ခံဖို့ စဉ်းစားမယ်လေ" ဟု နောက်လိုက်ရာ မိုင် ဒေါသတကြီး ဆဲရေးမိသွား တော့သည်။

"သွားသေလိုက်. . . အစုတ်အပြတ်မတွေ"

လက်ထဲက စာစောင်ကို ဖရိုဖရဲ ပစ်ချခဲ့လိုက်ပြီး ထို နေ



www.burmeseclassic.com

www.burmeseclassic.com



ရာက ထွက်လာလိုက်သည်။ အိတ်ကြီးက မိုင် အသည်းအသန် ဒေါသ ထွက်သွားတာကို ကျိတ်ပြီး သဘောကျကာ တဟဲဟဲရယ်နေတော့ သည်။

"ဟဲ့ဟဲ့ . . . ဒီမှာ လာကြည့်စမ်း၊ ဒီမှာ ခေတ်သစ်မွေး တဲ့၊ လာမယ့် နှစ်ဆယ့်တစ်ရက်နေ့မှာတဲ့၊ ဒါ ပရိသတ် အောင် ကြိုပြောထားတာဖြစ်မယ်၊ ဟယ် . . . ကန်တော ကြီး မျှော်စင်ကျွန်းမှာ လုပ်မှာတဲ့"

တမင် အသံမြှင့်ပြီး အော်လိုက်တဲ့ မမသက်ထားအ ဆုံးတော့ မိုင် မနေနိုင်ဘဲ စိတ်ကောက်နေရာက ပြန်းဆို ထ လာတော့သည်။

"ဘယ်မှာလဲဟင်. . . ဘယ်မှာလဲ"

ပါးစပ်က မေးသံမဆုံးခင် လက်က စာစောင်ကို ဖျတ် ဆွဲယူလိုက်မိပြီးသား ဖြစ်သွားတော့သည်။ ထို့နောက် စာစော တစ်ခုလုံးကို စားမတတ် ဝါးမတတ် စူးစိုက်ဖတ်ကာ . . .





"ဟယ် . . . ဟုတ်ပါရဲ့၊ သေချာမကြည့်မိဘူး"

ဟု တတွတ်တွတ်ပြောနေလေ၏။

ထိုနေ့တစ်နေ့လုံး ဘာကိုဝမ်းသာမှန်းမသိ ဝမ်းသာနေမိ က မိုင်တစ်ယောက် သီချင်းလေး တညည်းညည်းနှင့် အလုပ်လုပ် နေတော့၏။

ဘယ်သူတွေက မိုင် ရူးတယ်ပြောပြော အလျဉ်းဂရုမစိုက် ပါချေ။ မိုင့်ရဲ့ ခံယူချက်က ယနေ့ည စိတ်ကူးယဉ်အိပ်မက်က မနက် ဖြန်အတွက်ဆိုပဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

အေးစိမ့်စိမ့် မွှေးမြမြ အနံ့အသက် အထိအတွေ့အသစ်အဆန်းအားလုံးက မိုင်ရဲ့စိတ်နှလုံးကို လုံးဝ သိမ်းပိုက် ညှို့ငင်ထားလိုက်တော့သည်။

မော်ဒယ်အမြင့်ဆုံး နောက်ဆုံးပေါ် ကားကြီးပေါ်မှာ အိစက်ညက်ညောစွာ ထိုင်ရင်း ခေတ်သစ်ရဲ့ မွှေးနေ့ဖိတ်စာကဒ်လေးကို ရင်မှာ ဖိကပ်ပွေ့ဖက်လိုက်၊ ညင်သာဖွဖွလေး နမ်းရှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မိုင် အိပ်မက်ကမ္ဘာထဲကို အပြီးတိုင် ရောက်နေရသည်။

"မိုင့်လက်ကို ရိုက်ကြည့်စမ်း တမန်"

မိုင့်စကားကြောင့် တမန်က ကားမောင်းရင်း တအံ့တဩ လှည့်ကြည့်လေသည်။

"ဘာဖြစ်လို့လဲ မိုင်"

"အခု မိုင် အိပ်မက်မက်နေသလားလို့"

မိုင့်စကားကြောင့် တမန့်ရင်ထဲက သြော်. . . ဖြစ်ရလေ မိုင်ရယ်လို့ပဲ ကျိတ်ပြီး ညည်းညူလိုက်မိတော့သည်။

"တကယ်တော့ လူတွေရဲ့ဘဝဆိုတာ အိပ်မက်တစ်ခုပါ ပဲ မိုင်ရယ်၊ တစ်ခါတလေတော့လည်း အိပ်မက်ထဲ ... စရာကောင်းကောင်းတွေ စား၊ လိုချင်တာတွေ ရပြီး ... စရာဖြစ်နေရော၊ တစ်ခါတလေကျတော့ စိတ်မကောင်း စရာ၊ ထိတ်လန့်စရာတွေနဲ့. . . ဝမ်းနည်းစရာ ကောင်း... ကောင်း ဖြစ်နေတတ်တာပေါ့၊ ပြီးသွားရင်သာ ...





မဟုတ်တော့တာ၊ လန့်မနိုးမချင်းတော့. . . အဲဒါတွေက အဓိပ္ပာယ်ရှိတယ်လေ"

"မိုင်ကတော့ အခုဟာက အိပ်မက်ဆို ဘယ်တော့မှ အိပ်ရာက မနိုးထချင်ဘူး၊ သိလား"

စကားအဆုံး မိုင်က ခစ်ခနဲရယ်သည်။

"ပျော်စရာကောင်းတဲ့ အိပ်မက်တွေချည်းပဲ ဆက်တိုက် မက်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

"မိုင်လေ . . . အစက တော်တော်အားငယ်မိတာ၊ ခေတ် သစ်ကလည်း မိုင့်ကိုသိပ်အရေးမလုပ်ဘူး မှတ်လား၊ ခု မှ သူ့မွေးနေ့ကို မိုင်လာဖို့ တကူးတကစီစဉ်ပေးတယ် ဆိုတော့ ပျော်လိုက်တာ အရမ်းပဲ၊ သိလား"

မိုင်က သူ့ရင်ဘတ်လေးကို ဖိကာ ခေါင်းလေးရမ်းကာ နှင့် လိုက်မောပျော်ရွှင်ဖွယ် ပြောပြလေသည်။ သူ မိုင့်မျက်နှာ ဖူးဖူးလေးကို ဘာရယ်မဟုတ် ငေးမောမိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်သော အပြစ်ကင်းစင်မှုမျိုးနဲ့ တန်ဆာဆင်ထားတာကလွဲပြီး ဘာထည်ဝါခမ်းနားမှုမှမရှိသော ဤကလေး ကို သူ ဘာကြောင့် ချစ်မိရပါသလဲ။

မိုင့်တစ်ကိုယ်လုံးကို တမန် ရှုတ်တရက် ဝေ့ဝဲအကဲခတ် လိုက်မိတော့ မိုင် ဝတ်စားဆင်ယင်လာတာတွေက သူတို့အသိုင်း အဝိုင်းမှာ ဘယ်လိုမှ ပေါ်လွင်ထင်ရှားစွာ ဝင်ဆံ့နိုင်မှာမဟုတ်တာ သတိပြုလိုက်မိ၏။

တမန် လက်ကနာရီကို တစ်ချက်ကြည့်လိုက်တော့ မွေး နေ့ပွဲစဖို့ နာရီဝက်တိတိ လိုသေးသည်။

သူ သွားနေရာလမ်းကြောင်းပေါ်မှာ ရှိနိုင်မည့် အနီးစပ် ဆုံး Fashion Shop တစ်ခုကို အပြေးအလွှားစဉ်းစားလိုက်တော့ ဘာမှစဉ်းစားမရ။ နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး သူ့အသိထဲက Fashion Shop တစ်ခုဆီ ကားကို ဦးတည်မောင်းနှင်လိုက်သည်။

သွားရမယ့်နေရာနှင့် နီးစပ်တာ၊ မနီးစပ်တာတွေ စဉ်းစား





မနေနိုင်တော့။ တမန့်စိတ်ထဲမှာ မွေးနေ့ပွဲတွင် နာမည်ကြီး မင်းသမီးတွေနှင့်တန်းတူ မိုင် လှနေရမည်ဟူသော ဆန္ဒဇောတစ်ခုသာ ရှိတော့သည်။ ကော်ပတ်ရှပ်တွေမှာ ဝတ်ဆင်ပေးထားသည့် အဝတ်အစားတွေထဲက မိုင်နှင့်လိုက်ဖက်လှပမည့် အင်္ကျီဒီဇိုင်းကို စိတ်ကူးနှင့် အရင်ကြိုတင်မှန်းဆနေမိသည်။

ဖြူဝင်းသော အသားအရေနှင့် သေးသွယ်ကျစ်လစ်သော မိုင့်ခန္ဓာကိုယ်လေးမှာ ဘာဝတ်ဝတ် အံဝင်ခွင်ကျဖြစ်နေမှာလည်း အသေအချာပင်။

ပြီးတော့ မြင့်မြင့်စွင့်စွင့် သူမခန္ဓာကိုယ်လေး လူပုံအလယ်မှာ ထင်းထင်းလင်းလင်း ကျော့ရှင်းလှပစေဖို့ ကြိုးသိုင်းဒေါက်မြင့် ရှူးလေးတစ်ရံ။

အားလုံးပေါင်းစပ်လိုက်လျှင် မိုင်က ပုံပြင်ထဲက စင်ဒရဲလားလေး ဖြစ်သွားလိမ့်မည်။ ထိုအခါ ခေတ်သစ်က မင်းသားလေး ဖြစ်နေမှာလား။



www.burmeseclassic.com

www.burmeseclassic.com



တမန် ကိုယ့်အတွေးကို မနှစ်မြို့စွာ ခေါင်းကို ခပ်သွက်သွက် ခါရမ်းပစ်လိုက်မိသည်။

"တမင်္"

"ဗျာ"

အထိတ်တလန့်ဆန်လှသော မိုင့်အော်သံကြောင့် သူ ရုတ်တရက် အတွေးစတွေ ပြတ်တောက်သွားရသည်။

"ရှင် . . . ရှင် ဘယ်ကိုမောင်းနေတာလဲ တမန်၊ သွား။ မှာက ကန်တော်ကြီးလေ၊ အခု ဒါ ဘယ်ကိုသွားနေတာ လဲ"

မိုင်က ဘေးဘီကို အလန့်တကြားဝေ့ဝဲကြည့်ရင်း ခ လိုက်တာကြောင့် သူ ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။

"တမန် . . . မေးနေတာဖြေလေ၊ ရှင် အခု ဘယ်က မောင်းနေတာလဲလို့"

"ကျွန်တော် . . . ကျွန်တော် မိုင့်ကို မွေးနေ့ပွဲ လိုက်ပို့မှာ





ပါ၊ ဒါပေမဲ့ မိုင့်အဝတ်တွေ၊ အဝတ်တွေ . . ."

မိုင်က သူ့ကိုယ်သူ ဖျတ်ခနဲ ငုံ့ကြည့်သည်။ မိုင့်မျက်နှာက ကြောက်ရွံ့တာရော၊ ဒေါသတွေပါ ရောထွေးလျက် နီစွေးနေတော့၏။

"ဘာ . . . မိုင့်အဝတ်တွေက ဘာဖြစ်နေလို့လဲ၊ ရှင် ဘာသဘောနဲ့ မွေးနေ့ပွဲကို မသွားတာလဲ"

မိုင် အခုလောက် ထဖြစ်လိမ့်မည်လို့ သူ လုံးဝမထင်မှတ်ထားခဲ့တာကြောင့် တမန် ဖြေရခက်သွားသည်။

"စိတ်ကို အေးအေးထားပါ မိုင်၊ ကျွန်တော် အခုမောင်းနေတာ Fashion Shop တစ်ခုကိုပါ၊ အဲဒီမှာ မိုင့်အတွက်. . ."

"မယုံဘူး၊ ကျွန်မ မယုံဘူး တမန်၊ ရှင် သက်သက်ညာ မျှားနေတာ၊ ဘယ်ဆိုင်ကိုမှ သွားစရာအကြောင်း မရှိတော့ဘူး၊ အခုချက်ချင်း ကားကိုရပ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"မိုင် . . . မိုင် ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့၊ ကျွန်တော် မွေးနေ့ပွဲကို တကယ်သွားမှာပါ၊ အခု သွားနေတာ . . ."

"ဟင့်အင်း . . . မယုံဘူး၊ ရှင်မညာနဲ့ တမန်၊ အခု ကား ရပ်ပေး၊ ကျွန်မဘာသာ သွားလို့ရတယ်၊ ရှင်နဲ့လိုက်လာ မိတာ မှားတယ်၊ ရှင် လူညာ"

မိုင့်အသံက မောဟိုက်နွမ်းလျ စိတ်လှုပ်ရှားစွာ လှိုင်းထ နေသည်။ ဒေါသကြောင့် ပန်းရင့်ရောင် ပြေးနေရာမှ ကြောက်ရွံ့ ထိတ်လန့်ဟန်အပြည့်နှင့် သွေးဆုတ်ဖြူလျော်လာသည့် မျက်နှာ လေးက သနားစဖွယ်။

"မိုင် . . . စိတ်လှုပ်ရှားနေလို့ပါ၊ ကျွန်တော်ပြောတာ လက်ခံပါ၊ မိုင့်ကို လိုက်ပို့မှာ၊ ကျွန်တော် မိုင့်ကို လက် ဆောင်တစ်ခု ဝယ်ပေးချင်လို့"

မိုင်က မျက်လုံးအဝိုင်းသားနှင့် ဆံပင်တွေ ဖရိုဖရဲပွကျန် သည်အထိ ခေါင်းကို ခပ်သွက်သွက်ခါသည်။





နာရီကိုကြည့်တော့ ခုနစ်နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့ သည်။ ခေတ်သစ်မွေးနေ့ပွဲက စနေလောက်ပြီ။

"တမန် . . . ရှင့်ကို ကားရပ်ခိုင်းနေတယ်နော်"

ပါးစပ်ကလည်း အော်ဟစ်ပစ်ရင်း စတီယာရင်ပေါ်က တမန့်လက်ကို ကုပ်ဆွဲပစ်လိုက်သည်။

တမန် ကားမောင်းနေရာမှ အရှိန်လျှော့ပစ်ရင်း သူမ မျက်နှာကို လှည့်ကြည့်လိုက်မိသည်။ မီးရောင်ပျပျအောက်မှာ ဖြူ လျော်နေသည့်သူမမျက်နှာက သနားစဖွယ်ဖြစ်နေပေမယ့် မျက် လုံးအစုံက မီးဝင်းဝင်းတောက်လုမတတ် ခက်ထန်နေကာ၊ ထို အကြည့်စူးစူးထဲတွင် တမန့်ကို မုန်းတီးခြင်း၊ အထင်သေး ရွံ့ရှာ ခြင်းတို့ ပြည့်နှက်လို့နေတာ တွေ့လိုက်ရလေသည်။ ထိုအကြည့် များကြောင့် တမန့်ရင်ထဲ တဆစ်ဆစ်နာကျင်လာမိသည်။

"ကျွန်တော့်ကို အဲလိုမကြည့်ပါနဲ့ မိုင်၊ ကျွန်တော် လူယုတ် မာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တမန် နှုတ်ခမ်းကို တင်းတင်းစေ့ရင်း မျက်ခုံးတွေကို ကျုံ့ထားလိုက်သည်။ စိတ်လှုပ်ရှားခြင်း၊ ကြေကွဲဝမ်းနည်းခြင်းတို့ ပေါင်းစပ်ကာ ရင်က အဆမတန် ခုန်လာသည်။ စတီယာရင်ပေါ် မျက်နှာမှောက်ချပြီး ရှိုက်ကြီးတငင် ငိုချပစ်လိုက်ချင်စိတ်ကို မနည်း ချုပ်ထိန်းရင်း အံကို တင်းခနဲ ကျိတ်ပစ်လိုက်မိသည်။

"ဘာလို့ ကျွန်တော့်ကို အဲလောက်အထင်သေး ရွံရှာ ရတာလဲ မိုင်၊ ကျွန်တော့်ကို လူစိတ်ရှိတဲ့ ယောကျ်ား ကောင်းတစ်ယောက်အနေနဲ့ မြင်ပေးလို့ မရဘူးလား မင်းသားဖြစ်မှ လူကောင်းဖြစ်ရမှာလား၊ ဗီလိန် တစ် ယောက် လူကြမ်းတစ်ယောက်မှာရော ကောင်းတဲ့ ဗီဇ သန္ဓေ ပါမလာနိုင်တော့ဘူးလား၊ ကျွန်တော် မိုင့်ကို ချစ် တယ်၊ အဲဒါရော မိုင် ကန့်ကွက်ငြင်းဆန်မလား၊ မိုင် ကျွန်တော့်ကို ဘာလို့မုန်းနေလဲဆိုတာ သိတယ်၊ ဒါပေမဲ့ ကျွန်တော် စိတ်ဆိုးနာကြည်းပစ်လို့ မရဘူး၊ အဲဒါ မိုင့်ကို





ချစ်လို့"

"တော်တော့. . . မကြားချင်ဘူး"

မိုင်က နားနှစ်ဖက်ကို လက်နှင့်အုပ်ကာရင်း စူးစူးဝါးဝါး အော်သည်။

"မကြားချင်လည်း ပြောရမှာပဲ၊ ကျွန်တော် မိုင့်ကိုချစ် တယ်၊ ချစ်တာမှ ဟောဒီရင်ထဲကကို နှစ်နှစ်ကာကာ ချစ် နေမိတာ"

"မပြောနဲ့၊ ရှင် ဘာစကားမှ မပြောနဲ့၊ ကားကို အခုရပ် ပေး"

"မရပ်ပေးနိုင်ဘူး မိုင်၊ မိုင် ထင်ချင်သလို ထင်၊ စွပ်စွဲချင် တိုင်း စွပ်စွဲပြီး ကျွန်တော့်သိက္ခာကို ရစရာမရှိအောင် နင်းခြေဖျက်ဆီးပြီးမှ ဒီကားပေါ်က ဆင်းသွားမှာ၊ ကျွန် တော် အဲလိုအဖြစ်မခံနိုင်ဘူး"

တဖြည်းဖြည်း တင်းမာခက်ထန်လာတဲ့ တမန့်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မိုင် ကြောက်ရွံ့ဝမ်းနည်းလာမိသည်။ တရိပ်ရိပ်ပြေး တဲ့ကားကြီးပေါ်ကနေ သူမ ဆင်းလည်းမပြေးရဲဘဲ မျက်ရည် သာ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာမိသည်။

“မိုင် တောင်းပန်ပါတယ် တမန်၊ မိုင့်ကို သနားပါ မိုင် အိမ်ပြန်ပါရစေ”

မိုင့်စကားက သူ့ရင်ကို ဓားထက်ထက်နှင့် ဖြည်းဖြည်းချ ထိုးခွဲလိုက်သလို စူးနစ်နာကျင်သွားစေလေသည်။ သူ့ကို လူ လူမိုက်တစ်ယောက်လို ထိတ်လန့်ရွံရှာနေတဲ့အကြည့်နဲ့ ကြည့် အသနားခံ တောင်းပန်လိုက်တဲ့ စကားတစ်ခွန်းက သူ့နှလုံးသ အတွက် အဆိပ်ရည်တွေအဖြစ် ပြောင်းလဲစီးဆင်းကုန်တော့သည်

သူ ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချပစ်လိုက်သည်

“မိုင် . . . ကျွန်တော့်ကို ယုံလား၊ မယုံဘူးလား၊ တစ်ခွ ပဲ ပြောပါ”

မိုင်က မျက်ရည်တွေတွေကျရင်း ဘာမှမဖြေဘဲ ခေါင်း





သာ တွင်တွင်ရမ်းနေသည်။

“မဖြေလည်း ရတယ်၊ ကျွန်တော်သိတယ် မိုင်၊ မိုင် ကျွန်တော့်ကို မယုံဘူးဆိုတာ၊ အဲဒါဆို ဘာလို့လိုက်လာတာလဲ၊ ကျွန်တော့်ကို လူယုတ်မာတစ်ယောက်လို့ ထင်နေရင် ဘာလို့ လိုက်လာခဲ့တာလဲ၊ ဟုတ်တယ်၊ ကျွန်တော်က အကျင့်စာရိတ္တမကောင်းတဲ့ လူယုတ်မာ၊ မိုင့်ကို ကျွန်တော် ပြန်မပို့ဘူး၊ အခု ကျွန်တော့်အိမ်ကို ခေါ်သွားမယ်၊ မိုင် ဘယ်တော့မှ အိမ်ပြန်ရလိမ့်မယ် မထင်နဲ့”

စကားအဆုံး တမန် ကားကို အရှိန်ထပ်မြှင့်ပစ်လိုက်သည်။

“တမန် . . . ရှင် ရှင် တကယ်ပြောနေတာလား”

သူမစကားကို သူ ဘာမှတုံ့ပြန်ဖြေမနေတော့ဘဲ ရှေ့က ကားလမ်းကြောအရှင်းကိုသာ စောင့်ဆိုင်းပြီး ကျော်လို့ရသမျှ ကားတွေကို ကွေ့ပတ်ကျော်တက်ကာ အိမ်သို့ တရကြမ်း မောင်းချလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

မိုင်က သူ့လက်မောင်းတွေကို ထုရိုက်ကုပ်ဖဲ့ရင်း ကြောက်လန့်တကြား ငိုယိုရင်း ပါလာသည်။

ငိုစမ်း . . .။ ကြိုက်သလောက် ငိုပါစေ။

ယောကျ်ားတစ်ယောက်ရဲ့ မာနသိက္ခာဆိုတာကို တစ်ပြားဖိုးမှ ရစရာမရှိအောင် အထင်သေးချင်တဲ့ကောင်မလေး။

သူမဆန္ဒအတိုင်း ပြန်ပို့လျှင်လည်း တမန့်သိက္ခာက ဒီသည်လိုမှ အဖတ်ဆယ်လို့ ရမှာမဟုတ်တော့တာမို့ မထူးဇာတ်ပဲ ဆင်ရတော့မည်။

ပြီးတော့ သူ မိုင့်ကို အဆုံးရှုံးမခံနိုင်ပါ။

♥ ♥ ♥



## အခန်း(၁၅)

"စိုးရိမ်စရာမရှိတော့ပါဘူး၊ အကြောက်လွန်ပြီး သတိလစ်သွားတာ"

မ်သားစုဆရာဝန်ဖြစ်တဲ့ ဒေါက်တာသီဟရဲ့စကားအဆုံး တမန် သက်ပြင်းချလိုက်မိသည်။

ဆေးထိုးထားတာကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ သူမမျက်နှာလေးက ကလေးတစ်ယောက်လို အပြစ်ကင်း



www.burmeseclassic.com

www.burmeseclassic.com



စင်နေသည်။

ငိုထားတာမို့ မျက်နှာတစ်ခုလုံးလည်း နီရဲမို့အစ်နေပြီး ကုတင်ဘေးမှာ ခေါင်းငုံ့ မေးထောက်ထိုင်ရင်း သူ့မမျက်နှာလေး ကို တစိုက်မတ်မတ် ငုံ့မိုးကြည့်ရင်း ငြိမ်သက်နေမိသည့်တမန်

ရုတ်တရက် ထမြည်လာသော ဖုန်းသံကြောင့် ဆတ်ခနဲ ဖြစ်သွားရသည်။

"ဟဲလို့ . . . ခေတ်သစ်"

"အေး . . . ဟုတ်တယ်၊ ငါပဲ တမန်၊ မင်း ဘယ်တွေ လျှောက်သွားနေတာလဲ၊ အန်တီခင်လည်း စိတ်ပူနေတယ်၊ အက်ဆီးဒင့်တစ်ခုခု ဖြစ်သလားဆိုပြီး . . ."

"မဟုတ်ဘူး ခေတ်သစ်၊ ငါ မိန်းမခိုးသွားတာ"

"ဟေ . . ."

တမန့်စကားအဆုံး ခေတ်သစ်က တအံ့တသြပင် အာ မေဋိတ်သံ ပြုသည်။





"ဟုတ်တယ်၊ ငါ မိုင့်ကို ခိုးလာတာ၊ ကားတင်ပြေးလာ တာ ဆိုပါတော့"

ငြိမ်သက်တိတ်ဆိတ်စွာ အံ့သြသွားတဲ့ ခေတ်သစ်ကို သူ အကြောင်းစုံ ရှင်းပြလိုက်သည်။ ခေတ်သစ်က သူ ပြောပြတာတွေ နားထောင်ပြီး သက်ပြင်းချ၏။

"ဘာပဲဖြစ်ဖြစ်ကွာ . . . ဖြစ်လာမှတော့ အဆင်ပြေသလို ကြည့်လုပ်တာပေါ့၊ ဒါနဲ့ သူ အခု . . ."

"အိပ်နေတယ်၊ ကားပေါ်မှာ အသည်းအသန်ငိုလာတာ၊ ငါလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး လှည့်မကြည့်မိဘူး၊ အိမ် ရောက်မှ သတိလစ်နေမှန်းသိရတာ"

သူ့စကားအဆုံး ခေတ်သစ်က တဟားဟား ထရယ် သည်။

"အေး . . . အေးပါကွာ၊ ဒါနဲ့ အန်တီခင့်ကို တစ်ခါတည်း ပြောလိုက်ဦး၊ အရမ်းစိတ်ပူနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ မွေးနေ့ပွဲကျင်းပနေရာက အသံဗလံ ဆူညံ

ညံညံတွေကြားထဲမှာ မေမေ့အသံကို ကြားလိုက်ရတော့သည်။ ဖုန်း

ထဲမှာမို့ တော်သေးသည်။ မျက်နှာချင်းဆိုင် ပြောရလျှင် သူ ရှက်

တာနှင့် သေလောက်သည်။

"တမန်. . . သား အခုဘယ်မှာလဲ"

"အိမ်. . . အိမ်မှာ မေမေ၊ သား မိန်းမခိုးလာတယ်"

"ဘုရားရေ"

သူ့စကားကြောင့် မေမေတစ်ယောက် အထိတ်တလ

ဖြစ်သွားပုံရလေသည်။

"ဟုတ်တယ်မေမေ၊ ဖေဖေ မေးရင်လည်း အဲ့အတိုင်း

ဖြေပေးပါ"

"ဟဲ့. . . ဟဲ့. . . သား၊ ဘယ်က မိန်းမလဲ၊ ဘယ်သူလဲ

မေမေသိတဲ့အထဲကလား"

"အဲဒါတွေ နောက်မှမေးတော့ မေမေ၊ အခု သားမိန်း





နေမကောင်းလို့ ဒေါက်တာသီဟကို ခေါ်ရသေးတယ်"

"ဟယ်. . ."

မေမေ စကားတွေ ထပ်ရှည်တော့မှာ သိနေတာမို့ သူ

ဖုန်းပိတ်ချလိုက်သည်။

အိပ်ပျော်နေတဲ့ မိုင့်မျက်နှာကို ကြည့်ပြီး သူ ပြုံးလိုက်မိ

၏။ စကားထဲမှာ မိန်းမ, မိန်းမလို့ ထပ်ခါတလဲလဲ သုံးရတာကို

သူ သဘောအကျမိဆုံးပင်။

ဒါပေမဲ့ အိပ်မောကျနေတဲ့ မိုင့်လက်ဖျားလေးကိုတောင်မှ

မထိရက် မကိုင်ရက်တဲ့ သူ့အဖြစ်။ မိုင့်နဖူးဝင်းဝင်းလေးကို နမ်း

ချင်ပေမယ့်လည်း လုံးဝမနမ်းရဲပါ။

ဖရိုဖရဲဖြစ်နေတဲ့ဆံနွယ်လေးတွေကို အသာသပ်တင်ပေး

ရင်း သူ့လက်က မိုင့်နှုတ်ခမ်းလေးတွေပေါ် ရောက်ပြီး အသာ

အယာ တို့ထိကြည့်တော့ နှင်းဆီပွင့်၏ ပွင့်ချပ်လေးတွေ ကိုင်ရ

သလို နူးညံ့အိထွေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ထက်ထိ သူ ဘယ်မိန်းမတစ်ယောက်၏ နှုတ်ခမ်းကိုမှ မထိခဲ့ဖူးပါ။ နမ်းဖို့ဆိုတာ ပိုလို့ပင် မဖြစ်နိုင်သေးသည်။

သူ့ရင်တွေ တဖျတ်ဖျတ် ခုန်လာသည်။ အခု မိုင်က သူ့အခန်းထဲမှာ ရောက်နေပြီ။ နောက်နေ့တွေဆို အားလုံးက သူနဲ့မိုင့်ကို တရားဝင် အကြင်လင်မယားလို့ သတ်မှတ်လိုက်ကြတော့မည်။

သူ တွေးရင်း ပျော်သလိုလို ရယ်ချင်သလိုလိုနှင့် ဘာကိုမှန်းမသိ တွေးပြီး အူမြူးနေမိသည်။ အခန်းထဲမှာပဲ လှည့်ပတ်ပြေးချင်သလိုဖြစ်ကာ တကယ်တမ်းကျတော့ မိုင့်ဘေးနားက တစ်ဖဝါးမှလည်း မခွာချင်ပေ။

နီးနီးကပ်ကပ်လေးမို့ မိုင့်ကိုယ်သင်းရနံ့လေးကို ရှူရှိုက်မိသည့်အခါ သူ့ရင်ထဲက တဒိန်းဒိန်း ဆောင့်ခုန်နေသည့်အသံကို ကိုယ်တိုင်ပြန်ကြားနေရလေသည်။

ချစ်လိုက်တာ မိုင်ရယ်။ မိုင်ကတော့ ကိုယ့်ကို ဘယ်လို





တုံ့ပြန်ဦးမလဲ မသိဘူးနော်။

သူ့စိတ်ထဲက ခပ်တိုးတိုး ရေရွတ်ကြည့်ရင်း ဟက်ခနဲရယ်ချလိုက်မိသည်။

ထိုစဉ်မှာပင် . . .

"တမန်. . . သား. . . အမယ်လေး. . . မေမေက သား နောက်ပြောင်နေတယ် ထင်တာ"

ရွှေရောင်လက်ပွေ့အိတ်ကြီးကို တစ်ဖက်ကပိုက်ရင်း ဖြူပဝါကြီး တဖားဖားနှင့် မွေးနေ့ပွဲက ကသောကမျော ထပြန်ခဲ့ရဟန်ရှိသောမေမေက အခန်းထဲ ပြေးဝင်လာရင်း တမန့်အိပ်ရာပေါ်မှာ အိပ်ပျော်နေရှာသည့်မိုင့်ကို မြင်တော့ ခြေလှမ်းတွေ တုန့်ခနဲဖြစ်ကာ အလန့်တကြားအော်လိုက်လေတော့သည်။

တမန်က နှုတ်ခမ်းရှေ့မှာ လက်ညှိုးလေး ကပ်ရင်း . . .

"ရှူး. . . တိုးတိုးလုပ်ပါမေမေ၊ ခုန ရှော့ခ်ရထားလို့"

ဟု သတိပေးတော့ ဒေါ်မေခင်ကြည်ပြာမှာ ကယောင်



www.burmeseclassic.com

www.burmeseclassic.com



ကတမ်း ခေါင်းညိတ်ရှာလေသည်။

"အေးပါ သားရယ်၊ အေးပါ . . . မေမေဖြင့် မျက်စိနဲ့ တပ်အပ်သာ တွေ့ရတယ်၊ ယုံကို မယုံနိုင်ဘူး"

မေမေသည် ဘယ်တုန်းကမှ တမန့်မှာ ရည်းစားရှိသည် ဟု မကြားခဲ့ဖူးပါဘဲ ယခုမှ ဘွားခနဲ ပေါ်လာသော ချွေးမအသစ် စက်စက်ကို ခြေဖျားထောက်လျက် အခန်းဝမှရပ်ကာ ပြူးတူးပြတ် လိုက်ကြည့်လေသည်။ သားအခန်းထဲ အရင်က စွတ်ရွတ်ဝင်ခဲ့ပေ မယ့် ခုမှ မျက်နှာပူသလိုလို၊ ရှက်သလိုလိုဖြစ်ကာ အခန်းဝမှာ ရပ်နေရှာသော မေမေ့ကိုကြည့်ပြီး တမန် စိတ်မကောင်းဖြစ်မိ သည်။

"မေမေ, အခန်းထဲ ဝင်ခဲ့လေ"

"ဩော် . . . အေး၊ ဒါနဲ့ သူ . . . သူလေးက သား ရည်းစားလား"

"ရှင်းပြရင် အရှည်ကြီးပဲ၊ အဲဒါတွေ နောက်မှမေးပါ





မေမေ"

"ဒါနဲ့ သူက ဘယ်လိုက ဘယ်လို သတိလစ်သွားတာလဲ၊ သား . . . သားက တစ်ခုခု"

တမန်သည် မေမေ့ရဲ့စကားကြောင့် မျက်နှာတစ်ပြင်လုံး ပုရွက်ဆိတ်တွေ ကိုက်လိုက်သလို နီရဲထူပူသွားကာ ဆံပင်တွေကို ထိုးဖွပစ်လျက် . . .

"အာ . . . ဘယ်ကလာ၊ သား သူ့ကို ဘာမှမလုပ်ဘူး၊ အဲလေ . . . သားကြောင့် မဟုတ်ဘူး မေမေ၊ သူ့ဘာသာ ကြောက်လန့်ပြီး သတိလစ်သွားတာ"

"အဲဒါ မေးတာပေါ့၊ ဘာကိုကြောက်ပြီး သတိလစ်သွား တာလဲလို့"

"ဟို . . . သားက သူ့ကို ဖွတ်အတင်း . . ."

"အမယ်လေး . . . ဘုရား ဘုရား၊ မိုက်လိုက်တာ သား ရယ်၊ သူများသားသမီးကို . . ."



www.burmeseclassic.com

www.burmeseclassic.com



“ဟာ . . . မေမေကလည်း အော်ပြန်ပြီ၊ စကားကို ဆုံး
အောင် နားထောင်ပါဦး၊ သားက သူ့ကို ကားတင်ပြေး
လာလို့၊ ကားပေါ်မှာတင် သတိလစ်သွားတာ”

“ဟင် . . . ဟုတ်လား”

မေမေက မျက်လုံးပြူးကြီးနှင့် တမန့်မျက်နှာကို မော့
ကြည့်သည်။ မေမေ့ပုံစံကြောင့် တမန် ရယ်လည်းရယ်ချင်၊ မျက်နှာ
တွေလည်း ပူထူနေမိသည်။

“ဒါနဲ့ . . . ဖေဖေရောဟင်”

“မင်းဖေဖေ မွေးနေ့ပွဲမှာ ကျန်ခဲ့တယ်၊ အဲဒါက အရေး
မကြီးဘူး၊ သား . . . သားဟာလေးက အသက်ရော
ပြည့်ရဲ့လား”

“ပြည့်တယ် ထင်တာပဲ”

“ဟင် . . . တမန်၊ မင်း ဘာမှလည်း သေချာမသိပါလား
သားရယ်၊ ဟုတ်ရော ဟုတ်ရဲ့လား၊ မေမေ ရင်တွေ ထိတ်





လိုက်တာ”

“ဟုတ်ပါတယ်၊ သူ အသက်တော့ ပြည့်ပါတယ်၊ ဒါနဲ့
သားကို သူက လုံးဝမကြည့်ဘူး မေမေ၊ အဲဒါ . . . အဲဒါ
နိုးလာရင် ပြဿနာရှာမှာပဲ၊ မေမေ ဝိုင်းကူပြောပေးနော်၊
သား သူ့ကိုတကယ်ချစ်လို့ ခေါ်လာတာ၊ ပြန်မလွှတ်နိုင်
ဘူးနော်၊ သူ့ကို ဘယ်လိုနည်းနဲ့မှ ပြန်လွှတ်လို့မဖြစ်ဘူး”

ကလေးတစ်ယောက်လို စိုးရိမ်ကြောက်ရွံ့နေတဲ့ ပုံစံလေး
နဲ့ ပြောလိုက်သော တမန့်မျက်နှာကိုကြည့်ရင်း ဒေါ်မေခင်ကြည်
ပြာ သက်ပြင်းတွေ ရှိုက်လိုက်မိပြန်၏။

မထင်မှတ်ဘဲ အိမ်ထောင်ပြုလိုက်တဲ့ သားကို နှမြော
တသတာတွေ၊ စိတ်ဆိုးတာတွေ ဘာမှသတိမရနိုင်တော့ဘဲ ရင်ထဲ
မှာ ကရုဏာတွေ သက်နေမိသည်။

“မေမေ သားကို ကတိပေးပါ၊ သူနဲ့ သား ဘယ်တော့မှ
မခွဲရပါဘူးလို့”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သားရယ်၊ သားတို့ချင်းသာ အဆင်ပြေပါစေ ဘာအကြောင်းကြောင့်နဲ့မှ မခွဲစေရပါဘူး"

"မဟုတ်သေးဘူး မေမေ၊ သူက သားကို လုံးဝချစ်တာ မဟုတ်ဘူး၊ သူ သားကိုထားခဲ့ပြီး ပြန်ပြေးလိမ့်မယ်၊ ပြီးတော့ သူ့မိဘတွေနဲ့ တိုင်လားတောလား လုပ်ရင် . . ."

"အဲလိုတွေ မဖြစ်စေရပါဘူး သားရယ်၊ သားလိုချင်ရင် ဘယ်လောက် ခက်ခဲ ခက်ခဲ မေမေက ရအောင်ယူပေးမှာပါ၊ အဲဒါ ကတိပါ၊ သား သူ့ကို တမင်အနိုင်ကျင့်ပြီး ခေါ်လာတာမှ မဟုတ်တာ၊ အဓိကက သား သူ့ကို မြတ်မြတ်နိုးနိုးချစ်တယ်မဟုတ်လား"

တမန် မရှက်နိုင်တော့ပါ။

ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်တော့ မေမေက သူ့ကို တင်းကျပ်စွာပွေ့ဖက်ပြီး ကျောပြင်လေးကိုသပ်ကာ နှစ်သိမ့်လေသည်။





တမန်လည်း မေမေ့ကျောပြင်ကို ပြန်လည်ပွေ့ဖက်လိုက်ကာ မေမေ့ပုခုံးထက်မှာ မျက်နှာအပ်လျက် ငြိမ်သက်ရင်း သူ့အိပ်ရာမှာ အိပ်ပျော်နေရှာသည့်မိုင့်ကို ငေးကြည့်နေမိ၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၆)

"ကယ်ပါဦး . . . မိုင့်ကို ကယ်ပါဦး"

ဗလုံးဗထွေးအော်သံနဲ့အတူ မိုင် ချွေးတွေပျံလျက် အိပ်ရာမှ လန့်နိုးလာတော့သည်။

စူးရှတောက်ပနေသည့် အလင်းရောင်တွေကြောင့် မိုင် မျက်လုံးကို ဖျတ်ခနဲ ပြန်ပိတ်ပစ်လိုက်ပြီး ဘယ်ကိုရောက်နေသလဲ ဆိုတာ အရင်ဆုံး စဉ်းစားကြည့်ရလေသည်။

---

ဖျှပခခသာစာခပ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမ လက်နှင့်စမ်းမိသည့် နူးညံ့အိစက်သော အိပ်ရာအထိအတွေ့ကြောင့် ကိုယ့်ကိုယ်ကို အံ့ဩနေလျက်မိကာ အိပ်နေရာမှ ချက်ချင်း ထထိုင်လိုက်မိသည်။ ပထမဆုံး သတိမိ တာက ကြောက်ရွံ့ထိတ်လန့်ဖွယ် အိပ်မက်ဆိုးတစ်ခုဖြစ်ပြီး အိပ်မက်ထဲမှာ တမန်က မိုင့်ကိုဖမ်းခေါ်နေလို့တဲ့ . . .။ ။

သူမရောက်နေတဲ့ အခန်းထဲ ဝေ့ဝဲကြည့်လိုက်တော့ ကိုယ့်အိမ်၊ ကိုယ့်အိပ်ရာမဟုတ်တာ သိလိုက်ရသည်။

တစ်ယောက်အိပ်ကုတင်ပေါ်က ပန်းနုရောင် မွေ့ရာထူပေါ်မှာ သူမကိုယ်လေးက နစ်မြုပ်မတတ် ရှိနေသည်။ အိပ်ရာဘေးက စားပွဲပေါ်မှာက မှိန်ဖျော့ပြာလဲ့နေသည့် မီးအုပ်ဆောင်းလေးတစ်ခုနှင့် Photo Stand လေးတစ်ခုရှိနေ၏။ ဇဝေဇဝါဖြစ်နေသောစိတ်နှင့် တုန်လှုပ်ထိတ်လန့်စွာ လက်အလှမ်းမှာ ဓာတ်ပုံထဲမှ တမန့်မျက်နှာကြောင့် သူမတစ်ကိုယ်လုံး ချောက်နက်နက်ထဲ ဂွန်းခနဲပြုတ်ကျသွားသလို ခံစားလိုက်ရလေတော့သည်။





"တမန် , . . တမန် ရှင်ဘယ်မှာလဲ"

မိုင် အသံကုန် ဟစ်အော်လိုက်မိသည့်ခဏ အခန်းတံခါးက ချက်ချင်းပွင့်သွားပြီး အခန်းထဲ ဝင်လာသူက တမန်မဟုတ်ဘဲ ဒေါ်မေခင်ကြည်ပြာဖြစ်သည်။

"သမီး. . . သမီး ဘာလိုချင်လို့လဲ၊ တမန် ရှိတယ်လေ"

မိုင်သည် ရုပ်ရည်သန့်ပြန့်ပြီး ရည်မွန်ခန့်ညားသောအမျိုးသမီးကြီးကို မြင်လိုက်ရသည့်အခါ အံ့လည်းအံ့ဩ၊ ဒေါသတွေလည်းမပြယ်ဘဲ မျက်လုံးအဝိုင်းသားနှင့် လှမ်းကြည့်လိုက်မိသည်။ ထို့နောက် ရင်ထဲမှာ ဝမ်းနည်းစိတ်က ချက်ချင်းဆို့တက်လာကာ ဟီးခနဲငိုချပစ်လိုက်တော့ ဒေါ်မေခင်ကြည်ပြာခမျာ စိုးရိမ်ထိတ်လန့်သွားရှာလေတော့သည်။

"အို. . . သမီး၊ သမီး မငိုနဲ့လေ၊ သားကို အန်တီ ခေါ်ပေးမယ်၊ အခုခေါ်ပေးမယ်နော်"

"ဟင့်အင်း. . . မတွေ့ချင်ဘူး၊ သူ့ကိုမတွေ့ချင်ဘူး၊ သူ



www.bumeseclassic.com

www.burmeseclassic.com



. . . သူ မိုင့်ကို ဖမ်းခေါ်လာတာ သိရဲ့လား၊ အန်တီက ဘယ်သူလဲဟင်၊ မိုင့်ကိုကယ်ပါ၊ မိုင့်အိမ်ကို ပြန်ပို့ပါ"

သွေးရူးသွေးတန်းဆန်လှသော မိုင့်အော်သံအဆုံး ဒေါ်မေခင်ကြည်ပြာမှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေမိသည်။ ထို့ပြင် မှာပင် အခန်းထဲသို့ ဒရောသောပါး ပြေးဝင်လာသူက တမန်နှင့် ခေတ်သစ်ဖြစ်သည်။ သူတို့နှစ်ယောက်ကိုမြင်လျှင် မိုင်သည် ဒေါသ တွေလည်းဖြစ်၊ ပို၍ရှက်ရွံ့သွားကာ . . .

"တမန် . . . ရှင်ထွက်သွား၊ ရှင့်ကိုမကြည့်ချင်ဘူး၊ သူ ယုတ်မာ၊ ခေတ်သစ် . . . မိုင့်ကိုကယ်ပါဦး၊ သူ မိုင့်ကို ပြန်ပေးဆွဲလာတာ"

ဒေါ်မေခင်ကြည်ပြာခမျာ မျက်နှာငယ်လေးနှင့် မိုင့်ကို ငေးကြည့်နေရှာသော သားဖြစ်သူကိုကြည့်ပြီး စိတ်မကောင်းဖြစ် နေမိသည်။

"မဟုတ်ပါဘူး၊ သမီးထင်သလို မဟုတ်ရပါဘူးကွယ်





တမန်က အန်တီ့သားလေးပါ၊ သမီးကိုချစ်လို့ ခေါ်လာ တာပါ"

မိုင်သည် မည်သို့မျှမယုံနိုင်သောပုံစံနှင့် အားလုံးကို ဝေ့ ကြည့်လိုက်ပြီး ခေါင်းခါမြဲ ခါလေသည်။

"မဟုတ်ဘူး၊ သူ့ကို မိုင် မချစ်ဘူး၊ သူသိရက်နဲ့ အတင်း ဖမ်းခေါ်လာတာ၊ အီး . . . ဟီး . . . မိုင့်ကို အိမ်ပြန်ပို့ ပေး၊ တမန် . . . ရှင့်ကိုမုန်းတယ်"

တမန်သည် စိတ်မကောင်းဖြစ်ခြင်း၊ ရှက်ရွံ့နာကျင်ခြင်း များကို ပေါက်ကွဲမသွားအောင် အံကိုတင်းတင်းကြိတ်ရင်း ခေါင်း ငုံ့ထားလေသည်။

ခေတ်သစ်က တမန့်ပုခုံးကို ခပ်ဖွဖွပုတ်ရင်း နှစ်သိမ့်၏။ ထို့နောက် မိုင့်ကိုလှမ်းကြည့်ကာ . . .

"မိုင် အရမ်းစိတ်လှုပ်ရှားနေလို့ပါ၊ စိတ်အေးအေးထား ပါ၊ ကျွန်တော်တို့ မိုင့်ကိုပြန်ပို့ဖို့ တိုင်ပင်နေတာပါ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ပဲ မိုင့်အပေါ်ကို ဖုန်းဆက်ထားပြီးပါပြီ"

ခေတ်သစ်စကားကြောင့် မိုင် မျက်လုံးလေး အဝိုင်းသား နှင့် ငြိမ်ကျသွားလေတော့သည်။

"တကယ်ပြောတာလားဟင်"

တမန်က တစ်စုံတစ်ခုဝင်ပြောရန် ပြင်လိုက်ပေမယ့် ခေတ်သစ်က တမန့်လက်ကို တင်းခနဲဆုပ်ကာ သတိပေးလိုက်လေသည်။

"တကယ်ပြောတာပါ မိုင်၊ ကျွန်တော်ပြောတာ လက်ခံပါ၊ မိုင် အခု ဒီမှာအေးအေးဆေးဆေးနေပါဦး၊ ခဏနေရင် မိုင့်အပေါ် ရောက်လာမှာ"

မယုံမရဲ ဇဝေဇဝါဖြစ်နေသည့် မိုင့်မျက်လုံးလေးတွေက တမန့်ထံ စူးခနဲရောက်လာကာ နာနာကြည်းကြည်းတစ်ချက်ကြည့်ပြီး မျက်နှာလွှဲသွားလေတော့သည်။

ခေတ်သစ်လည်း တမန့်အတွက် စိတ်ဇကာင်းဖြစ်နေ၏။

"လာ. . . တမန်၊ အပြင်သွားရအောင်"





ခေတ်သစ်က တမန့်မေမေကို မျက်ရိပ်ပြပြီး တမန့်ကို ခေါ်ကာ အခန်းထဲမှ ထွက်လာခဲ့၏။

အခန်းထဲမှာ မိုင့်ကို အန်တီခင် ချော့မော့နှစ်သိမ့်ပါစေ ပေါ့။

ခေတ်သစ်ဆွဲခေါ်ရာနောက်သို့ ခေါင်းငိုက်စိုက်နှင့် ပါလာခဲ့ရပေမယ့် တမန့်စိတ်က မိုင့်ဆီမှာပဲ ခေါင်းမာပေကပ်စွာ ကျန်ခဲ့လေတော့၏။

"ငါ ဘာလုပ်ရမလဲ ခေတ်သစ်၊ မိုင့်ကို ငါ အဆုံးရှုံး မခံနိုင်ဘူးကွာ၊ အဲ့အတွက် ငါ ဘာပဲလုပ်ရလုပ်ရ လုပ်မယ်"

"မင်း ဘာမှလုပ်စရာမလိုပါဘူး တမန်၊ ခုလောလောဆယ်တော့ မင်းရော၊ အန်တီခင်ရော စိတ်ရှည်ရှည်ထား သည်းခံရမှာပဲ၊ သူ့အပေါ်ကိုလည်း ပြေလည်အောင် ငါ ရှင်းပြပါ့မယ်"

"သူ့အပေါ်ကရော ငါနဲ့ မိုင့်ကို သဘောတူပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို စိုးရိမ်စိတ်တွေ မထားစမ်းပါနဲ့ကွာ၊ မင်း စိတ်ကို တင်းထား၊ မိုင့်ကို ဘယ်တော့မှ လက်လွှတ်အဆုံးရှုံး မ[illegible] ဘူးဆိုတဲ့စိတ်တစ်ခုနဲ့ မင်းဆုံးဖြတ်ချက်တွေ ပြတ်သား ရလိမ့်မယ်၊ အခုဆို အန်ကယ်ရော အန်တီခင်ရော စိတ် သောကတွေ ရောက်နေပြီ၊ ဘာမှထူးပြီး စိတ်ပူမနေနဲ့ တော့၊ ဖြစ်ပြီးသားကိစ္စတစ်ခုကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ရမယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သူ့အဒေါ် ရောက်လာရင် မင်းပြောသင့်တာ ပွင့်ပွင့်လင်းလင်း ပြတ် ပြတ်သားသား ပြော၊ လုံးဝတွေဝေနေလို့ မရဘူးနော်"

ခေတ်သစ်ကတော့ တမန့်ကို စိုးရိမ်စိတ်မရှိအောင် ချော့မော့ နှစ်သိမ့်ကာ အားပေးရှာပါသည်။

"မိုင့်အဒေါ် ရောက်လာတဲ့အထိ ငါတို့စောင့်နေမလား အဲလိုဆို ငါ့ဘက်က မလေးစားရာများ ကျနေမလားကွာ ငါတို့ သွားတွေ့လိုက်ရအောင်၊ သူ့သူငယ်ချင်း ပြောပြ





ထားလို့ လိပ်စာလည်း သိနေတာပဲ"

"ငါက ဒီကိုလာခဲ့ပါလို့ ဖုန်းဆက်ပြီးသား ဖြစ်နေပြီ တမန်၊ မင်း စိတ်ငြိမ်ငြိမ်ထားပြီး စောင့်နေပါ၊ သူလည်း သိပ်တော့ မရှိုင်းလောက်ပါဘူး"

ခေတ်သစ်ကိုယ်တိုင် ဖုန်းဆက်ထားသည်ဆိုခြင်းအတွက် သူ အနည်းငယ်တော့ စိတ်အေးရ၏။

ခေတ်သစ်ပြောတာ မှန်ပါသည်။ မကြာခင်မှာပင် မိုင့်အဒေါ်နှင့် မိုင့်သူငယ်ချင်းမလေးတစ်ယောက် ရောက်လာသည်။

ဒေါ်ယုခိုင်သည် ခေတ်သစ်ကိုတွေ့တွေ့ချင်း တူမကို စိတ်ပူစိုးရိမ်ဟာတွေ ပျောက်ကာ အံ့ဩတကြီးဖြစ်သွားရှာလေတော့သည်။

"ထိုင်ပါ အန်တီ"

"မိုင်မိုင်တစ်ယောက်ရောကွယ်၊ မိုင်မိုင် ဒီမှာရှိနေတယ် ဆိုတာ တကယ်ပဲလား၊ ဒီက သား အဲ . . . မင်းသား၊



www.burmeseclassic.com

www.burmeseclassic.com



အဲလေ . . . ဘယ်လိုခေါ်ရမှန်းတောင် မသိတော့ပါဘူး ကွယ်"

"အန်တီကြိုက်သလို လွတ်လွတ်လပ်လပ်ခေါ်ပါ"

"အဲဒါ . . . ဒီက ဖုန်းဆက်လို့ လာခဲ့ရတာ၊ ဟုတ်မှဟုတ်ပါ့မလားလို့ ဒေါ်လေးလည်း ရင်တွေပူလှပါပြီ၊ သူ ထင်ရာတွေ တစ်ဖွတ်ထိုး လျှောက်လျှောက်လုပ်တာ၊ တစ်နေ့တော့ ဒုက္ခရောက်မယ်ဆိုတာ မြင်ပြီးသား"

ဒေါ်ယုခိုင်စကားအဆုံး တမန်က သက်ပြင်းရှိုက်သည်။

"မိုင်ရှိပါတယ် အန်တီ၊ သူ ဒုက္ခမရောက်ပါဘူး"

"ဒါနဲ့ . . . မိုင် ခိုးရာလိုက်ပြေးတယ်ဆိုတာရော တကယ်ပဲလား၊ မိုင့်မှာ . . . ရည်းစားဘာညာတွေ ရှိတယ်လည်း မကြားမိပါဘူး"

ဒေါ်ယုခိုင်နှင့် အဖော်လိုက်လာပေးသော အိတုံက ခေတ်သစ်တို့နှင့် ကြိုတင်စည်းဝါးကိုက်ထားပြီးသားမို့ တမန်က တောင်





ပန်တိုးလျှိုးသောအကြည့်နှင့် လှမ်းကြည့်ရှာလေသည်။

"ရည်းစားရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တမန်နဲ့ မိုင်က သိနေတာ ကြာပြီ"

"ဟုတ်တယ် ဒေါ်လေး၊ တမန်က မိုင့်ကို ချစ် . . . ချစ်နေတာ၊ မိုင်က အဖြေမပေးရသေးလို့"

ဒေါ်ယုခိုင်ခမျာ ခေတ်သစ်နှင့် အိတုံ ပြောသမျှကို မျက်လုံးအဝိုင်းသားနှင့် တစ်လှည့်စီ နားထောင်ရင်း တမန့်ကိုလည်း တစေ့တစောင်း အကဲခတ်နေရှာလေသည်။

တီဗီထဲမှာ မြင်ဖူးခဲ့ပေမယ့် အပြင်မှာ တစ်ခါမှမမြင်ဖူးခဲ့တာကြောင့် အနည်းငယ်ရှိန်ကာ မိုင်နှင့်ကိစ္စကို ဘယ်ကစမေးရမှန်း မသိအောင်လည်း ဖြစ်နေမိ၏။

"ဒါဆို သူတို့က . . . "

အပျိုကြီးဖြစ်သည့် ဒေါ်ယုခိုင်မှာ စကားကို ဘယ်လို ရှေ့ဆက်ရမှန်း မသိသည့်အပြင် မိန်းကလေးရှင်မို့ မျက်နှာတွေ ဖူးပူ



www.burmeseclassic.com

www.burmeseclassic.com



ကာ အနေရ ခက်ရှာလေသည်။

ခေတ်သစ်က တုံဏှိဘာဝေ လုပ်နေသော တမန့်ကို ကြည့်ပြီး အားမလို အားမရ ဖြစ်နေမိ၏။

ထို့နောက် တမန် ဘယ်လိုမှ ပြောမထွက်မှာ သိနေသည့်အတွက် ခေတ်သစ်ကပင် . . .

"ဟို . . . သူတို့ကိုပေးစားမှ ဖြစ်တော့မှာ အန်တီ၊ ဒီဘက်က မိဘတွေလည်း သိပြီးကုန်ပြီ၊ မိုင်လည်း တမန့်အိမ် ရောက်နေပါပြီ"

"အို . . . ဟုတ်လား၊ ဒါဆို မိုင်မိုင်က ဒီမှာပေါ့"

"ဟုတ်တယ် အန်တီ၊ မိုင် တမန့်အခန်းထဲမှာ ရှိပါတယ်"

"ဟင်"

ဒေါ်ယုခိုင်သည် ခေတ်သစ်စကားအဆုံး အံ့အားသင့်ကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

"အန်တီ . . . အခု သူနဲ့တွေ့ရင်တော့ ပြန်ခေါ်ဖို့ အတင်း





ပူဆာမှာပဲ၊ တမန့်ကိုလည်း စိတ်ဆိုးနေတာဆိုတော့လေ၊ အဲဒီအခါ အန်တီ ပြန်မခေါ်ပါနဲ့နော်၊ အားလုံးအဆင်ပြေအောင် ဒီဘက်က စီစဉ်ပေးမှာပါ"

"အို . . . ပြန်ခေါ်လို့တော့ ဘယ် . . . ဘယ်ဖြစ်မလဲကွယ်၊ ဒါနဲ့ ဒီက သားကရော ဒေါ်လေးတူမကို . . ."

"ကျွန်တော် မိုင့်ကိုတကယ်ချစ်လို့ ခေါ်ခဲ့တာပါ အန်တီ၊ ကျွန်တော့်မိဘတွေနဲ့လည်း အန်တီ အခုတွေ့သွားပါဦး၊ မိုင့်မှာ အုပ်ထိန်းသူဆိုလို့ အန်တီတစ်ယောက်ပဲ ရှိတာမို့ အခုလို အိမ်ခေါ်တွေ့တာ မဟုတ်ပါဘူး . . . ကျွန်တော်လည်း ချက်ချင်းကြီးဆိုတော့ ဘာလုပ်ရမှန်းမသိဘဲ သွေးပူနေလို့ပါ၊ အဲဒါ အန်တီ့အနေနဲ့ ကျွန်တော့်မိဘတွေကိုရော၊ ကျွန်တော့်ကိုပါ နားလည်ပေးပါ"

ဒေါ်ယုခိုင်သည် ရည်မွန်ယဉ်ကျေးလှသော တမန့်အပြောအဆို အမူအရာကြောင့် မြင်မြင်ချင်း သဘောကျကာ ဘာမှမပြော



www.bumeseclassic.com

www.burmeseclassic.com



နိုင်တော့ဘဲ ခေါင်းတွေ တညိတ်ညိတ်လုပ်နေတော့သည်။

မြို့ထဲ စဝင်ကတည်းက နန်းတော်တမျှ ထည်ဝါခမ်းနားလှ သော တမန်တို့တိုက်ကြီးကိုကြည့်ပြီး မိုင် ကံကောင်းပြီမှန်းလည်း ကြိုတင်ရိပ်စားမိခဲ့ပါသည်။ တကယ်တမ်း တမန်က ပြည့်စုံကြွယ်ဝ ပြီး လိမ္မာသည့်လူငယ်တစ်ယောက်ဆိုတာပါ သိလိုက်ရတော့ သူမ အနေနှင့် ငြင်းဖို့အကြောင်း မရှိတော့ပါ။

မိုင်နဲ့ ထိပ်တိုက်တွေ့လျှင်သာ ဘာတွေအကြောင်းပေါ် လာဦးမလဲ မသိနိုင်တော့ချေ။

♥ ♥ ♥



## အခန်း(၁၇)

"မဟုတ်ဘူး . . . ဒေါ်လေး ဘာတွေလာပြောနေတာလဲ၊ မိုင် သူ့ကို လုံးဝမယူနိုင်ဘူး"

အခန်းအပြင်ထွက်လာခဲ့တဲ့အထိ မိုင့်အော်သံစူးစူးလေး ကို ကြားနေရဆဲတည်း။

တမန် . . . တံခါးကို ကျောမှီချရင်း မျက်လုံးတွေကို ဖွတ် ဖတင်း ဖိမှိတ်ပစ်လိုက်တော့ မျက်ရည်ပူတွေက ပါးပေါ် တလိမ့်



www.burmeseclassic.com

www.burmeseclassic.com



လိမ့် စီးဆင်းကျလာလေတော့သည်။ မိုင့်ကို ရယူပိုင်ဆိုင်ချင်ဇော နှင့် တစ်ဖက်သတ် ဆုံးဖြတ်မိတာ မှားနေပြီလားလို့ သူ နောင်တ ရချင်လာသည်။ သူက ချစ်မိလို့ စီစဉ်ခဲ့သမျှ မိုင့်အမုန်းတွေကို ရဖို့ချည်း ဖြစ်လာတော့သည်။

ဒီနေ့နဲ့ဆို မိုင် သူ့အိမ်ရောက်တာ တစ်ပတ်တိတိ ရှိသွား ပြီ။

မိုင့်ဒေါ်လေးနဲ့ တမန့်မေမေလည်း အာပေါက်မတတ် နှစ်သိမ့်ဖျောင်းဖျပေးနေရသည်။ မိုင်ကလည်း သူ့ကို လုံးဝ ခါးခါး သီးသီး မုန်းနေသတဲ့။

ဘယ်လိုမှ ပြောမရသည့်အဆုံး တမန့်မေမေက လက် လျှော့ချင်လာသည်။ ဒါပေမဲ့ မိုင့်အဒေါ် ဒေါ်ယုခိုင်က မိုင် ဆိုးတာ မိုက်တာတွေ၊ ခေါင်းမာတတ်တာတွေ အကြိမ်ကြိမ်ကြုံခဲ့ဖူးပြီး အရှက်တကွဲ အကျိုးနည်းအဖြစ်မခံနိုင်ဟုဆိုကာ မရမက နားချ နေတော့သည်။





မိုင်သည် တမန့်ကို တွေ့လိုက်တာနှင့် တွေ့ရာပစ္စည်းနှင့် ကောက်ပစ်၊ နှုတ်ကလည်း အော်ဟစ်မောင်းထုတ်နှင့် သောင်း ကျန်းတတ်တာမို့ တမန် ကိုယ့်အခန်းထဲပင် ကိုယ်မဝင်ရဲ။

ယခုလည်း မိုင့်ကို ဒေါ်လေးက တမန်နှင့် တရားဝင် လက်ထပ်ရန် ဖျောင်းဖျနားချနေရသည်။ တကယ်တော့ မိုင့်ဘက် က ကြည့်လျှင်လည်း အမှားမရှိပါချေ။

"ဒေါ်လေးလည်း အတူတူပဲ၊ မိုင့်ကို မတရား ရက်စက် ကြတယ်၊ မိုင် မချစ်မနှစ်သက်တဲ့လူနဲ့ ဘာလို့ယူရမှာလဲ၊ အခုအိမ်ပြန်မယ်၊ ဒီမှာ ထောင်ကျသလို မနေနိုင်ဘူး၊ မိုင်က ဘာလဲ"

မိုင်က ငိုရှိုက်ရင်းမှ ပြန်အော်ပြောလေသည်။

"တော်စမ်း မိုင်မိုင်၊ ညည်း ကလေးမဟုတ်တော့ဘူး၊ ခိုး ရာလိုက်လာပြီးမှ ပြန်လိုက်လာလို့ ရမလား၊ ပတ်ဝန်း ကျင်က ဘာပြောမလဲ၊ ငါ့ကိုအရှက်ကွဲအောင် မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခိုးရာလိုက်တာ မဟုတ်ဘူး၊ မိုင်က မတရား အနိုင်ကျင့်တာ ခံရတာ၊ အဖမ်းခံရတာ သိရဲ့လား၊ မကျေနပ်ဘူး၊ တမန်ဆိုတဲ့လူယုတ်မာကို မိုင် မကျေနပ်ဘူး"

"ဟဲ့ . . အခုမှတော့ မကျေနပ်လို့ ရမလား၊ ညည်း ပြန်လိုက်လာလို့ရော အပျိုဖြစ်မှာလား"

ဒေါ်လေးစကားကြောင့် မိုင်သည် ကိုယ့်နားတွေ ကိုယ်ပင် ယောင်ရမ်းကာ ပိတ်လိုက်မိလျက် ဖြစ်သွားသည်။ ရှက်ဒေါသကြောင့် မျက်ရည်ပူတွေ ဆင့်ကာကျလာရင်း . . .

"ဒေါ်လေး . . . အဲလိုမပြောနဲ့၊ မိုင် ဘာမှမဖြစ်ဘူး၊ ပတ်ဝန်းကျင်က ဘယ်လိုမြင်မြင် သူနဲ့ မိုင် ဘာမှပတ်သက်ခဲ့တာ မဟုတ်ဘူး"

"ညည်း ဘာမှ သွေးရူးသွေးတန်းစကားတွေ ပြောမနေနဲ့တော့ မိုင်မိုင်၊ ငယ်ငယ်ကတည်းက မိမရှိ ဖမရှိ ဆွေမျိုးရင်းချာဆိုလို့ ဒီအဒေါ်နဲ့ ဒီတူမနှစ်ယောက်တည်း ရှိခဲ့





တဲ့ ဘဝမှာ ဒီတစ်ခါတော့ ဒေါ်လေးစီစဉ်တာ လက်ခံပါအေ၊ ညည်း ထင်ရာတွေလုပ်ရင် တစ်ရှက်က နှစ်ရှက်ဖြစ်ကုန်လိမ့်မယ်"

ဒေါ်ယုခိုင်သည် ပြောရင်းမှ မျက်ရည်တွေ ကျလာကာ မိုင့်ကိုဖက်၍ ငိုလေတော့သည်။

ဘယ်လိုရှင်းပြရှင်းပြ နားမဝင်သည့်ဒေါ်လေးကြောင့် မိုင်သည်း ဝမ်းနည်းဆို့နင့်လာတော့သည်။

"မိုင် သူ့ကိုမယူပါရစေနဲ့ ဒေါ်လေးရယ်၊ အစက သူနဲ့ ရင်းရင်းနှီးနှီးနေမိတာ၊ မိုင် မင်းသမီးဖြစ်ချင်လို့၊ အဲဒါတွေကို ဝါသနာကြီးခဲ့မိလို့ အခုလိုဖြစ်ရတာ၊ မိုင်ပြောတာ လက်ခံပါ ဒေါ်လေးရယ်၊ နောက်ဆို မိုင် မမိုက်တော့ပါဘူး၊ ဒီတစ်ခါတော့ မိုင့်ကိုခွင့်လွှတ်ပါနော်"

မိုင်သည် ဒေါ်လေးရင်ခွင်မှာ ကလေးတစ်ယောက်လို မှီခိုဝင်ရင်း ရှင်းပြရှာလေသည်။ ဒေါ်လေးမှာ မျက်ရည်စက်



www.burmeseclassic.com

www.burmeseclassic.com



လက်နှင့် ခေါင်းကို တွင်တွင်ခါရင်း . . .

"မဖြစ်ပါဘူးအေ၊ ဘယ်လိုမှ မဖြစ်ပါဘူး၊ ဒေါ်လေးကို မသနားရင်တောင်မှ တမန့်မိဘတွေကို အားနာပါဦး သမီးရယ်၊ သူတို့ခမျာ ဂုဏ်နဲ့ ဒြပ်နဲ့ ပြည့်စုံချမ်းသာပါရက် နဲ့ သမီးကြောင့် မျက်နှာပျက် အရှက်ရကုန်တော့မယ် သမီးသာ အသာတကြည် လိုက်လျောရင် အားလုံး စိတ် ချမ်းသာရမှာ"

"ဘာလို့ မိုင်က အားနာရမှာလဲ၊ မိုင် လုပ်ခဲ့တာတွေ မဟုတ်တာ၊ အဲဒါ ဟို လူလိမ်လူညစ်ကြောင့်"

"အဲလိုမပြောပါနဲ့ သမီးရယ်၊ တမန်က ညည်းကိုသိပ်ချစ် ရှာတာပါ၊ ညည်း မျက်ရည်နဲ့ မျက်ခွက်လုပ်နေတော့ တမန်လည်း တစ်ရက်မှ စိတ်မချမ်းသာရဘူး၊ သူ့ခမျာ မစားနိုင်မအိပ်နိုင်ဖြစ်နေတာ"

ဒေါ်လေးစကားကို မိုင် ဘာမှတုန့်ပြန်မပြောဘဲ နှုတ်ခမ်း





ကို တင်းတင်းဖိကိုက်ထားလိုက်မိသည်။ စိတ်ဆင်းရဲရုံမကလို့ သေ သွားပါစေ။

ဒေါ်လေးမှာ မိုင့်ကို ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် အမျိုးမျိုး ဖျောင်းဖျနေလေတော့သည်။

မိုင် သူ့ကို မုန်းမိပေမယ့် ဒေါ်လေးကို သနားရပါသည်။ ပြီးတော့ မိုင် ပြန်သွားလျှင်လည်း အားလုံးက တစ်ခုလပ်ဟုသာ ကျိန်းသေ သတ်မှတ်လိုက်ကြတော့မည်ဆိုတာ စိတ်က ကြိုတင် သိနေပြီ။

မိုင် လိုက်သွားတာ တမန်နဲ့ဆိုတာလည်း သူငယ်ချင်း အားလုံးက သိနေမှာ။

ရှက်ဖို့ ကောင်းလိုက်တာ။

မိုင် ရှက်လွန်းလို့ သေသွားလိုက်ချင်မိသည်။

"သမီးရေ . . . ထမင်းစားရအောင်၊ မေမေ အခန်းထဲ လာပို့ခိုင်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုင်နှင့်ဒေါ်လေး အချီအချ စကားတွေပြောလိုက်၊ ကစ် လှည့်စီ ငိုလိုက်၊ ချော့လိုက် လုပ်နေဆဲမှာပင် တမန့်မေမေ ဒေါ် မေခင်ကြည်ပြာ ရောက်လာသည်။

ဒေါ်မေခင်ကြည်ပြာက ဒေါ်လေးရောက်သည့်နေ့မှ၍ သူမကိုယ်သူမ မေမေဟုသာ သုံးနှုန်းလေသည်။

ဒါ . . . မိုင့်ကို သူ့ချွေးမဟု တရားဝင် အသိအမှတ်ပြု လိုက်သည့်သဘောပင်။ တမန့်ဖေဖေကတော့ သူမ ရှက်ရွံ့အားန ခက်မှာ စိုးသောကြောင့် လာမတွေ့ဘဲ လူကြုံနဲ့သာ အခြေအနေ မေးရှာလေသည်။

"သားကလေ. . . သမီးအတွက်တဲ့၊ အဝတ်အစားတွေ သွားဝယ်တယ်၊ သိလား"

မိုင့်မျက်နှာကို စူပုပ် မှုန်ကုပ်ထားလိုက်မိသည်။

"ကြည့်ပါဦး၊ သမီး မျက်နှာတွေလည်း မို့အစ်လို့၊ ကလေး ကို သိပ်လည်းမဆူပါနဲ့ ညီမရယ်၊ ပြီးတော့ သမီးလေး





မှာ ဘာအပြစ်မှ မရှိတာ၊ မိုက်တာက ခင်တို့သားက မိုက်တာပါ၊ ကဲ. . . ကဲ . . . ထမင်းစားလိုက်ဦး သမီး"

"မိုင် မစားချင်ဘူး အန်တီ"

"မိုင်မိုင်"

ဒေါ်လေးခေါ်သံမှာ ဆူပူကြိမ်းမောင်းလိုဟန်တွေ အပြည့် ပါနေသည်။ ဒေါ်မေခင်ကြည်ပြာကတော့ အပြုံးမပျက်ပင်။

"မဆာသေးရင် ခဏအုပ်ထားလိုက်မယ်နော်၊ ဟင်းပန်း ကန်တွေလည်း ဒီအတိုင်းပဲ ထားလိုက်၊ သမီးစားခါနီးမှ မေမေ နွှေးပေးမယ်၊ microwave ထဲ ထည့်လိုက်ရင် ခဏလေးပါ"

ဒေါ်မေခင်ကြည်ပြာရဲ့ လိုက်လျောသဘောကောင်းမှု၊ နွေးထွေးကြင်နာသော ဆက်ဆံရေးတို့ကြောင့် မိုင် အားနာချင် သလို ဖြစ်လာရသည်။

"ဟို. . . အဝတ်တွေ မိုင် မယူဘူး၊ မိုင့်အိမ်မှာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဟုတ်တယ် အစ်မ၊ သက်သက်ပိုက်ဆံကုန်အောင် မဝယ်ပါစေနဲ့၊ ကျွန်မ အိမ်ပြန်ယူပေးပါ့မယ်"

မိုင့်စကားကို ဒေါ်လေးက အတင်းကာရော လိုက်ပြီးဖာထေးနေတော့၏။

"ကဲပါ. . . သမီးလည်း ကလေးလေးမှ မဟုတ်တာ၊ သူ့ဦးနှောက်နဲ့သူ သွေးအေးအေး စဉ်းစားပါစေ၊ လာ . . . ညီမ၊ တစ်လက်စတည်း ထမင်းစားရအောင်၊ တမန့်အဖေလည်း အောက်မှာရှိတယ်၊ ထမင်းစားရင်း ကလေးတွေကိစ္စ ဆွေးနွေးရတာပေါ့"

ဒေါ်မေခင်ကြည်ပြာက ဒေါ်လေးကို တရင်းတနှီးပင် ခေါ်နေတာမို့ ဒေါ်လေးမှာ မပြေင်းသာတော့ဘဲ ဆင်းလိုက်သွားရလေတော့သည်။

ဒေါ်လေး ထွက်သွားတော့မှ မိုင် အိပ်ရာပေါ် စိတ်ကုန်လက်ပျက် လှဲချလိုက်မိသည်။





အိပ်ခန်းကျယ်ကြီးတစ်ခုလုံးကို ဝေ့ဝဲကြည့်ပြီး မိုင် ငိုချင်စိတ်ပဲ ပေါ်လာလေတော့သည်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်ရဲတဲ့အထိတော့ မိုင် သတ္တိမရှိပါ။ ဒီလောက်နဲ့လည်း ကိုယ့်ဘဝကိုယ် အရှုံးမပေးချင်ပါ။

"စိတ်ကူးမလွဲပါနဲ့ မိုင်ရယ်၊ တမန်က နင်ထင်သလို ဆင်းရဲစုတ်ပြတ်သတ်နေတာလည်း မဟုတ်ဘူး၊ ဇာတ်ကားထဲ ဗီလိန်လူကြမ်းလုပ်မှ ထမင်းစားရတဲ့လူလည်း မဟုတ်ပါဘူး၊ အိပ်မက်တမန် ရုပ်ရှင်ထုတ်လုပ်ရေးက တမန့်အဖေပိုင်တာ၊ ငါတို့နည်းနည်းမှ ဆက်စပ်မတွေးခဲ့မိဘူးနော်၊ နင် အရမ်းကံကောင်းတယ် သိလား၊ တမန် နင့်ကို ဒီလောက် အရူးအမူးဖြစ်လိမ့်မယ်တောင် ငါ မထင်ခဲ့ဘူး၊ မင်းသမီးဖြစ်ချင်တဲ့လူက ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်၊ ပရိုဂျူဆာရဲ့သားနဲ့ ဖူးစာဆုံတယ်၊ ကဲ. . . ဘယ်လောက်ကောင်းတဲ့ကံလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိတုံတို့၊ ယွန်းတို့ပြောတဲ့စကားတွေကို မိုင် ပြန်ကြား ယောင်ရင်း အံကျိတ် မဲ့ပြုံး ပြုံးလိုက်မိသည်။

ဘာတ်ပစ်ချင်လောက်အောင် မုန်းနေတာ မဟုတ်ပေမယ့် ကိုယ် စိတ်ဆင်းရဲသလို သူ စိတ်ဆင်းရဲရမယ်ဆိုတဲ့ စိတ်မိုက်က ခေါင်းထဲ အလိုလိုဝင်လာမိတော့သည်။

ဘဝဆိုတာ ဆက်တိုက်အနိုင်၊ ဆက်တိုက်အရှုံးဆိုတာ ဘယ်တော့မှမရှိပါဘူး။

အရှုံးထဲက အမြတ်ဆိုတာလည်း ရှိဦးမှာပါ။ ဒါပေမဲ့ မိုင် ဘဝမှာ တစ်ခါရှုံးပြီးရင် တစ်သက်လုံး ပြန်အနိုင်ယူနိုင်ရမယ်။ အဲဒါဆုံးဖြတ်ချက်ပဲ။ မိုင် ကိုယ့်စိတ်ကူးကိုယ် သဘောကျစွာ ပြုံး လိုက်မိသည်။

"ဟုတ်တယ် . . . ငါ သူ့ကိုကလဲ့စားချေရမယ်၊ ပြီးတော့ ငါဖြစ်ချင်တဲ့ဘဝအတွက် သူ့ကိုအသုံးချရမယ်"

♥ ♥ ♥



## အခန်း(၁၈)

"ဟာ . . . တကယ်လား တမန်၊ ကြားရတာ ဝမ်းသာ လိုက်တာကွာ"

သူ့စကားကြောင့် ခေတ်သစ်က အားရဝမ်းသာပင် ခုန် ထကာ ဆိုလိုက်လေသည်။ တမန်လည်း အပျော်လွန်ပြီး ဘာပြော ရမှန်းမသိဘဲ ရယ်နေလိုက်မိတော့၏။

"ဒါပေမဲ့ အပေးအယူတစ်ခုတော့ လုပ်လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



တမန့်စကားအဆုံး ခေတ်သစ်က မျက်မှောင်ကျုံ့ပြီး မော့ကြည့်လေသည်။

"ဘာ အပေးအယူလဲ တမန်"

ခေတ်သစ်အမေးကို ချက်ချင်းမဖြေဘဲ တမန်က ကားသော့က အရုပ်လေးကို လှည့်ပတ်ကြည့်ရင်း ခပ်တိုးတိုးရယ်နေသည်။ ခဏနေမှ . . .

"ဘာအပေးအယူလို့ မင်းထင်လဲ ခေတ်သစ်"

ခေတ်သစ်က ခေါင်းကိုသာ တွင်တွင်ရမ်းနေသည်။ ချက်ချင်းပဲ ခေတ်သစ်မျက်နှာက စိတ်ရှုပ်ထွေးခြင်းတွေ ပြည့်နှက်ကာ ညှိုမှောင်နေတော့၏။

"မိုင်က မေမေတို့ကို နှစ်ခုတောင်းဆိုတယ်၊ ပထမတစ်ခုက သူနဲ့ငါလက်ထပ်တာ ရုံးတက်လက်မှတ်ထိုးရုံပဲ ဝယ်ပေးပါ၊ မင်္ဂလာမဆောင်ဘူးတဲ့"

"ဟင်. . . ဘယ်လိုကြီးလဲ"





ခေတ်သစ်က နားမလည်နိုင်စွာ ထမေးပြန်သည်။

"မေမေတို့ကတော့ စိတ်မကောင်းဘူးပေါ့၊ ငါ့မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ပေးမယ်လို့ မှန်းထားကြတာလေ"

"မဟုတ်တာကွာ၊ သူက ဘာကြောင့်တာလဲ၊ တစ်သက်မှာ တစ်မင်္ဂလာ ဆောင်ရတာကို၊ ဘယ်သူဖြစ်ဖြစ် အိမ်ထောင်ပြုမယ်ဆို လူသိရှင်ကြား မင်္ဂလာဆောင်ချင်ကြတာပဲဟာ"

"ဒါပေမဲ့ မိုင်က သူများတွေနဲ့မှမတူတာ"

တမန်က မိုင့်စိတ်ကူးရည်ရွယ်ချက်ကို အပြစ်မတင်ရက်စွာ ဖေးမပြောလေသည်။

"ထားပါတော့၊ ဒါပေမဲ့ ငါတို့ကိုတော့ ပွဲတစ်ခုခုစီစဉ်ပေးနော်၊ နောက်တစ်ခုက ဘာတောင်းဆိုတာလဲ"

ဒီတစ်ခါတော့ တမန် မျက်နှာနည်းနည်းပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက သူဝါသနာပါတဲ့ သရုပ်ဆောင်အလုပ် လုပ်ချင်တယ်တဲ့၊ အဲဒါ လုပ်ခွင့်ပေးပါတဲ့"

"ဟေ"

ခေတ်သစ် မျက်လုံးကြီး ပြူးသွားကာ စကားပင် ဆက်တော်တော်နှင့် မဆက်နိုင်တော့ချေ။

"ငါ့အနေနဲ့လည်း သူဖြစ်ချင်တာ ဘာမဆို လုပ်ပေးချင်တယ်၊ အစကတည်းက ငါပြောပြီးသားပဲ၊ သူ့အတွက်ဆို ဘာပဲဖြစ်ဖြစ် ဖြည့်ဆည်းပေးချင်တယ်လို့"

"မင်းအဖေအမေတွေကရော. . . မတားကြဘူးလား၊ အလုပ်က လွယ်တာမှမဟုတ်တာ"

တမန်က သက်ပြင်းရှိုက်ရင်း ခေါင်းခါသည်။

"သဘောမကျပေမယ့် မိုင့်ဆန္ဒကို ဘယ်သူမှမကန့်ကွက်ကြဘူး၊ ပြီးတော့ မိုင် အရမ်းစိတ်အားထက်သန်နေတာလည်း ငါ သိနေတာပဲ၊ ဒါနဲ့ အဲဒီကိစ္စတွေအားလုံး မင်း





ကူညီရမယ်နော်"

"မဟုတ်သေးဘူး တမန်၊ မိုင်က မင်းမိန်းမဖြစ်နေပြီ၊ သူလုပ်ချင်ရာ လုပ်ဆိုလို့ မရတော့ဘူးလေ၊ ပြီးတော့ သူ လုပ်မှာက သရုပ်ဆောင်ဆိုတော့ . . ."

"ငါတော့ သူဖြစ်လာလိမ့်မယ် ထင်တာပဲ"

"မင်းလည်း. . . ဒီလောကအကြောင်း နားလည်သင့်သလောက် နားလည်နေတာပဲ၊ မိုင် ဘယ်လောက်ပဲ ဝါသနာ ပါနေနေကွာ၊ ပါရမီမရှိရင် မရဘူး၊ ရှင်းရှင်းပြောရရင် ရုပ်လှပြီး သုံးမရတာတွေ တစ်ပုံကြီး၊ မိုင့်မှာ talent မရှိဘူး၊ ငါသိတယ်"

ခေတ်သစ်က အဲလို သေချာပေါက် ပြောလိုက်ပေမယ့် တမန် လက်မခံနိုင်ပါ။ ယခုချိန်မှာ မိုင် စိတ်ချမ်းသာဖို့ အဓိက ဖြစ်နေသည်။

ချစ်သူ့ဆန္ဒဟာ သူ့ဆန္ဒသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ မိုင့်ဘက်က

တွေးကြည့်ပြန်တော့လည်း ရုတ်တရက် ငါ့ကြောင့်ဖြစ်

ပျက်သွားရတဲ့ အပြောင်းအလဲတစ်ခုကို စိတ်ထိခိုက်နေ

ရတာ၊ သူ စိတ်ပျော်ရာ လုပ်ပါစေကွာ၊ ငါ ဘာမှမတား

ချင်ဘူး"

တမန့်ကို ကြည့်ပြီး ခေတ်သစ် သက်ပြင်းတစ်ချက် ရှိုက်

လိုက်မိသည်။

"ငါတော့ မင်းစိတ်ကို နားမလည်နိုင်တော့ဘူးကွာ၊ မိုင့်

ကိုလည်း အံ့ဩမိတယ်၊ အိမ်ထောင်သည်ဖြစ်မှ မင်းသမီး

ထလုပ်မယ်ဆိုတော့ . . . မင်းကရော မိုင့်ကို စိတ်ချ

လား"

"စိတ်ချတယ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ သူ ဘယ်

သွားသွား ငါလိုက်ရမှာပဲ"

"ကောင်းတာပေါ့ကွာ၊ မင်းဒုက္ခကိုတော့ ငါ ကြိုမြင်နေ





ပြီ"

"ပေါက်ကရတွေ မပြောနဲ့ ဟောကောင်၊ မနက်ဖြန် ငါတို့

ရုံးမှာ လက်မှတ်ထိုးမှာ၊ အဲဒါ အသိသက်သေအနေနဲ့ မင်း

လိုက်ခဲ့ရမယ်"

"မင်းမှာ အဖေအမေ ရှိနေတာပဲ"

"ဘာဆိုင်လဲ၊ မင်းကို လိုက်စေချင်တာ"

"မနက်ဖြန် ရှုတင်ရှိတယ် တမန်"

"မရဘူးကွာ၊ မင်းအလှည့်ဆို ငါ ဘယ်တုန်းက ငြင်းဖူး

လို့လဲ"

"အေးပါကွာ. . . အေးပါ"

ခေတ်သစ် လာခဲ့ပါ့မယ်လို့ အသေအချာ ကတိပေးလိုက်

တော့မှ သူ စိတ်အေးသွားရလေတော့သည်။

ခေတ်သစ်ကတော့ ပျော်ရွှင်ကြည်နူးနေပုံရသော တမန့်

ကိုကြည့်ကာ သက်ပြင်းတွေ ချနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဖူးလို့ ရှူးတာလားလို့ တမန့်ကို မေးချင်ပေမယ့် သူ

မမေးမိတော့ပါ။

♥ ♥ ♥



## အခန်း(၁၉)

လက်မှတ်ထိုးပြီး တရားရုံးထဲက ထွက်တော့ ခေတ်သစ် အကြံပေးထားတဲ့အတိုင်း တမန့်ဖေဖေနှင့် မေမေရယ်၊ မိုင့် ဒေါ်လေးရယ်ကို ကားတစ်စီးနှင့် ပြန်စေပြီး တမန်နှင့် မိုင်က ကား တစ်စီးနှင့် သပ်သပ်ခွဲပြန်ဖို့ စီစဉ်ကြသည်။

တမန်က ကားတံခါးဖွင့်ပေးတော့ မိုင်က ဣန္ဒြေရရ ဝင် ထိုင်သည်။ မျက်နှာပျက်နေတာ မဟုတ်ပေမယ့် တမင်တကာ



www.burmeseclassic.com

www.burmeseclassic.com



တည်တင်းထားသည့်မိုင့်မျက်နှာက စကားမပြောတတ်သည့်အရုပ်မလေးလို ဖြစ်နေသည်။

မိုင် ကားပေါ်တက်ပြီး ထိုင်လို့နေရာကျတော့မှ သူ တံခါးကို ညင်ညင်သာသာပိတ်ပေးလိုက်သည်။ တမန် ကားသော့လေးကိုကိုင်ရင်း ကားရှေ့မှ ကွေ့ပတ်လျှောက်သွားသည်။

ခဲရောင် ပိုးပုဆိုး၊ ရှပ်အင်္ကျီလည်ကတုံး ကြွေရောင်တောက်တောက်နှင့် တမန့်ပုံစံက ခုလိုကျတော့ ရည်မွန်သန့်ပြန့်နေတာမို့ မိုင် ခဏတော့ ငေးမိသွားရသည်။

သေသေချာချာကြည့်မိမှ တမန် ရုပ်ချောတာ သိသာရသည်။ ဒါပေမဲ့ မိုင့်ရင်ထဲက အာဃာတတွေကြောင့် တမန့်ကို လူရည်သန့်တစ်ယောက်လို မြင်ပေးလို့မရချေ။

တမန် ကားမောင်းသူနေရာမှာ ဝင်ထိုင်ရင်း ဘေးက မိုင့်ကို မသိမသာခိုးကြည့်တော့ ပြတင်းဘက် လှည့်နေတဲ့ မိုင့်မျက်နှာတင်းတင်းလေးကို တွေ့လိုက်ရသည်။





ကားလေးစထွက်တော့ လေအဝေ့မှာ မိုင့်ဆံပင်လေးတွေ လွင့်ခနဲ ဖြစ်သွား၏။ ကားထဲမှာ နှစ်ယောက်လုံး စကားမဆိုမိဘဲ တိတ်ဆိတ်နေသောကြောင့် တစ်ယောက်နှင့်တစ်ယောက် အဝေးကြီး ဝေးနေသလိုလည်း ခံစားရလေသည်။

"မိုင်. . ."

တမန် မဝံ့မရဲနဲ့ စခေါ်တော့ မိုင်က ဖျတ်ခနဲလှည့်ကြည့်လာသည်။

"လေတွေ တိုက်နေတာ၊ မှန်တင်ထားပါလား"

"ရတယ်"

မိုင် သူ့စကားကို တမင်ကန့်ကွက်ငြင်းဆန်လိုခြင်းကြောင့် မဟုတ်ပါ။ အရင်က ဘတ်စ်ကားတိုးစီးနေကျမို့ မိုင် အပေအတေ အကြမ်းအတမ်းလည်း ခံနိုင်ပါသည်။

သူ တစ်ခွန်းပြောလျှင် တစ်ခွန်းသာ တုံ့ပြန်တတ်သော မိုင့်ကိုကြည့်ပြီး တမန် မချင့်မရဲဖြစ်လာမိသည်။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ဟာ ဒီနေ့ကစပြီး အရင်းနှီးဆုံး လူနှစ်ယောက် ဖြစ်နေပြီမဟုတ်လား။

ဘာကြောင့်များ နှုတ်ဆိတ်ငြိမ်သက်ခြင်းတွေ၊ စိမ်းကား ပြတ်တောက်ခြင်းတွေနဲ့ တံတိုင်းခြားထားရမှာပါလိမ့်။

"မေမေတို့ကတော့ ကိုယ်တို့နှစ်ယောက်ကို အိမ်သပ်သပ် ဝယ်ပေးမယ်တဲ့၊ မိုင်ရော အိမ်ခွဲနေချင်လား"

မိုင် ခဏတော့ ငြိမ်သက်စဉ်းစားနေလိုက်မိသည်။ ဟို ကတည်းက တမန့်ကိုချစ်လို့ ယူခဲ့ရတာ မဟုတ်တာမို့ တမန့်ဆန္ဒ မှန်သမျှကို သူမ ဆန့်ကျင်ချင်နေမိသည်။ တမန်ကလည်း မိုင့် ဆန္ဒအားလုံးကို လိုက်လျောဖို့အသင့်ဖြစ်နေမှာ သေချာပါသည်။

"ရှင်ကရော အိမ်ခွဲနေချင်လို့လား"

"ကိုယ်တော့ မေမေတို့နဲ့ တစ်ခါမှခွဲမနေဖူးဘူး"

မိုင် နှုတ်ခမ်းလေး တွန့်ရုံ ခပ်မဲ့မဲ့ ပြုံးလိုက်မိသည်။ ဒီ လောက်ဆို တမန့်ဆန္ဒကို သူမ သဘောပေါက်သွားပြီ။





"မိုင်လည်း ဒေါ်လေးတို့နဲ့ တစ်ခါမှ ခွဲမနေဖူးပါဘူး၊ ဒါပေမဲ့ အိမ်ထောင်ကျပြီးသွားပြီဆိုတော့ ကိုယ့်အိမ်နဲ့ ကိုယ်ပဲ နေချင်တယ်"

သူမစကားအတွက် တမန်က ဘယ်လိုအဓိပ္ပာယ် နားလည်သွားသည်မသိ။ မိုင်ကတော့ ယောက္ခမတွေနှင့်နေလျှင် စိတ်ထင်တိုင်း တမန့်ကို အနိုင်ကျင့် နှိပ်စက်ရမှာ မဟုတ်တာကြောင့် မိဘတွေနှင့် တမန့်ကို ဝေးနိုင်သမျှဝေးအောင် ခွဲထုတ်ဖို့သာ စဉ်းစားမိလေသည်။

"မိုင်နဲ့ကိုယ် အိမ်ခွဲနေမှာဆိုတော့ ဒေါ်လေးက တိုက်ခန်းမှာ တစ်ယောက်တည်း ကျန်ခဲ့ရှာမှာ၊ ဒေါ်လေးကို အိမ်မှာ ခေါ်ထားလိုက်ပါလား"

မိုင် ဘာမှပြန်မပြောမိပါ။ ဒေါ်လေးဆန္ဒရှိလျှင် သူမလည်း ခေါ်ထားချင်ပါသည်။ ဒါပေမဲ့ တမန် လိုက်လျောသဘောကောင်းတာတွေကြောင့် ဒေါ်လေးက တမန့်ဘက်တော်သား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားလျှင် မိုင် အနေရခက်ဦးမည်ဆိုတာလည်း မှန်းမိနေပြီ။

"အိမ်ကိစ္စက ဖေဖေနဲ့မေမေ စီစဉ်ပေးမှာပါ၊ ကိုယ်တော့ တစ်ပတ်လောက်နေရင် ဟန်းနီးမွန်းသဘောမျိုး သွားချင်တယ်၊ မိုင် ဘယ်သွားချင်လဲ"

သူ့စကားအဆုံး မိုင်က ဖျတ်ခနဲ လှည့်ကြည့်လာသည်။

"မိုင် အဲဒါတွေ စိတ်မဝင်စားဘူး၊ မိုင် ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲဆိုတာ အားလုံးရှေ့မှာ ပွင့်ပွင့်လင်းလင်း ပြောခဲ့ပြီးပြီ"

"ဟို. . . အဲ့အတွက် ကိုယ် ဖေဖေနဲ့တိုင်ပင်ပြီး အားလုံး စီစဉ်ထားပါတယ်၊ မိုင် ဘာမှစိတ်မပူပါနဲ့"

အစက မိုင့်တောင်းဆိုချက်ကို ကန့်ကွက်ကြလိမ့်မည်ဟု ထင်ထားပေမယ့် တမန်က မကန့်ကွက်သည့်အပြင် တက်တက်ကြွကြွပင် သူမဘက်က ထောက်ခံနေသေးသည်။

ထို့အတွက် မိုင်လည်း အံ့ဩရပါသည်။





အိမ်ပြန်ရောက်တော့ တမန့်မေမေ စီစဉ်ထားတာတွေ ကြည့်ပြီး မိုင် အံ့ဩသွားရပါသည်။

တမန့်အခန်းထဲမှာ အရင်က ပစ္စည်းအသုံးအဆောင် အဟောင်းတွေ ဘာတစ်ခုမှ ရှိမနေတော့ဘဲ ကုတင်တွေ၊ မှန်တင်ခုံတွေအားလုံး အသစ်စက်စက်တွေချည်း ဖြစ်နေသည်။

မွေ့ရာ ခေါင်းအုံးတွေကို နှစ်ယောက်အိပ်ကုတင်ကြီးပေါ်မှာ ပြင်ဆင်ထားတာ တခမ်းတနား။ တစ်ခန်းလုံးသည်း နှင်းဆီပန်းရနံ့လိုလိုအနံ့တွေ မွှေးပျံ့နေသည်။

မိုင် အခန်းထဲဝင်မိပြီးမှ ဘယ်နေရာ ဝင်ထိုင်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေမိသည်။

တမန်တစ်ယောက်တည်း နေစဉ်ကလို ကွန်ပျူတာတွေ၊ Laptop တွေ၊ စာအုပ်တွေ၊ စီဒီတွေနှင့် ရှုပ်ယှက်ခတ်နေသော စားပွဲကြီးလည်း မရှိတော့ဘဲ တီဗွီအကြီးကြီးတစ်လုံးနှင့် ရေခဲသေတ္တာအသေးတစ်လုံးသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တမန်လည်း အခန်းထဲ ဝေ့ကြည့်ပြီး ရုတ်တရက် အံ့ဩ သွားရသည်။

"ဒါ အသစ်ချည်းပဲ၊ မေမေက ကိုယ်တစ်ယောက်တည်း နေတုန်းကတော့ ဘာမှအသစ်မလဲပေးဘူး၊ မိုင် ရောက်လာမှပဲ အားလုံး အသစ်တွေ ရတော့တယ်"

တမန်က ခပ်မြူးမြူး ပြောရင်း မွေ့ရာအသစ်ကြီးပေါ် စွေ့ခနဲ ဝင်ထိုင်လိုက်လေသည်။ မိုင့်ကို လှမ်းကြည့်တော့ မိုင်က မျက်မှောင်ကျုံ့လျက် တစ်နေရာကို စူးစိုက်ကြည့်နေသည်။

အိပ်ရာဘေးက စားပွဲပေါ်မှာ တင်ထားသည့် တမန့် ဓာတ်ပုံကိုဖြစ်သည်။

တကယ်လို့များ သူမနှင့် တမန် မင်္ဂလာဆောင်ဖြစ်ခဲ့ပါက ဒီလိုနေရာမှာ အသည်းပုံ Photo-stand လေးတစ်ခုနှင့် သူတို့ နှစ်ယောက်ပုံ ရှိနေလိမ့်မည်ဟု စိတ်မှန်းဖြင့် တွေးရင်း ထိုအတွေး ကိုပင် ရှုံ့ရှာမုန်းတီးမိပြန်လေသည်။

ရွှေပဒေသာစာပေ



"အဝတ်လဲချင်တယ်"

မိုင့်စကားအဆုံး တမန်က ဖျတ်ခနဲ မော့ကြည့်လာသည်။

"ကိုယ် ဘာလုပ်ပေးရမလဲ"

"ဘာပြောတယ်"

မိုင့်မျက်နှာက ချက်ချင်းရဲတက်သွားပြီး တမန့်ကို စူးခနဲ လှည့်ကြည့်လေသည်။ တမန် ဘယ်လိုရှင်းပြရမှန်း မသိတာမို့ ခေါင်းကုပ်သွားရသည်။

"ရှင်ဘာပြောတာလဲ တမန်၊ အဝတ်လဲတာ ရှင် ဘာလုပ်ပေးစရာလိုလဲ၊ ကလေးမှမဟုတ်တာ၊ အပြင်ထွက်ပေး"

အစက အဲလိုရှင်းရှင်းပြောရင် အခုလိုဖြစ်မှာမဟုတ်။ မိုင်မှ ရှက်တာမဟုတ်ပါဘူး။ လွှတ်ခနဲ သတိမေ့ ပြောလိုက်မိတဲ့ တမန်လည်း မျက်နှာပူရတာပါပဲ။

တမန် ဘာမှမပြောတော့ဘဲ အိပ်ခန်းရှေ့တည့်တည့် တံခါးကနေ ဝရံတာဘက် ထွက်လာခဲ့လိုက်သည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တမန် ကိုယ့်စိတ်ကိုယ် နားမလည်နိုင်အောင် ဖြစ်နေရသည်။

တကယ်ဆို မိုင်နဲ့ သူက လင်မယားတွေ ဖြစ်သည်။ ဒီ ယောက်အထိ တစ်ယောက်နဲ့တစ်ယောက် စိမ်းကားနေစရာ၊ ရှက်ရွံ့နေစရာမှ မဟုတ်တာ။

တမန် စိတ်ကိုတင်းပြီး အခန်းထဲ သုတ်ခနဲပြန်ဝင်လာခဲ့မိသည်။

"မိုင်"

"အမယ်လေး . . . ဟင်၊ ရှင် ဘာပြန်လာလုပ်တာလဲ"

"ဒါ ကိုယ့်အခန်းပဲ၊ ပြီးတော့ မိန်းမအဝတ်လဲတာ ယောကျ်ားလုပ်တဲ့လူက ရှောင်ပေးစရာမှမဟုတ်တာဘဲ၊ မိုင် မလဲရဲရင် Toilet ဘေးက အခန်းလေးထဲမှာ သွားလဲ"

"ရှင် မညစ်နဲ့ တမန်၊ ကျွန်မ ရှင့်မိန်းမ မဟုတ်ဘူး"

မိုင့်စကားကြောင့် တမန် မျက်ခုံးပင့်သွားရသည်။





"မင်းကို တမန်ဆိုတဲ့ကောင် ခိုးလာတာ တစ်ပတ်ကျော်ပြီ၊ ဒီမနက်ပဲ ရုံးမှာ လက်မှတ်ထိုးခဲ့ပြီးပြီ၊ မင်းနဲ့ ကိုယ် လင်မယားဖြစ်သွားပြီ၊ သိရဲ့လား"

တမန်သည် မိုင်ရဲ့ တင်းမာစိမ်းကားမှုကို သည်းမခံနိုင်တော့ဘဲ ခပ်ဆတ်ဆတ် အော်ပစ်လိုက်မိသည်။

"မပြောနဲ့၊ ရှင့်ကိုမုန်းတယ်"

မိုင့်စကားအဆုံး တမန် အကျီလက်ကို ပင့်တင်ရင်း လက်နှစ်ဖက်စလုံးကို ခါးပေါ် လျော့ရဲ့စွာ ထောက်လိုက်ကာ . . .

"ကောင်းပြီ၊ မင်း ကိုယ့်ကိုမုန်းတယ်ဆိုတော့ ဘာလုပ်ချင်လဲ၊ သတ်ပစ်မှာလား၊ သတ်ချင်သတ်လိုက်၊ နောက်ထပ် မင်း အဲ့စကား ထပ်မပြောနဲ့"

မိုင်သည် သူမ နည်းနည်းဟောက်လိုက်တာနှင့် တမန့်ဘက်က ငြိမ်သွားလိမ့်မည်ဟု ထင်ထားခဲ့မိ၏။

ယခုလို တမန် အလျှော့မပေးလာတာ မြင်ရသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ခါ ဒေါသဖြစ်သွားလျက် . . .

"ပြောမယ်၊ ရှင့်ကိုမုန်းတယ်၊ မုန်းတယ် သိလား"

ဟု အော်ပစ်လိုက်လေတော့သည်။ တမန်သည် ပေစောင်းစောင်း ရပ်နေသော မိုင့်အနီးသို့ သုတ်ခနဲ ရောက်လာကာ မိုင့်ပုခုံးနှစ်ဖက်ကို တင်းခနဲကိုင်ရင်း သူနှင့် မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်ပြီး . . .

"မပြောနဲ့လို့ ပြောနေတယ်နော်၊ မင်းဘာပြောပြော ကိုယ်နားထောင်မယ်. . . အဲ့စကားတစ်ခွန်းကို ဘယ်တော့မှ မပြောပါနဲ့"

ဟု ဒေါသကို ထိန်းချုပ်ပြီး ခပ်ဆဆလေသံနှင့် ပြောလိုက်၏။

မိုင်သည် တမန့်မျက်နှာကိုမကြည့်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲကာ အံကိုတင်းတင်းကြိတ်ထားလေသည်။

တမန်က မိုင့်ကိုယ်လေးကို တင်းခနဲပွေ့ဖက်ရင်း ရင်ခွင်





ထဲ ထည့်ထားကာ . . .

"ကိုယ့်ကို မုန်းတယ်လို့ မပြောပါနဲ့ မိုင်၊ ကိုယ် မိုင့်ကို ချစ်ခဲ့မိတာ အပြစ်တစ်ခုဆိုရင် အဲ့အတွက် မိုင် ကျေနပ်တဲ့အထိ ကိုယ့်ကို အပြစ်ဒဏ်တစ်ခုခု ပေးလိုက်ပါ၊ ဒါပေမဲ့ ကိုယ့်ကို အမုန်းတွေတော့ မပေးပါနဲ့၊ အဲဒါဆို ကိုယ်စွန့်စားခဲ့ရသမျှတွေအားလုံး အဓိပ္ပာယ်မဲ့ကုန်လိမ့်မယ်၊ ကိုယ်တည်ဆောက်ခဲ့တဲ့ဘဝလေးကိုတော့ တစ်စစီ ရိုက်ချိုးမပစ်လိုက်ပါနဲ့ မိုင်ရယ်"

ဟု တောင်းပန်တိုးလျှိုးသော လေသံကလေးနှင့် နူးနူးညံ့ညံ့ ဆိုလိုက်လျှင် မိုင်သည် ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းနည်းလာမိကာ တမန့်ရင်ခွင်ထဲတွင် ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

လက်မခံချင်လို့ မရတော့တဲ့ ကိုယ့်ဘဝအပြောင်းအလဲကိုလည်း ယူကျုံးမရဖြစ်မိကာ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ ဖြစ်



www.bumeseclassic.com

www.burmeseclassic.com



နေသည်။

တမန့်အင်္ကျီရင်ဘတ်တစ်ခုလုံး မိုင့်မျက်ရည်တွေနှင့် [illegible] နစ်သွားသလို မိုင့်ပုခုံးထက်မှာလည်း တမန့်မျက်ရည်တွေကြောင့် စိုစွတ်သွားတော့၏။

♥ ♥ ♥



## အခန်း(၂၀)

တစ်ပတ်လောက်အကြာမှာပဲ တမန်နှင့် မိုင် အိမ်အသစ်ဆီသို့ ပြောင်းနေခဲ့ကြတော့သည်။ တမန့်ဖေဖေရော မေမေပါ စိတ်မကောင်းဖြစ်နေကြတာမို့ တမန်လည်း မျက်နှာသိပ်မကောင်းရှာပါ။

"သားရော့ သမီးရော အိမ်ကို မကြာခဏ လာလည်နော်၊ မလာရင် မေမေက စိတ်ပူနေရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တဖွဖွမှာရင်း ကားနားအထိ လိုက်ပို့လေသည်။ ကန်တော့တုန်းကတည်းက မျက်ရည်တစမ်းစမ်းဖြစ်နေတဲ့ မေမေက တမန့်ကို စိတ်မချသလို ဖြစ်နေတာမို့ မိုင့်ရင်ထဲ သိပ်တော့ မကောင်းပါချေ။

"မိုင်. . . သမီးကို မေမေ စိတ်ချနေမယ်နော်၊ သားကို မကျေနပ်တာ၊ မပြေလည်တာရှိရင် မေမေ့ကို ပြော၊ သိလား၊ သမီးသဘောနဲ့ သမီး ဘာမှမဆုံးဖြတ်နဲ့နော်"

"ဟုတ်ကဲ့ မေမေ"

မိုင် အလိုက်အထိုက် ပြန်ပြောလိုက်ပါသည်။ ဦးရဲဇော်နှင့် ဒေါ်မေခင်ကြည်ပြာမှာ မိုင့်အပေါ် သမီးရင်းချာလို သံယောဇဉ်ရှိကြတာမို့ သူတို့ရဲ့ စေတနာမေတ္တာကို မိုင် ဥပေက္ခာပြု လျစ်လျူမရှုရဲပါ။

"သွားတော့မယ် မေမေ"

"အေး. . . သား၊ ဒါနဲ့ အိမ်မှာလိုအပ်တာရှိရင် မေမေ့





ကို ဖုန်းဆက်နော်၊ သား . . . ဦးမြိုင်ကို ဝယ်ပို့ခိုင်းလိုက်မယ်၊ သမီးအတွက်လည်း အဖော်ရအောင် တစ်ယောက်လောက် မေမေရှာထားမယ်၊ သိလား . . . ခုတော့ ဘာမှ ချက်ပြုတ်မစားနဲ့ဦး၊ သားရော သမီးရော အိမ်မှာလာစား၊ ချို့ဆွဲစားဖို့ အဆင်ပြေရင်လည်း ရတာပါပဲ"

မေမေသည် သူတို့နှစ်ယောက်လုံး ကားပေါ်ရောက်သည်အထိ တတွတ်တွတ် လိုက်မှာရှာလေသည်။

မိုင်ကတော့ အိမ်အသစ်ပြောင်းရမှာ ဘာခံစားချက်မှမပါဘဲ ပေါ့ပေါ့ပါးပါးပဲ ဖြစ်နေ၏။ သူမစိတ်ထဲမှာ ရှိနေတာက သိပ်မကြာခင်မှာ သူမ စရိုက်ရမယ့် အဆင့်မြင့် ဒီဗီဒီဇာတ်ကားပင် ဖြစ်သည်။

အဲဒီဇာတ်ကားမှာ သူမအကြိုက်ဆုံး မင်းသားဖြစ်တဲ့ ခေတ်သစ်နဲ့သရုပ်ဆောင်ရမှာမို့ ဝမ်းသာဝမ်းနည်းလည်း ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တမန်နှင့် ပတ်သက်လို့တော့ သူမရင်ထဲမှာ ခံစားချက် မရှိ လုံးဝကို အသက်မဲ့နေပါသည်။ အိမ်ပြောင်းနေတာလည်း မိုင် စိတ်ထင်တိုင်း လွတ်လွတ်လပ်လပ်နေချင်လို့ပါ။

မိုင်တို့အတွက် ဝယ်ပေးတဲ့အိမ်က ခြံကျယ်ကြီးထဲမှာရှိ သော နှစ်ထပ်တိုက်ဖြစ်ပြီး နှစ်ယောက်တည်းအတွက်ဆို အလွန် ကြီးမားကျယ်ဝန်းနေလွန်းသည်။

မကြာခင်ရက်အတောအတွင်းမှာ ဒေါ်လေး လာနေမည် ဟုတော့ သိရပါသည်။

"မိုင် . . . ပစ္စည်းတွေကို မိုင့်စိတ်တိုင်းကျ နေရာချနေ ကိုယ် ပန်းအိုးတွေ သွားရွှေ့ဦးမယ်"

မိုင် မကြားချင်ယောင်ဆောင်ပြီး အိပ်ရာထက်မှာ အသာ လေး တက်ခွေနေလိုက်သည်။ တော်တော်လေးကြာတော့ တမန် အခန်းထဲ ပြန်ဝင်လာသည်။

"ဟာ . . . ဘာမှမရွှေ့ရသေးပါလား၊ မိုင်က အိပ်ပျော်





နေတာကိုး"

တမန်က သူ့ဘာသာသူ ရေရွတ်ပြီး ပစ္စည်းပစ္စယတွေ အားလုံး လျှောက်ပြီး နေရာချသည်။ နောက်ဆုံး မိုင် အဝတ်တွေ ဗီရိုထဲ ထည့်တာကအစ၊ ခြင်းထဲထည့်တာတွေပါ သူ လုပ်ရသည်။

ရှန်ပူဘူးလို၊ Roll on လို အသေးအမွှားပစ္စည်းတွေ မှန် တင်ခုံနဲ့ ရေချိုးခန်းမှာ လိုက်ထားရတာနှင့်၊ ဖိနပ်စင်ကို နေရာ ကျ လုပ်ရတာနှင့် တမန်တစ်ယောက်တည်း ယောက်ယက်ခတ် နေသည်။

မီးဖိုခန်းနဲ့ ထမင်းစားခန်းတွေပါ သူ့နေရာနှင့်သူ အိုးခွက် ပန်းကန်တွေ နေရာချပြီးတော့ တမန် ချွေးတွေပျံ့ပြီး တစ်ကိုယ်လုံး ညှောင်းချိနေတော့သည်။

အားလုံးပြီးစီးသွားလို့ အခန်းထဲ ပြန်ဝင်လာတဲ့အထိ မိုင် က အိပ်ရာပေါ်မှာ တုတ်တုတ်မလှုပ်သေးချေ။

မနက်ကတည်းက ဘာမှမစားရသေးတာမို့ သူ့ဗိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆာနေမိသည်။

"မိန်းမရေ . . . ကိုယ်တော့ အားလုံး သူ့နေရာ သူ ရောက်အောင် ပို့လိုက်ပြီ၊ အဆင်ပြေရဲ့လား၊ ထကြည့် ပေးဦး"

တမန့်အသံကြောင့် မိုင် မျက်လုံးဖွင့်မကြည့်ဘဲ နှုတ်ခေါင်း တစ်ချက်ရှုံ့ရင်း တစ်ဖက်ကို စောင်းလိုက်မိသည်။ နှာခေါင်းထဲ မှာ ခပ်သင်းသင်းရနံ့လေး မွှေးနေတာမို့ မသိမသာ မျက်လုံးဖွင့် ကြည့်တော့ အိပ်ရာဘေး စားပွဲက ပန်းအိုးမှာ နှင်းဆီဝါတွေ ထိုး ထားတာ တွေ့လိုက်ရလေသည်။

"မိန်းမ"

မျက်နှာနား ကပ်ပြီး ခေါ်လိုက်တာမို့ မိုင် လန့်ပြီး မျက် လုံးဖွင့်ကြည့်လိုက်မိတော့ တမန်က သဘောကျစွာ ပြုံးနေသည်။

"ကိုယ့်မိန်းမက သိပ်လည်တာပဲ၊ ပင်ပန်းမှာစိုးပြီး အလုပ် မလုပ်ဘဲ အိပ်ချင်ယောင် ဆောင်နေတာကိုး"





ကိုယ့်အဖြစ်ကို ရယ်ချင်ပေမယ့် တမန့်ရဲ့ ပိုင်စိုးပိုင်နင်း စကားကြောင့် မိုင် ဒေါသဖြစ်သွားရသည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ခဏလေးတောင် အေးအေး မနေရဘူးလား တမန်၊ ဒီမှာ ခေါင်းကိုက်နေတယ်"

ဒေါသဖြစ်ဖြစ်နဲ့ အော်လိုက်တော့ တမန် ပျာယာခတ် စိုးရိမ်သွားရှာသည်။

ချက်ချင်းလို သူ့လက်က မိုင့်နဖူးပေါ် အုပ်မိုးကျလာကာ-

"ဟုတ်လား၊ ကိုယ် တကယ်မသိလို့၊ စောစောက ပြော ရောပေါ့ကွာ၊ ကဲ . . . ထ၊ ဆေးခန်းသွားရအောင်၊ မနက် ကတည်းက ဘာမှမစားရသေးဘူး မဟုတ်လား"

"ဘယ်မှလည်း မသွားဘူး၊ ဘာမှလည်း မစားချင်ဘူး"

မိုင် ပိတ်ပြောလိုက်တာမို့ သူ့ မျက်နှာတော့ မကောင်းရှာ။

"အဲဒါဆို ကိုယ် ဘာလုပ်ပေးရမလဲ"

မိုင် ခေါင်းအုံးနဲ့ မျက်နှာကို အတင်းဖိကပ်ပြီး အိပ်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မိုင့်ကိုကြည့်ပြီး တမန် စိတ်ပျက်လက်ပျက်နှင့် ခေါင်းရမ်းလေသည်။

"ခက်တာပဲကွာ၊ အဲလိုမနေပါနဲ့ မိုင်ရယ်၊ တကယ်နေလို့မကောင်းရင် အချိန်ရှိတုန်း ဆေးခန်းသွားကြမယ်၊ ကိုယ်လည်း ဗိုက်အရမ်းဆာနေပြီ"

တမန့်အသံက ချော့မော့နစ်သိမ့်တာတွေအပြင် တောင်းပန်ခယ၊ အသနားခံတဲ့ဟန်တွေ အများကြီး ရောနှောပါဝင်နေတာမို့ မိုင် ကြာရှည်တင်းထားလို့ ဘယ်လိုမှမရပါ။ နောက်ဆုံး သူ့ကိုပဲ သနားမိတာလား၊ ကိုယ့်ကိုယ်ကိုပဲ စိတ်အဆင်းရဲ မခံနိုင်တာလား မဆိုတတ်။ တမန့်ဆန္ဒအတိုင်း နှုတ်ဆိတ်လိုက်လျောခဲ့ရတာချည်းပင်။

ဘာမှပြန်မပြောတော့ဘဲ အိပ်ရာက အသာတကြည်ထပြီး အပြင်သွားဖို့ ပြင်ဆင်တော့ တမန့်မျက်နှာက ပြုံးသွားသည်။ ထို့နောက် မိုင့်ပါးလေးကို လက်နဲ့ ခပ်ဖွဖွ တစ်ချက်ဖျစ်ညှစ်လိုက်ရင်း





"ခဏလေးနော် မိန်းမ၊ ကိုယ် ရေသွားချိုးလိုက်ဦးမယ်"

ဟု ဆိုကာ မိုင့်ဘေးမှ လှစ်ခနဲပြေးထွက်သွားကာ ရေချိုးခန်းထဲ ဝင်သွားလေတော့သည်။

မိုင် မှန်တင်ခုံရှေ့မှာ ခေါင်းဖြီးရင်း သူ့မပါးကို ယောင်ယမ်း စမ်းမိသည်။

"အမြင်ကတ်ဖို့ ကောင်းလိုက်တာ"

မိုင် မကျေမနပ် ရေရွတ်ရင်း နှုတ်ခမ်းကို တမင်စုထော်ထားလိုက်သည်။

မိုင် ဘယ်လိုပြောပြော တမန်ကတော့ အပြုံးပျက်မည်မထင်ပါ။

တစ်ခါတလေတော့လည်း တမန့်ရဲ့ သည်းသည်းလှုပ်အချစ်ခံနေရတဲ့ဘဝကို မိုင် သာယာမိပါသည်။ ဘာကြောင့်မှန်းမသိ၊ အပြစ်ရှာ မုန်းနေမိသည့် ကိုယ့်စိတ်ကိုယ်လည်း မိုင် အံ့ဩနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘယ်တော့မှ သူ့ကိုချစ်နိုင်လိမ့်မယ်တော့ မထင်ပါ။ အစကတည်းက မုန်းတဲ့စိတ်က ရင်မှာ စူးနစ်နေပြီပဲလေ။

♥ ♥ ♥

## အခန်း(၂၁)

အားလုံး အံ့သြချင် အံ့သြနေပါလိမ့်မည်။

မိုင်ကတော့ ကြိုတင်တွက်ဆပြီးမှ အကွက်ကျကျ စီစဉ်ခဲ့တာမို့ အထူးအဆန်း ဖြစ်မနေတော့ပါ။

အဝတ်အစားတွေ ပြင်ဆင်နေတာကို ဒေါ်လေးက လာရပ်ကြည့်ရင်း သက်ပြင်းကျိတ်ရှိုက်နေတာလည်း မိုင်သိသည်။ ဒါပေမဲ့ မသိဟန်ဆောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးရော လိုက်ဦးမလားဟင်"

ဇာတ်ကားမရိုက်ခင် ကန်တော့ပွဲပေးသည့်အခမ်းအနား လုပ်သည့်နေ့ကလည်း ဒေါ်လေး မလိုက်ပါ။ အခုလည်း . . .

"မလိုက်ချင်ပါဘူးအေ"

ဟု ပြောရင်း ခေါင်းခါသည်။ မိုင် ရုတ်တရက်တော့ အံ့သြသွားရ၏။

"အစကတော့ ဒေါ်လေးပဲ ဝါသနာပါတယ်ဆို၊ ခု မိုင်ကိုယ်တိုင် မင်းသမီးဖြစ်တော့ ဘာလို့မလိုက်ချင်ရတာလဲ"

မိုင်က တက်တက်ကြွကြွလေး ပြောလိုက်ပေမယ့် ဒေါ်လေးက ခေါင်းကို ခပ်လေးလေးခါရင်း မိုင့်မျက်နှာကို ငေးကြည့်နေသည်။

ကိုယ့်ဝမ်းနဲ့ လွယ်မွေးခဲ့ရတာ မဟုတ်ပေမယ့် ငယ်ငယ်ကတည်းက ကိုယ့်လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရတာမို့ မိုင့်စိတ်ခေတ်





ကို သူမ ကောင်းစွာနားလည်မိလေသည်။

မင်းသမီးဖြစ်ချင်တာ မှန်ပေမယ့် ခုလို အိမ်ထောင်သည်ဘဝရောက်မှ မဖြစ်ဖြစ်အောင် ထလုပ်တာ မကျေမနပ် အရွဲ့တိုက်လိုစိတ်တွေ အများကြီး အရင်းခံထားတဲ့ မိုင့်ရည်ရွယ်ချက်ကို ဝေဖန်တားမြစ်လိုစိတ် မရှိတော့သလို လက်လျှော့ထားလိုက်မိသည်။

ထိုသို့လက်လျှော့ထားတာကို မိုင်လည်း သိနေပါသည်။

"ဒေါ်လေး မလိုက်ချင်လည်း နေခဲ့လေ၊ ခေတ်သစ်နဲ့လည်း ရင်းနှီးနေပြီပဲ၊ အသစ်အဆန်းလုပ်ပြီး ဘယ်တွေ့ချင်ပါ့မလဲနော်၊ မိုင်ကတော့ ခေတ်သစ်နဲ့တွဲပြီး သရုပ်ဆောင်ရမယ်ဆိုတဲ့အသိနဲ့ အိပ်လို့တောင် မပျော်ဘူး"

"ဟဲ့. . ."

အခန်းရှေ့က တမန် ရိပ်ခနဲဖြတ်သွားတာကို မြင်လိုက်တာမို့ ဒေါ်လေးက မိုင့်ကို လှမ်းဟန့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောဖို့ မသင့်တော်မှန်း သိနေပေမယ့် မိုင်က ရင်ထဲမှာ ဖြစ်နေတာကို သူများတွေလို ဖုံးဖိသိုဝှက်၍လည်း မထားတတ်ပါ။

"မိုင်က အမှန်အတိုင်းပြောတာ၊ တမန့်ကို ဒေါ်လေးက ဂရုစိုက်နေတာလား၊ ဟင်းဟင်း . . . မိုင်ကတော့ သတိကို မရတာ"

"အဲလိုစကားတွေ အလွန်မပြောရဘူး သမီး၊ ဒေါ်လေး တစ်ယောက်လုံး ရှိနေရက်နဲ့ ဒီလိုမဆင်မခြင်တွေ ပြောတော့ တမန်ကရော, ဒေါ်လေးကို လေးစားပါဦးမလား၊ ဘာမဟုတ်တဲ့စကားတစ်ခွန်းကြောင့် တစ်ဖက်သား စိတ်မှာ ဒဏ်ရာအနာတရဖြစ်သွားတတ်တယ်"

တစ်ခါမှ မိုင့်ကို အတည်အခန့်ပုံစံမျိုးနှင့် ဆိုဆုံးမဖူးတာ မဟုတ်တာမို့ မိုင် အံ့လည်းအံ့သြ၊ ဝမ်းလည်း နည်းသွားမိလေသည်။





"အဲဒါဆို မိုင်က မှားနေတာလား၊ ဘယ်သူ့ကြောင့် ဘယ်သူ့စိတ်မှာ ဒဏ်ရာအနာတရ ဖြစ်ခဲ့ရတာလဲ၊ မိုင့်တစ်ဘဝလုံး စတေးခဲ့ရတာတောင်မှ ဘာစိတ်ချမ်းသာမှုမှ ပြန်မရနိုင်တော့ဘူးလား"

မိုင် သွားခါနီး လာခါနီးဆိုတာပင် သတိမရဘဲ မျက်ရည်တွေ ဝိုင်းလျက် ဒေါ်လေးကို ပြန်အော်မိသည်။

ဒေါ်လေးက ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်ငြိမ်သက်နေသည်။ မိုင် အဝတ်အစား အသုံးအဆောင်တွေ ထည့်ထားတဲ့ ခြင်းကြီးကို မနိုင်မနင်းဆွဲပြီး ထွက်လာတော့ အခန်းအပြင်မှာ စောင့်နေတန်ရှိသော တမန့်ကိုတွေ့လိုက်ရ၏။

သူ မိုင့်မျက်နှာကို ကြည့်မနေပါချေ။ ဘာမှမပြောဘဲ မိုင့်လက်ထဲက ခြင်းတောင်းကိုဆွဲပြီး ကားဆီကို လျှောက်သွားသည်။

ကားပေါ် ရောက်တဲ့အထိ မိုင့်ကို စကားတစ်ခွန်းမှ မဆိုချေ။ ရှိုက်ကွင်းရောက်ခါနီးမှ ဇာတ်ညွှန်းစာရွက် လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုင်. . . ဖတ်ထားပြီးပြီလား"

"ဝတ္ထုတော့ ဖတ်ထားတယ်၊ ဒီနေ့ ဆင်း(န်)အတွက် ဒိုင်ယာလော့ခ်တွေ မရသေးဘူး"

မိုင်က ပြောပြောဆိုဆို ဇာတ်ညွှန်းစာရွက်ကို ဖတ်နေသည်။

"ဒီထဲက . . . နေခအဖြစ် ဘယ်သူလဲဟင်"

"ကိုယ်. . ."

တမန့်စကားအဆုံး မိုင်က မျက်မှောင်တွန့်ရင်း ဖျတ်ခနဲ လှည့်ကြည့်သည်။

"ရှင်က နေခအဖြစ် သရုပ်ဆောင်ရမယ်၊ ဟုတ်လား"

မိုင် ပြောလိုက်တဲ့ စကားသံထဲမှာ တမန့်ကို အထင်သေး မုန်းတီးခြင်း၊ မလိုလားခြင်းတွေ ပြည့်သိပ်နေသည်။ ဇာတ်လမ်း ထဲမှာ မင်းသားနှစ်ယောက်၊ မင်းသမီးတစ်ယောက်ဖြစ်ပြီး မင်းသမီးကို အသားပေးရိုက်ရတာ ဖြစ်လေသည်။





"ဘာလို့. . . ရှင် ဝင်သရုပ်ဆောင်ရတာလဲ၊ တခြားတစ်ယောက်ယောက်ဆို ဘာဖြစ်လို့လဲ"

"ဒါက မင်းသမီးဇာတ်လေ၊ ပြီးတော့ မိုင်က အသစ်ဆိုတော့ နာမည်ကြီးမင်းသားနှစ်လက်မှ မလိုတာ၊ ခေတ်သစ် တစ်ယောက် ပါနေပြီပဲ၊ နောက်ထပ် နာမည်ကြီး မင်းသားရှာဖို့က ခက်တယ်၊ ကိုယ်က အပြိုင်ဆိုပေမယ့် အဓိကမဟုတ်တာ သိသာပါတယ်"

တမန် ဘယ်လိုရှင်းပြရှင်းပြ၊ မိုင် အကျေမလည် လက်မခံနိုင်ပါ။ ထို့ပြင် ဇာတ်လမ်းအစမှာ မိုင်က ခေတ်သစ်နဲ့မဟုတ်ဘဲ တမန်နှင့် တွဲရိုက်ရဦးမည်။

မိုင် ဇာတ်ညွှန်းစာရွက်ကို ကားဒက်ရှ်ဘုတ်ပေါ် ပစ်တင်လိုက်ပြီး ရှေ့တူရူကိုပဲ မကျေမနပ်ကြည့်နေလိုက်မိသည်။

ရှူတင်ရောက်သွားတော့ တမန်က ကားပေါ်က အရင်ဆင်းပြီး မိုင့်ကို ကားတံခါးဖွင့်ပေး၏။ ထိုအပြုအမူကြောင့် မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



လူတွေက တမန့်ကို မင်းသမီးရဲ့ဒရိုင်ဘာဟုသာ ထင်ကြသည်။ မိုင့်ကို တမန့်မိန်းမဆိုတာလည်း သိသူရှားပါသည်။

ထိုအခြေအနေတွေ ဖြစ်လာအောင်လည်း တမန်တို့ အသိုင်းအဝိုင်းတွေကြားထဲ မင်္ဂလာပွဲ ကြီးကြီးကျယ်ကျယ် မကျင်းပ စေခဲ့ခြင်း ဖြစ်သည်။

"ခဏလေး တမန်၊ မစသေးဘူးဆိုရင် ကားပေါ်မှာပဲ နေချင်သေးတယ်"

တမန်က ခေါင်းတစ်ချက်ညိတ်ပြီး ဒါရိုက်တာဆီ လျှောက်သွားသည်။ ထိုအခါကျမှ မိုင် ဇာတ်ညွှန်းစာရွက်ကို အပြေးအလွှား ကောက်ကြည့်ရသည်။

ဆယ့်ငါးမိနစ်လောက်ကြာတော့ စက်သမားတွေ အားလုံး အဆင်သင့်ဖြစ်ပြီး ရိုက်ကွင်းစလေသည်။

ထိုအချိန်ကျမှ ခေတ်သစ်လည်း ရောက်လာသည်။ သူ့ အခန်း မပါသေးတာမို့ ခေတ်သစ်က ခဏစောင့်နေရသည်။ စောင့်





တယ်ဆိုပေမယ့် မိုင့်အခြေအနေ အကဲခတ်ချင်တာမို့ ဒါရိုက်တာ ဘေးမှာ ဝင်ထိုင်ရင်း မော်နီတာကနေ သရုပ်ဆောင်တာတွေ ကြည့်နေလိုက်သည်။

ဒီအခန်းမှာ တမန့်ကို မိုင်ကအထင်မှားပြီး ရန်တွေ့ ပါး ရိုက်ရမယ်ဆိုတာကြောင့် ခေတ်သစ် မျက်ခုံးတွေ လှုပ်နေမိသည်။ နဂိုကတည်းက သိပ်အဆင်ပြေတာ မဟုတ်သည့်ကြားထဲ ဇာတ်လမ်းထဲမှာပါ ရန်ဖြစ်ရ၊ ရိုက်ရ နှက်ရဦးမည်ဆိုတာကြောင့် တမန့် အစား သူ ကြားထဲက ရင်မောနေမိသည်။ မိုင်ကလည်း ထိုက်သင့်သလောက်တော့ အနုပညာပိုး ရှိပါသည်။ အတွေ့အကြုံရှိပြီးသား တစ်ယောက်လို အပြောအဆို အမူအရာတွေက အပိုအလိုမရှိ သေသပ်လေသည်။

"မဆိုးဘူးနော်"

ဒါရိုက်တာ ခပ်တိုးတိုးပြောနေသေး၏။ မိုင့်အမူအရာတွေကလည်း ပီပြင်သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . . နင် ငါ့ကို ဘာမှလာရှင်းပြမနေနဲ့တော့၊ ခုချိန်ကစပြီး ငါ့ရဲ့သူငယ်ချင်းစာရင်းထဲကနေ နင့်ကို အပြီးအပိုင်ထုတ်ပစ်လိုက်ပြီ၊ နင့်ကိုမုန်းတယ်"

"နင် မုန်းလည်း ငါကတော့ တစ်သက်လုံး ချစ်သွားမှာပဲ၊ ငါ့ကိုမုန်းပါတယ်ဆိုတဲ့နင့်ကို မရ,ရအောင် ယူပြဦးမှာ"

တမန့်စကားအဆုံး မိုင့်မျက်နှာက ချက်ချင်းရဲတက်လာကာ မိုင့်ညာလက်က အရှိန်နှင့်မြောက်တက်သွားတော့၏။

"အဲဒါ. . . ယူချင်ဦး"

"ဖြန်း! "

"ဟာ"

"ကဒ်. . . ကဒ်"

အသံအတုမဟုတ်ဘဲ တမန့်ပါးပြင်နဲ့ မိုင့်လက်ဖဝါးရဲ့ ထိတွေ့သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ရုတ်တရက် တမန် နောက်ကို လည်ထွက်သွားတာမို့ ခေတ်သစ် ထိုင်နေရာက





ဖြန်းခနဲ ထရပ်လိုက်မိပြီးသား ဖြစ်သွား၏။

"ဆောရီး တမန်၊ မိုင့်လက်က သိပ်မချိန်တတ်တော့ နည်းနည်း အားပါသွားတယ်၊ အရမ်းနာသွားလား"

"ရပါတယ်. . . နည်းနည်းပါ"

နည်းနည်းပါဆိုပေမယ့် တမန့်ဘယ်ဘက်ပါးပြင်မှာ လက်ဝါးရာ အစင်းကြောင်းကြီးက ထင်းနေသည်။

"ဇာတ်ညွှန်းထဲမှာ ရိုက်ရမယ်လို့ ပါနေတာ၊ နည်းနည်းပါးပါးသတိထားပေါ့"

ခေတ်သစ်က မနေနိုင်ဘဲ ဝင်ပြောတော့ မိုင့်မျက်နှာလေးငယ်သွားသည်။ မိုင့်ကိုကြည့်ပြီး တမန် စိတ်မကောင်းနိုင်ပါ။

"ဘာမှမဖြစ်ပါဘူး၊ ငါကိုက လိုသွားတာ၊ သူ လက်ရွယ်တာနဲ့ တစ်ပြိုင်တည်း ရှောင်ရမှာကိုမေ့ပြီး ရပ်နေမိတာ"

တမန်က မိုင် ရက်ရက်စက်စက်ရိုက်ချလိုက်တာကို အပြစ်မမြင်ဘဲ သူ့အမှားဟုသာ တွင်တွင်ပြောနေတာမို့ ခေတ်သစ် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်မိရင်း မိုင့်ကို ပိုချဉ်သွားမိသည်။

တကယ်ဆို တမန့်နေရာမှာ တခြားတစ်ယောက်ဆို လွယ်မှာ မဟုတ်။ ကြိုပြောထားတာလည်း မဟုတ်ဘဲနှင့်။ ဒါရိုက်တာကတော င် . . .

"အရှိန်က တော်တော်များသွားတယ်"

ဟု ဝင်ပြောလေသည်။ တမန်ကတော့ ကိုယ်တိုင်ခံစားရသူ မဟုတ်သလို စိတ်ဆိုးခြင်းကင်းစွာပင် မိုင့်ကို နှစ်သိမ့်ပေးနေသေး၏။

"မိုင် စိတ်မကောင်းမဖြစ်နဲ့နော်၊ ကိုယ် ဘာမှမဖြစ်ဘူး၊ အဲလို မတော်တဆက ဖြစ်တတ်တာပဲ၊ တစ်ခါတုန်းက ခေတ်သစ်ကို ကိုယ် ကန်လိုက်မိသလိုပေါ့၊ တမင်ရည်ရွယ်ပြီး လုပ်တာမှ မဟုတ်တာ၊ စိတ်ကိုငြိမ်ငြိမ်ထား၊ မိုင် လုပ်တာ အားလုံးကောင်းတယ်၊ mood ဝင်သွားရင် အဲလို ဖြစ်တယ်ဆိုတာ အားလုံးသိနေတာပဲ"





မိုင် သူ့ကိုဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားမိသည်။ ထိုနေ့က အိမ်ပြန်ရောက်တဲ့အထိ "တမင်ရည်ရွယ်ပြီး လုပ်တာမှမဟုတ်တာ"ဆိုတဲ့ တမန့်ရဲ့ခွင့်လွှတ်နှစ်သိမ့်စကားကို ပြန်ကြားယောင်နေမိသည်။

ဒါပေမဲ့ ကိုယ့်ကိုယ်ကို မှားတယ်လို့တော့ မိုင် နောင်တအလျဉ်းမရခဲ့ပါချေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၂)

ဒါရိုက်တာက မိုင့်ကို သင်ပြရတာ မခက်ဘူး။ နားလည်သဘောပေါက်လွယ်တယ်လို့ သတ်မှတ်ခဲ့သမျှ ဒီ ဆင်း(န်) ရိုက်မှပင် အားလုံး ပြောင်းပြန်ဖြစ်ကုန်လေတော့သည်။

"ဘာလို့ ဒိုင်ယာလော့ခ်တွေ ခဏခဏမှားနေရတာလဲ၊ အရမ်းခက်ခဲတာမှ မဟုတ်တာ၊ စိတ်ထဲမှာ သူ့ကိုအရမ်းမုန်းတီးနာကြည်းနေတယ်ဆိုတဲ့ mood ကို ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ထည့်၊ ခဏလေး ကြိုးစားကြည့်လိုက်"

ဒါရိုက်တာ ဇော်လတ်နိုင်က တော်ရုံနှင့် စိတ်တိုတတ်သူ မဟုတ်တာကြောင့် တော်သေးသည်။

မိုင့်ကို စိတ်ရှည်လက်ရှည် သင်ပေး၏။ ဒါလည်း မိုင်က အယ်လိုမှမရ။ ကြာတော့ ခေတ်သစ်ပင် စိတ်ညစ်လာသည်။

"ဒီမယ်. . . မိုင်က ကျွန်တော့်ကို ခုချိန်မှာ သတ်ပစ်ချင် လောက်အောင် မုန်းနေရမှာ၊ မိုင်ပြောရမယ့်စကားတွေ က အရမ်းရင့်သီးကြမ်းတမ်းတယ်၊ အခုလို လေပျော့ ကလေးနဲ့ ပြောလို့မရဘူးလေ၊ အသံထဲမှာကိုက ဒေါသ ဖြစ်နေတဲ့အရှိန်တွေ ထည့်ထားရမှာ၊ ကဲ . . . ကျွန်တော် နမူနာပြောပြမယ်၊ ကြည့်ထားနော်"

ခေတ်သစ်က မိုင် ပြောရမယ့် ဒိုင်ယာလော့ခ်ကို မျက်နှာ အမူအရာရော၊ အသံအနေအထားပါ ပီပြင်အောင် ရွတ်ပြသွား တာမို့ မိုင် မျက်လုံးလေး ဝိုင်းရင်း သေသေချာချာကြည့်နေသည်။





တို့နောက် မိုင်က . . .

"ခဏခဏ ပြန်ပြောရလို့ မိုင်လည်း ခေါင်းတွေ ပူထူလာ ပြီ"

ဟု ခပ်ညည်းညည်းလေး ပြောလိုက်တော့ တမန် စိတ် မကောင်းဖြစ်သွားရ၏။

"ဒါဆို ခဏနားလိုက်ဦး၊ မိုင် ရယ်ဒီဖြစ်မှ ပြန်ရိုက်မယ်"

အဲလိုပြောလိုက်တော့မှ မိုင့်ပုံစံက နည်းနည်းကြည်လင် သွားပြီး ခုံတစ်ခုံမှာ သွားထိုင်နားနေသည်။ ရိုက်ကွင်းရောက်လျှင် မိုင်က တမန့်အနား ယောင်လို့တောင် မလာသလို အရောတဝင် လည်း မရှိပါ။

တမန်က မိုင့်အရိပ်အကဲကို ဝေးဝေးက စောင့်ကြည့်ပြီး မိုင်လိုသမျှ ဖြည့်ဆည်းပေးနေရုံသာဖြစ်သည်။

"မိုင် ဘာလိုချင်သလဲ"

လို့ သွားမေးမိတိုင်းလည်း မိုင်က ခေါင်းညိတ် ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



သာ လုပ်သည်။ တမန် စိတ်မကောင်း ဖြစ်မိပေမယ့် စိတ်မဆိုး ရက်နိုင်ပါ။

တမန် ကိုယ့်ကိုယ်ကို ဒီလောက် သဘောထားကြီး ခွင့်လွှတ်နိုင်လိမ့်မယ်လို့ ထင်မထားသလို သူ့အပေါ် နည်းနည်းမှ စိတ်ယိုင်မလာသောမိုင့်ကိုလည်း အံ့သြနေမိသည်။

"တမန် ပျင်းနေပြီလား"

ခေတ်သစ်က တမန့်ပုခုံးကို ပုတ်ရင်း ခေါ်လိုက်တာမို့ လှည့်ကြည့်လိုက်မိသည်။ အစကတည်းက အေးအေးဆေးဆေး နေတတ်သော တမန့်ပုံစံက ခုနောက်ပိုင်း ပိုပြီးတည်ငြိမ်နေတာမို့ ခေတ်သစ်နဲ့ စကားစမြည်ပြောရတယ်တောင် မရှိချေ။

"ပျင်းတယ်လည်း မဟုတ်ပါဘူး. . . မိုင့်ကိုကြည့်ရတာ တစ်မနက်လုံး သိပ်အဆင်မပြေသလိုပဲ၊ နေမှကောင်းရဲ့ လား မသိဘူး"

တမန့်စကားအဆုံး ခေတ်သစ်က ဟက်ခနဲရယ်သည်။





"ဘာလဲ၊ ကာယကံရှင်ထက် မင်းက အားမလိုအားမရ ဖြစ်နေတာလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ သူလည်း ကြိုးစားနေတာပဲ၊ ဒီ ဆင်း(န်)က tempo နည်းနည်းမြင့်တယ်"

တမန်က ခေတ်သစ်မျက်နှာကိုမကြည့်ဘဲ ထိုင်နေသော မိုင့်ကို လှမ်းငေးရင်း ပြောလိုက်ခြင်းဖြစ်၏။

"မင်းကြည့်ရတာ မိုင့်ကိုယ်စား ဝင်လုပ်ပေးချင်နေတဲ့ပုံပဲနော်၊ သူငယ်ချင်းတုန်းကဆို မနည်းအကူအညီတောင်း ရတယ်၊ အခုကျတော့လည်း မိုင့်မျက်နှာ ချွေးစို့နေရင်တောင် ပြေးသုတ်ပေးတော့မယ့်အတိုင်း"

"ငါ့ပုံစံက အဲလောက် ပျာနေလို့လား"

တမန်က ရှက်ရယ်,ရယ်ရင်း မေးတော့ ခေတ်သစ်က -

"အဲ့ထက် သာတာပေါ့၊ စက်အဖွဲ့သားတွေအားလုံး သိတယ်၊ ကိုယ့်ဘာသာကိုယ် အထာနဲ့ နေပါကွာ၊ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြောက်ရမှန်း သိသာလိုက်တာ"

"ငါ သူ့ကိုမကြောက်ပါဘူး"

"ဘာလို့ မကြောက်ရမှာလဲ၊ မိုင့်မျက်နှာပဲ အရိပ်လို ကြည့်နေတာ၊ အစစအရာရာ အလျှော့ပေး အရှုံးပေးချင်နေတာ၊ အဲဒါ ကြောက်လို့ပဲ၊ ချစ်ရင် ရှုံးတယ် တမန်၊ အရှုံးပေးတယ်ဆိုတာ ချစ်မိတဲ့သူအတွက် စိုးရိမ်မှု၊ ကြောက်လန့်မှုတွေကနေ အဆစ်ရလာတာ"

"တော်ပါကွာ၊ မင်းဟာက ရှုံးတာတွေ၊ ကြောက်တာတွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ၊ အခုလောလောဆယ် ငါ သူ့ကို ဘာကူညီနိုင်မလဲ စဉ်းစားနေတာ"

တမန့်စကားအဆုံး ခေတ်သစ်က ခေါင်းရမ်းရင်း ပုခုံးတွန့်သည်။

"အဲဒါဆိုလည်း သွားမေးကြည့်ပါလား"

ခေတ်သစ်က အမြင်ကတ်ကတ်နှင့် ရွဲ့ပြောပေမယ့် တမန်





ချက်ချင်းပဲ ထိုင်နေရာမှ ထကာ မိုင့်ဆီသို့ လျှောက်သွားမိသည်။

"မိုင်"

မိုင် ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်ငေးမောနေတုန်း ခေါ်သံကြောင့် အတိတ်တလန့်မော့ကြည့်တော့ သူ့ရှေ့က ခုံပုလေးမှာ ဝင်ထိုင်ချလိုက်တဲ့တမန့်ကို တွေ့လိုက်ရလေသည်။

"မိုင် လုပ်ရတာ စိတ်မပါရင် ဒီနေ့ ရှုတင်သိမ်းနိုင်းလိုက်မယ်လေ၊ ပြီးတော့ မိုင်လည်း ပင်ပန်းနေပြီ"

သူ့စကားကြောင့် မိုင် ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်မိ၏။ တကယ်ဆို ဒီအချိန်မှာ သူ ပြောသင့်တာ၊ အားပေးနှစ်သိမ့်တဲ့စကားပဲ မဟုတ်လား။

"ဘာကိစ္စ ရှုတင်သိမ်းနိုင်းရမှာလဲ၊ မိုင် မလုပ်နိုင်ဘူးလို့ ထင်နေတာလား၊ အဲ့လောက်အထိ မိုင့်ကို လျှော့တွက်စရာမလိုဘူး တမန်၊ မဖြစ်ဖြစ်အောင် လုပ်မယ်"

"ဆောရီး မိုင်၊ ကိုယ်ပြောတာ အဲဒီသဘောမျိုး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဒါ အနုပညာလုပ်နေတာ၊ မရမက လုပ်မယ်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ ဇွတ်လုပ်လို့မရဘူးလေ"

"သိတယ်. . . အဲ့လောက်တော့ မိုင် နားလည်တယ်၊ အခု ဟာက မိုင် ပိုးစိုးပက်စက်ပြောရမယ့်သူက ခေတ်သစ် ဖြစ်နေလို့၊ အဲဒီနေရာမှာ ရှင်သာဆို ဖြစ်တယ်၊ ခေတ်သစ် မျက်နှာကိုကြည့်ပြီး စိတ်ဆိုးဒေါသထွက်နေတဲ့ feel ဘယ် လိုမှ လုပ်လို့မရတာ၊ ရှင်းပြီလား"

မိုင့်စကားဆုံးသောအခါ တမန့်မျက်နှာက ရက်ရက်စက် စက် အရိုက်ခံလိုက်ရသည်ထက် အဆပေါင်းများစွာ နာကျင်သွား ပုံနှင့် ခါးခါးသီးသီးဖြစ်သွားကာ မိုင့်ကို ခပ်တွေတွေစိုက်ကြည့်နေ လေသည်။

မိုင်လည်း စိတ်ထဲရှိတာ လွှတ်ခနဲ ပြောလိုက်ပြီးမှ မိုင့် စကားတွေ လွန်ကုန်ပြီမှန်း သတိရတော့သည်။

တမန်က နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ခေါင်းညိတ်





သည်။ ရှက်ရွံ့ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းကြောင့် တမန့်မျက်လုံး တွေ နီရဲနေလေသည်။

"ကောင်းပြီ၊ ကိုယ် သဘောပေါက်ပြီ၊ တကယ်လို့ ခေတ် သစ်နေရာမှာ ကိုယ်ဆိုရင် မိုင့်အတွက် သရုပ်ဆောင်ရ တာ ပိုအဆင်ပြေမယ်မဟုတ်လား"

စကားအဆုံး တမန် မိုင့်ရှေ့က ချာခနဲလှည့်ထွက်လာခဲ့ သည်။

ရင်ထဲမှာ ခံပြင်း နာကြည်းခြင်းက မီးစသေးသေးလေး ကနေ အရှိန်ပြင်းတဲ့မီးတောက်တစ်ခုလို တဟုန်းဟုန်းကျွမ်းလောင် နေတာ ရင်တစ်ခုလုံး ပြာကျတော့မတတ်ပင်။

အချိန်တန်ရင် အငြိုးအတေးတွေ ပြေသွားမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ သူ ပေးဆပ်ခဲ့ရသမျှတွေအားလုံး သဲရေကျ ဖြစ် ခဲ့ပြီမှန်း တဖြည်းဖြည်းသိလာရတော့ ဆောက်တည်ရာမဲ့တဲ့စိတ် နဲ့ သွေးပျက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုင် သူ့ကို အဲ့လောက်တောင် မုန်းနေတယ်တဲ့လား။ ရက်စက်ခြင်းမှာ အဆုံးသတ်ဆိုတာ မရှိတော့ရင် ဘယ်အထိ သူ့နှလုံးသားကို ညဉ်းဆဲဦးမှာပါလိမ့်။

"ကိုဇော်လတ်"

"ပြော. . . ညီလေး၊ ဘာကိစ္စရှိလို့လဲ၊ ကေန္တ ညှီအမျိုးသမီးက ဒီနေ့နားဖို့ ပြောခိုင်းလိုက်ပြီထင်တယ်"

"မဟုတ်ဘူး အစ်ကို၊ ဒီနေ့ scence ကို ပြီးအောင် ရိုက်မှာပါ၊ အဲ့အတွက် ကျွန်တော် ဝင်ကူညီလို့ရမလား"

ရုတ်တရက်မို့ တမန့်စကားကို သူ နားမလည်ချေ။ ထပ်ရှင်းပြတော့မှ ဒါရိုက်တာ သဘောပေါက်သွားသည်။

"အဲလိုဆို ဖြစ်တယ်မဟုတ်လား၊ ခေတ်သစ်ကို ခဏဖယ်ထားပြီး သူ့နေရာမှာ ကျွန်တော် အစားဝင်ပေးမယ်၊ ပြီးမှ သူ့ဘက်ကို သပ်သပ်ရိုက်တာပေါ့"

"အဲလိုလုပ်တာက ရပါတယ်၊ တချို့ နောက်ကျတာ





မလာတာမျိုးတွေ ရှိရင် အရေးကြီးနေတဲ့ ဆင်း(န်) ဆိုအဲလိုရိုက်ရတာရှိတယ်၊ အခုဟာက . . ."

"အခုလည်း အဲဒီလိုလုပ်မှ အဆင်ပြေမှာမို့ပါ"

တမန်နဲ့ ဒါရိုက်တာ အချီအချ ပြောနေစဉ်မှာပင် ခေတ်သစ် ရောက်လာသည်။

"ဟုတ်တယ် ကိုဇော်လတ်၊ အဲလိုလုပ်ရင် အဆင်ပြေမယ်ထင်တယ်၊ ဘာလို့လဲဆိုတော့ ချစ်သူချင်း အပြန်အလှန်စကားများတာ၊ ရန်ဖြစ်ကြတာမျိုးဆိုတော့ တမန်နဲ့ မိုင်က ပိုပြီးအဆင်ပြေမှာ၊ ဒါက climate လည်း ဖြစ်တယ်လေ"

ခေတ်သစ်က ရယ်ရယ်မောမောနဲ့ ဝင်ပြောပေးတော့ ကိုဇော်လတ်က ဇဝေဇဝါပုံစံနှင့် တမန့်ကို ငေးကြည့်နေသည်။ တမန်ကတော့ ခေတ်သစ်ပြောလိုက်တဲ့ ချစ်သူချင်းဆိုတဲ့ အသုံးအနှုန်းအတွက် ခပ်ယဲ့ယဲ့ပြုံးလိုက်မိသည်။

"ဒါနဲ့ မိုင်နဲ့ရော ညှိပြီးပြီလား"



www.bumeseclassic.com

www.burmeseclassic.com



"သူ့ကိုတော့ သေချာမပြောခဲ့ရသေးဘူး၊ အစ်ကိုပဲ ပြော လိုက်ပါ၊ အဲဒါက ပိုကောင်းမှာ"

"ကောင်းပြီလေ၊ ကိုယ်ပြောကြည့်ပါ့မယ်၊ တစ်ခါတည်း ပြီးသွားတော့လည်း ပိုကောင်းတာပေါ့"

စကားအဆုံး ဒါရိုက်တာ ကိုဇော်လတ်နိုင်က မိုင့်ထံသို့ ထွက်သွားသည်။

တမန် ထိုနေရာမှာပဲ ကျောက်ရုပ်တစ်ခုလို မလှုပ်မယှက် ရပ်ရင်း စောင့်နေလိုက်သည်။ မိုင့်ဘက်က လက်ခံ မခံဆိုတာကို ရင်ထိတ်စွာ စောင့်စားရင်း သူ့စိတ်တွေ လှုပ်ရှားနေရ၏။

"ရတယ် ညီလေး၊ မိုင်က အဆင်ပြေသလိုလုပ်ပါတဲ့"

ဘာမှအကျိုးအကြောင်း မသိရှာသော ဒါရိုက်တာက အားရဝမ်းသာ ပြေးပြောသည်။ သူ အံတစ်ချက် တင်းခနဲကြိတ် ရင်း နေရာမှာ ခြေစုံရပ်ပြီး မိုင့်ကို လှည့်ကြည့်တော့ စရိုက်ဖို့ အသင့် ပြင်နေတာ တွေ့ရလေသည်။





မိုင်တော့ ဘယ်လိုနေမည် မသိ။ သူ့ရင်ထဲက ဝမ်းနည်း ဆို့နင့်နေတဲ့ခံစားချက်က နှလုံးသားတစ်ခုလုံး ပွင့်ပေါက်ထွက်သွား လို့ ရလောက်သည်။

မိုင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာရင်း ခေတ်သစ် ကို လှမ်းကြည့်တော့ အားပေးနှစ်သိမ့်တဲ့ လျော့ရဲရဲ အပြုံးတစ်စ ကို မြင်ရလေသည်။ သူလည်း ခေါင်းညိတ်ရင်း ခပ်ယဲ့ယဲ့ ပြန်ပြုံးပြ လိုက်မိ၏။ ရိုက်ကွင်းမစခင် ပြောလိုက်သော . . .

"အဆင်ပြေမှာပါ"

ဆိုတဲ့ ဒါရိုက်တာရဲ့ ခပ်တိုးတိုးဆန္ဒပြုသံအတိုင်းပဲ မိုင် အဆင်ပြေစွာ သရုပ်ဆောင်နိုင်ခဲ့ပါသည်။

"အိုကေ . . . တော်တယ် မိုင်၊ အားလုံး ကိုယ်လိုချင်တဲ့ အတိုင်း ကွက်တိဝင်တယ်၊ မိုင် ပြောသွားတာတွေ နား ထောင်ပြီး ကိုယ်တို့တောင် ကြက်သီးထတယ်"

အားလုံးရဲ့ ချီးကျူးအားပေးစကားသံတွေကြောင့် တမန်



www.burmeseclassic.com

www.burmeseclassic.com



ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။ သူ ရင်ကွဲခံရမှ ပျော်မယ်ဆို မိုင် ပျော်နိုင်ပါစေ။ ပြီးတော့ ဖြစ်ချင်တာတွေအားလုံး အခက်အခဲ မရှိပါစေနဲ့လို့ သူ့ရင်ထဲက ဆုတောင်းပေးလိုက်သည်။

ထိုနေ့က ရိုက်ကွင်းပြီးသွားတော့ ဘာရယ်ကြောင့်မသိ၊ မိုင့်မျက်နှာလေးက သိသိသာသာ ညှိုးနွမ်းနေလေသည်။ သူလည်း စကားပြောချင်စိတ် မရှိလောက်အောင် ဖြစ်နေတာမို့ ဘာမှမမေး မိတော့ချေ။

♥ ♥ ♥



# အခန်း(၂၃)

ရိုက်ရက်နားရတဲ့တစ်နေ့မှာတော့ မိုင် သူငယ်ချင်းတွေနဲ့ မတွေ့ရတာကြာပြီမို့ ယခင်လုပ်ခဲ့တဲ့မုန့်ဆိုင်ကို အလည်သွားမိပါ သည်။

အားလုံး မိုင့်ကိုတွေ့တော့ အံ့အားသင့်နေကြပြီး အရင် က ဆူပူမာန်မဲနေကျ မမသက်ထားပင် ခပ်ရှိန်ရှိန်ဖြစ်နေကာ လာ မနှုတ်ဆက်ရဲချေ။



www.burmeseclassic.com

www.burmeseclassic.com



"မိုင်. . . မုန့်လာဝယ်တာလားဟင်"

လို့ တအံ့တသြနဲ့ မဝံ့မရဲမေးကြသူတွေလည်း ရှိသည်။

"ဘယ်ကလာ. . . မိုင် အလည်လာတာ၊ ဂျာကြီးရော၊

အိတုံတို့ ယွန်းတို့ ဘာလုပ်နေကြလဲ"

ဘာညာပြောတော့မှ မိုင့်ကို အရင်ကအတိုင်း ရဲရဲတင်းတင်း လာခေါ်ကြတော့သည်။

"လှလာလိုက်တာ မိုင်ရယ်၊ ပုံစံတွေ ပြောင်းသွားတော့

ချက်ချင်း ခေါ်တောင်မခေါ်ရဲတော့ဘူး"

"ဟုတ်ပ့ါ. . . မင်းသမီးရှူးလို့ အရင်က စခဲ့ နောက်ခဲ့တာ

တွေအတွက် မျက်နှာပဲ ပူသလိုလို၊ အားပဲနာမိသလိုလို"

"ဒီကို ပြန်လာလည်လိမ့်မယ်လို့ ထင်ကိုမထင်ဘူး"

စတဲ့ သူငယ်ချင်း အပေါင်းအသင်းတွေရဲ့ တစ်ယောက်တစ်ခွန်းစကားသံတွေနဲ့အတူ မိုင့်ဘေးနားမှာ ဝိုင်းဝိုင်းလည်နေတော့သည်။ နဂိုကတည်းက ရုပ်ချောပြီးသားဖြစ်တာမို့ ယခုလို





အပြင်အဆင်တွေ အားလုံး ပြည့်စုံစွာ ပြောင်းလဲပစ်လိုက်တဲ့အခါမှာ မိုင့်ပုံစံလေးက အိမ်ထောင်သည်တစ်ယောက်လို့ ပြောလျှင်ဘယ်သူမှ ယုံမှာမဟုတ်တော့ချေ။

"လှလိုက်တာနော်၊ မိုင်တို့များ အရှင်မွေးတော့ နေ့ချင်း

ကြီးဆိုသလို လုံးဝဖန်ဆင်းပစ်လိုက်သလို လှလာတာ"

ဖိုးတုန်းက မိုင့်ကိုအရေးမစိုက်၊ အဖက်မလုပ်တဲ့လူတွေပင် ဆိုင်ရှေ့မှာ ရပ်ထားတဲ့ သိန်းထောင်ကျော်တန် ကားကြီးနဲ့ လက်ထဲက ဟန်းဖုန်းကြောင့် အားလုံး သမင်လည်ပြန် လိုက်ငေးကြလေသည်။

မိုင် စီးလာတဲ့ ဖိနပ်တစ်ရံရဲ့ဈေးနှုန်းဟာ ဟိုတုန်းက ဒီဆိုင်မှာ မိုင်လုပ်ခဲ့တဲ့ လခတစ်လခလောက် ရှိတာမို့ အားလုံးက မိုင် ဘဝမေ့သွားလိမ့်မည်ဟု ထင်ကြလိမ့်မည်။

မိုင်ကတော့ ဘယ်တော့မှ ဘဝမေ့ ဘဝင်မမြင့်တတ်ပါ။ မမေ့တတ်အောင်လည်း ကိုယ့်စိတ်ကိုယ် အမြဲဆုံးမသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို မိုင် လိုချင်တာ ဒီလိုဘဝမျိုး မဟုတ်ပါ။ အောင်မြင်တဲ့ အနု ပညာရှင်တစ်ယောက်အဖြစ် နာမည်ကြီးချင်တာကလွဲလို့ ပစ္စည်း ဥစ္စာတွေကို မိုင် တမ်းတမ်းစွဲ မမက်မောပါချေ။

"အားလုံး အဆင်ပြေကြတယ်မှတ်လား၊ ဒါနဲ့ မိုးစုတွေး ရော"

"မိုးစုတွေးလည်း မိုင့်လိုပဲလေ၊ အိမ်ထောင်ကျသွားပြီ"

"ဟုတ်လား"

အိမ်ထောင်ပြုလိုက်တာ အလုပ်ထဲက လူတွေအားလုံး သိနေသည့်အတွက် မိုင် စိတ်မကောင်းဖြစ်ရသည်။ တော်ကြ ထက်ကြတာချင်းအတူတူ မင်းသမီးတွေထဲမှာ အသစ်တစ်ယောက် အနေနဲ့ မိုင် အပျိုတစ်ယောက် ဖြစ်ချင်မိသည်မှာ အမှန်ပင်။

တမန့်ကြောင့် ဒီဘဝရောက်ခဲ့ရတာ မငြင်းချင်ပေမယ့် မိုင့်လွတ်လပ်ခွင့်တွေ ဆုံးရှုံးခဲ့ရတာကို လုံးဝမကျေနပ်မိ။

"ဩော်. . . မိုင် ရောက်နေတာကိုး"





မိုင် ရောက်တာ တော်တော်လေးကြာတော့မှ အိတုံ ထွက် လာတွေ့သည်။

"နင်လည်း သိပ်နေနိုင်တာပဲ အိတုံရယ်၊ ဘာလို့ ငါ့ကို လာမတွေ့တာလဲ"

မိုင်က အပြစ်တင်သလို ဆီးပြောတော့ အိတုံ ဘာမှမပြော ဘဲ ပြုံးရုံသာ ပြုံးနေသည်။

"လာမလို့ပါပဲဟာ၊ ငါ နင်နဲ့တွေ့ပြီး ပြောစရာစကားတွေ လည်း အများကြီးပဲ"

"ဟုတ်လား၊ နင် ငါ့ကိုပြောဖို့စကားတွေ အများကြီးသိမ်း ထားတယ်ပေါ့လေ"

"ကိစ္စက တခြားအထွေအထူးတော့မဟုတ်ဘူး၊ ဟိုတစ် နေ့က မဂ္ဂဇင်းထဲမှာ. . . နင့်အကြောင်း အင်တာဗျူး ဆောင်းပါး ဖတ်လိုက်ရတယ်လေ"

"ဩော်. . . အဲဒါလား၊ ပြောစမ်းပါဦး၊ ဘာတွေဖတ်ရ



www.bumeseclassic.com

www.burmeseclassic.com



လို့လဲ"

"ဘာတွေဖတ်ရမှာလဲ၊ နင်နဲ့ နင်လုပ်နေတဲ့ အလုပ်တွေအကြောင်းပေါ့၊ ငါ နင့်ကိုအရမ်းအံ့ဩတယ် မိုင်ရယ်"

အိတုံ့စကားကြောင့် သူမ နားမလည်သလို မျက်မှောင်ကျုံ့ ခေါင်းလေးငဲ့ရင်း . . .

"ဘာကို အံ့ဩတာလဲဟဲ့၊ ငါက ဘာဖြစ်နေလို့လဲ"

ဟု ပြန်မေးလိုက်၏။

"နင် တမန့်ကို နင့်ယောက်ျားလို့ရော သတ်မှတ်သေးရဲ့လားဟင်"

ရုတ်တရက် မေးလိုက်တဲ့ အိတုံ့ရဲ့စကားက မိုင့်ကို တဒင်္ဂအသက်ရှူဖို့ မေ့လျော့သွားစေသည်။ တောက်ပလင်းလက်နေတဲ့မျက်ဝန်းလေးတွေက ဖျတ်ခနဲ ညှိုးမှိန်ကျသွားပြီး အိတုံ့ကို ခပ်ငေးငေး စိုက်ကြည့်မိကာ . . .

"နင်က ဘယ်လိုထင်လို့လဲဟင်"





"ငါ နင့်ကို ဘယ်လိုမှမထင်ချင်ပါဘူး မိုင်ရယ်၊ နင့်ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ငါ သိတာပဲ၊ အဲဒီလိုပဲ တမန့်ရင်ထဲမှာ ဘယ်လိုရှိနေတယ်ဆိုတာလည်း နင်သိဖို့ကောင်းတယ်"

"နင် ဘာကိုဆိုလိုတာလဲ"

"နင်နဲ့တမန် . . . တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုသဘောထားကြတယ်ဆိုတာတော့ ငါ တပ်အပ်မသိပါဘူး၊ နင်တို့ချင်း တစ်ခုခု နားလည်မှုရှိလိမ့်မယ်တော့ ထင်တယ်၊ ဒါပေမဲ့ နင်တို့ပတ်ဝန်းကျင်မှာ ပြောနေဆိုနေကြတာတွေကို အပြင်လူတွေလည်း တစ်စွန်းတစ်စ ကြားနိုင်တာပဲ၊ အခုဆို နင်နဲ့တမန်က တိတ်တိတ်လေး ကွာရှင်းထားသလိုလို ဘာလိုလို သတင်းတွေ ထွက်နေတယ်၊ အဲဒါဘာကြောင့်လို့ နင် ထင်လဲ၊ နင်တို့နှစ်ယောက် ဆက်ဆံရေးကြောင့်ပဲ၊ သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



အိတုံပြောသမျှတွေကို မိုင် ငြိမ်သက်စွာ နားထောင်နေမိသည်။

"ဒါကတော့ နာမည်နည်းနည်းရလာရင် ကောလဟလ ဆိုတာ ထွက်တာပဲ၊ ငါ အဲဒါတွေကို လိုက်မရှင်းချင်ဘူး အိတုံ၊ ရှင်းပြလိုက်လို့လည်း တစ်ခါတည်း ပြီးသွားမှာမှ မဟုတ်တာ"

"အဲဒါ နင့်အမြင်လေ၊ တမန့်ဘက်ကဆို ဘယ်လိုခံစား ရမလဲ၊ ပြီးတော့ အင်တာဗျူးတွေမှာ နင်ဖြေသမျှက တမန်နဲ့ပတ်သက်တာ တစ်ခုမှမပါဘူး"

"ဘာလဲ. . . နင်ပြောချင်တယ်ဆိုတာ အဲဒါလား၊ ငါက ကျွန်မ အိမ်ထောင်သည်တစ်ယောက်ပါ၊ အပျိုမဟုတ်ပါ ဘူးလို့ လိုက်ပြောနေရမှာလား"

"အဲဒါ နင့်သဘောပဲ၊ ဘာပဲဖြစ်ဖြစ် နင်တို့ အနုပညာ လောကက ငါတို့ကျင်လည်နေတဲ့ ပတ်ဝန်းကျင်ထက်





အနေအထိုင် တတ်ဖို့လိုတယ် မိုင်၊ တမန့်ကြောင့် နင့်ဘဝ ဒီလိုဖြစ်လာတာ၊ နင့်ဘဝရဲ့ အမြဲထာဝရ လုံခြုံမှုကို ပေး နိုင်တာ တမန်တစ်ယောက်တည်းပဲ၊ အဲဒါ နင်မှတ်ထား"

အိတုံစကားကို မိုင် စိတ်မကောင်း ဒေါသဖြစ်မိတာ မှန် ပေမယ့် ပြန်လည်ချေပဖို့စကားကိုတော့ လုံးဝရှာမရခဲ့ပါချေ။

ထိုနေ့က အေးအေးဆေးဆေးနေပြီးမှ ပြန်မယ်လို့ စိတ် ကူးခဲ့ပေမယ့် မိုင့်စိတ်ထဲ မကြည်လင်တော့တာမို့ ချက်ချင်း ပြန် လာခဲ့သည်။

ရင်ထဲမှာ မကျေမနပ် ခံစားရသမျှက နောက်ဆုံး ဒေါသ တွေအဖြစ် ပြောင်းသွားတော့ တမန့်ကိုပဲ မုန်းမိပြန်သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၄)

အခန်းတံခါးကို ဖွင့်လိုက်တော့ သင်းပျံ့နေတဲ့ရနံ့တွေက တစ်ခန်းလုံး မွှေးကြိုင်နေသည်။

မှန်တင်ခုံပေါ်က မိတ်ကပ်ဘူးတွေ၊ နှုတ်ခမ်းနီဘူးတွေ အားလုံးက သူ့နေရာနှင့်သူ မရှိ ဖရိုဖရဲ ပြန့်ကြဲနေတော့၏။ အိပ်ရာပေါ်မှာ ပုံချသွားတဲ့ဝတ်စုံတွေကို ကောက်ကိုင်ရင်း မိုင်ဘယ်သွားပါလိမ့်လို့ စဉ်းစားလိုက်မိသည်။

---

ရွှေမခေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အကျီတွေ၊ ပဝါတွေနှင့် ဆင်တူအိတ်တွေ၊ ဖိနပ်တွေလည်း အခန်းထဲ ရှုပ်ပွနေတာမို့ မိုင် ညှော်ခံပွဲတစ်ခုခုသွားတာဟုတော့ ထင်မိလေသည်။ ဒါပေမဲ့ ညပွဲဖြစ်နေပြီး သူ့ကိုလည်း ပို့မခိုင်းတာမို့ သေတော့ မသေချာပါ။

သူ အခန်းထဲက ထွက်လာပြီး အောက်ထပ်ကို ဆင်းခဲ့တော့ . . .

"ဟော . . . တမန်၊ ဒေါ်လေးက မိုင်မိုင်နဲ့ အပြင်သွားတယ်ထင်တာ၊ မင်းကိုခေါ်မသွားဘူးလား"

ဟု တအံ့တသြ ဆီး၍မေးလေသည်။ သူ လှေကားအတိုင်း အပြေးအလွှားဆင်းလာရင်း . . .

"မိုင် ဘယ်သွားတာလဲ ဒေါ်လေး"

ဟု မေးလိုက်လျှင် ဒေါ်လေးက မျက်လုံးပြူးသွားလျက်

"ဟယ် . . . ဒေါ်လေးက မင်း သိတယ်ထင်နေတာ၊ မိုင်မိုင်ကတော့ လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ အချိန်မတော်ကို





တစ်ယောက်တည်း သွားရတယ်လို့၊ ဟို . . . မင်းသားအသစ်လေးတစ်ယောက်ရဲ့မွေးနေ့ဆိုလားဘာလား၊ အဲဒါလေ"

ဒေါ်လေးစကားကြောင့် သူ ဒေါသမဖြစ်စဖူး ဖြစ်သွားရသည်။

"သူ ဘယ်အချိန် သွားလိုက်တာလဲ"

"ညနေ ခြောက်နာရီလောက်ကတည်းက ပြင်ဆင်နေတာဆိုတော့ သွားတာ နာရီဝက်လောက် ရှိပြီထင်တယ်၊ မင်းလိုက်သွားမလို့လား"

သူ နာရီကို ကြည့်လိုက်တော့ ခုနစ်နာရီပင် ကျော်နေပြီဖြစ်သည်။

"ဘယ်ကိုလိုက်ရမှန်းမှ မသိတာ၊ နောက်ပြီး မွေးနေ့ပွဲဖိတ်တာ ကျွန်တော်လည်း မသိရဘူး၊ တကယ်ဆို မိုင်ကျွန်တော့်ကိုပြောသင့်တာ"



www.bumeseclassic.com

www.burmeseclassic.com



"ခက်တော့တာပဲ တမန်ရယ်၊ ဒေါ်လေးလည်း မိုင်မိုင့်ကို စိတ်ကုန်နေပြီ၊ ယောကျ်ားတစ်ယောက်အနေနဲ့ မင်းပြော သင့်တာတော့ ပြောမှဖြစ်မှာ၊ ဒီလိုအပြောအဆိုနည်းပုံ မျိုးနဲ့ဆိုရင်တော့ မလွယ်ပါဘူးကွယ်"

ဒေါ်လေးက ခေါင်းတရမ်းရမ်းနှင့် သူ့အခန်းထဲ သူ ပြန် ဝင်သွားသည်။

"ကျွတ်. . ."

တမန် ဆံပင်တွေထဲ လက်ထိုးဖွရင်း ခုံမှာ စိတ်ပျက်လက် ပျက် ဝင်ထိုင်ချလိုက်မိသည်။ ရင်ထဲမှာ ခံပြင်းဒေါသတွေက အကျိတ်အခဲတစ်ခုလို အမြစ်တွယ်နေပြီဆိုတာ ကိုယ်တိုင်သိနေ ၏။

သူ့ကိုအရွဲ့တိုက်နေတာလားလို့ သူမေးချင်ပေမယ့် စကား တွေရှည်ပြီး ပြဿနာဖြစ်မှာစိုးတာကြောင့် မျိုသိပ်ခံစားခဲ့ရတဲ့ ကာလတွေလည်း မနည်းတော့ပါ။





ဧည့်ခန်းထဲက နာရီကြီးကို ငေးကြည့်ရင်း တစ်ချက်ချင်း သွားနေတဲ့ စက္ကန့်တွေကို ရေတွက်နေမိသည်။ ဒီအချိန်မှာ သူ ဘာလုပ်သင့်လဲဆိုတာ စဉ်းစားလို့လည်းမရချေ။

နောက်တော့ မိုင့်ဆီမှာ ဖုန်းပါသွားမယ်ဆိုတာ သတိရ လိုက်တာမို့ သူ ဖုန်းခေါ်ကြည့်လိုက်သည်။

မိုင်က ဖုန်းပိတ်ထားတာမို့ သူ message ပို့ဖို့ပင် စိတ် မပါဘဲ ဧည့်ခန်းထဲက ဆိုဖာရှည်ပေါ်မှာ လှဲချရင်း ပြန်လာတဲ့အထိ စောင့်နေလိုက်မိသည်။

မြန်မြန်ပြန်လာပါတော့ မိုင်ရယ်. . . ကိုယ် စိတ်ပူလှပြီ။ မျက်လုံးတွေ မှိတ်ထားတာတောင် မိုင့်အမူအရာ၊ မိုင့်အသံတွေပဲ သူ့အာရုံမှာ ထင်ဟပ်လာသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၅)

အချိန်ဘယ်လောက်ကုန်သွားသည် မသိ။ သူ အိပ်ပျော်နေရာမှ ကားစက်သံကြောင့် လန့်နိုးလာပြီး နာရီကို ကြည့်လိုက်တော့ ညကိုးနာရီထိုးပြီးနေပြီ ဖြစ်သည်။

မိုင်ပြန်လာပြီထင်တယ် ဟူသောအသိကြောင့် တမန်အိပ်နေရာမှ ကမန်းကတန်းထပြီး တံခါးသွားဖွင့်လိုက်သည်။

တံခါးဖွင့်ဖွင့်ချင်း ပေါ်တီကိုအောက်မှာ ရပ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာသောမိုင်နှင့် မိုင့်လက်မောင်းတစ်ဖက်နှင့် ပုခုံးကို ယုယုယယ ဖေးမ ထိန်းကိုင်ထားသည့် ခေတ်သစ်ကို တွေ့လိုက်ရသည့်အခါ တမန် မျက်လုံးတွေ ပြာဝေသွားမတတ် အံ့ဩ စိတ်လှုပ်ရှားသွားရလေတော့သည်။ မိုင့်ကို စိုးရိမ်ခဲ့တဲ့စိတ်တွေက နေ တဖြည်းဖြည်း ဒေါသတွေအဖြစ် ပြောင်းလဲသွားကာ တံခါးကို ကိုင်ရင်း သူ ငြိမ်သက်နေမိသည်။

"ရရဲ့လား မိုင်. . . ဖြည်းဖြည်းဆင်းနော်"

မိုင်က ကပိုကရို ပြေလျှော့ကျနေသည့် ခြုံပဝါနှင့် လက်ကိုင်အိတ်ကိုကိုင်ရင်း လက်တစ်ဖက်က ခေတ်သစ်လက်မောင်းကို အားကိုးတကြီး ဖက်တွယ်ထားတာမို့ တမန် ဒီဘက်ပြန်လှည့်ရင်း အံကျိတ်လိုက်မိသည်။

"နေပါစေတော့ ခေတ်သစ်. . . မိုင် သက်သာသွားပါပြီ၊ လိုက်ပို့တာ ကျေးဇူးပဲနော်"

မိုင့်အသံက တမန့်ကို ပြောဆိုသည့်လေသံမျိုး မဟုတ်ဘဲ





ချိုအီနေလေသည်။ ခေတ်သစ်က အပေါက်ဝမှာ ခပ်ငူငူရပ်နေသည့်တမန့်ကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်ရင်း . . .

"တမန်. . . ငါ ပြန်တော့မယ်၊ မိုင် နေမကောင်းလို့ လိုက်ပို့တာ"

ဟု ပြောလေသည်။ သူ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ကျေးဇူးပဲ"

သူ့အသံက ဘယ်လိုမှ ချိုသာလို့က်လှဲလို့ မရအောင် အေးစက်စက်ဖြစ်နေသည်။

ခေတ်သစ်က ဧည့်ခန်းထဲမှာ ခပ်ခွေခွေထိုင်နေသည့် မိုင့်ကို တစ်ချက်လှမ်းကြည့်၏။

"စိတ်ချချသွားပါ၊ မိုင် ပြောပြလိုက်မှာပါ"

ပြုံးစစနဲ့ ပြန်ပြောလိုက်တဲ့မိုင့်အသံက တစ်စုံတစ်ခုကို ကြည်နူးနေသလို၊ ရှက်ရွံ့နေသလိုဟန်မျိုးပင်။



www.bumeseclassic.com

www.burmeseclassic.com



ခေတ်သစ်က ခေါင်းညိတ်ပြပြီး အိမ်ထဲက ထွက်သွားတော့သည်။ ခေတ်သစ်ရဲ့ကားလေး ခြံထဲက ထွက်သွားတဲ့အထိ တမန်ရော မိုင်ပါ နှုတ်ဆိတ်ငြိမ်သက်နေမိကြ၏။

ထိုသို့ငြိမ်သက်နေခြင်းဟာ ပြင်းထန်တဲ့စစ်ပွဲတစ်ခု စတော့မည့်သင်္ကေတဟု သူ ထင်မြင်မိလေသည်။

မိုင်က နေရာမှ တိတ်တဆိတ်ထရပ်သည်။

သူမမျက်နှာက တစ်စုံတစ်ခုပြောရန် ချီတုံချတုံဖြစ်နေပုံရကာ စိတ်လှုပ်ရှားနေသလိုလည်း ဖြစ်နေသည်။

"ရှင်. . . မကျေမနပ်ဖြစ်နေတာလား တမန်"

ခပ်ဆတ်ဆတ်မေးသံက သူ့ဒေါသကို ဆွပေးသလိုဖြစ်နေတာမို့ တမန် တစ်ချက်လှမ်းကြည့်လိုက်သည်။

ယောကျ်ားအပေါ်မှာ နားလည်သိတတ်မှုမရှိတဲ့ မိန်းမ၊ အငြိုးအတေးတွေနဲ့ မြွေဟောက်လို အဆိပ်ပြင်းချင်နေတဲ့မိန်းမ၊ သစ္စာမရှိဘဲ ဖောက်ပြန်ချင်နေတဲ့မိန်းမ စတဲ့စွပ်စွဲချက်တွေက





ရင်ထဲမှာပဲ ပြည့်သိပ်နေပြီး ပါးစပ်က တစ်ခွန်းမှ ထွက်မလာနိုင်။

"မိုင့်ကို အဲလိုအကြည့်မျိုးနဲ့ လာမကြည့်နဲ့ တမန်၊ ရှင်ဘာကို မကျေမနပ်ဖြစ်နေတာလဲ"

"ဟုတ်တယ်၊ မကျေနပ်ဘူး၊ အားလုံးကို မကျေနပ်တာ၊ မင်းအမှားကို သိရင် အေးအေးဆေးဆေးနေလိုက်၊ ငါ့ကို ဒီ့ထက်ပေါက်ကွဲအောင် မလုပ်နဲ့တော့"

သူ့စကားအဆုံး မိုင့်မျက်လုံးအစုံက စူးခနဲ လက်ဖြာသွားကာ . . .

"မိုင် ဘာမှအမှားမလုပ်ဘူး၊ မလုပ်လို့ သိစရာလည်း အကြောင်းမရှိဘူး၊ ဧည့်ခံပွဲကို တစ်ယောက်တည်း သွားတဲ့ကိစ္စက အမှားမဟုတ်ဘူး၊ ရှင် လာအော်မနေနဲ့"

"အော်တော့ ဘာဖြစ်လဲ၊ ငါက မင်းလို ရိုင်းစိုင်းနေတာ မဟုတ်ဘူး၊ အခု ခေတ်သစ်နဲ့တွဲပြီး ပြန်လာတာ ဘာသဘောလဲ၊ ငါ့ကိုမုန်းနေတာတစ်ခုတည်းနဲ့ အဲ့လောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြစရာမလိုဘူး၊ မင်း ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကို ရင်းဖို့မလိုဘူး မိုင်"

တမန့်စကားကြောင့် မိုင် ခေါင်းထဲပင် မိုက်ခနဲဖြစ်သွားရသည်။ တစ်ခါမှ ရင့်ရင့်သီးသီး ပြောခဲ့ဖူးတာ မဟုတ်လို့ ပိုပြီး ခံရခက်လေသည်။

ပိုဆိုးတာက တမန့်ဆီက ဒီလိုတုန့်ပြန်မှုမျိုး မိုင် မမျှော်လင့်ခဲ့တာ အမှန်ပင်။

အစက တမန် ကျေနပ်လက်ခံလာအောင် ရှင်းပြဖို့ ဖစ်ပေမယ့် မခံချင် ဒေါသတွေက ရင်ထဲမှာ မီးတောင်တစ်ခုလို ဟုန်းခနဲ ပေါက်ထွက်ကုန်တော့ ပါးစပ်ထဲ ရှိရာတွေ လျှောက်ပြောပစ်မိ၏။

"တွဲပြတော့ ဘာဖြစ်လဲ၊ ခေတ်သစ်ကသာ လက်ခံမယ်ဆို ရှင့်ကိုကွာပြီး ယူဦးမှာ၊ ရှင်ဘာလုပ်ချင်လဲ ပြော"

"တောက်! မင်း . . ."





ဒေါသနောက် ပါသွားမိတဲ့ လက်တစ်ဖက်က မိုင့်ပါးပြင်ဆီ ချိန်ရွယ်မိပြီးမှ လေထဲမှာ တုန့်သွားရသည်။

တကယ်တော့ မိုင့်အသားကို နာကျင်စေလိုတဲ့စိတ်လည်း သူ့မှာ မရှိပါ။

အဲဒီလောက် ရွယ်လိုက်တာကိုပဲ မိုင် ဆတ်ဆတ်ခါ နာကြည်းသွားမိကာ ဝမ်းနည်းစိတ်က ရင်မှာနင့်လာသည်။

"ရိုက်လေ. . . သေအောင် ရိုက်ပေါ့၊ သူများသားသမီးကို မတရားအနိုင်ကျင့်ပြီး ယူထားတဲ့လူပဲ၊ သေအောင် နှိပ်စက်ချင်နေမှာ၊ အီးဟီး. . . အလကားလူ၊ လူယုတ်မာ၊ ရှင့်ကို သေတောင် မကျေနပ်ဘူး၊ မုန်းတယ်၊ ရှင့်ကို မုန်းတယ်"

"ဟဲ့. . . မိုင်မိုင်၊ အမယ်လေး . . . အချိန်မတော် ဘာဖြစ်ကြတာလဲ"

ဆူဆူညံညံအသံတွေကြောင့် ဒေါ်လေးလည်း အိပ်ရာက



www.burmeseclassic.com

www.burmeseclassic.com



နိုးပြီး ပြေးထွက်လာလေတော့သည်။

မိုင် ဒေါ်လေးကို ပြေးဖက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

"ပြန်မယ် ဒေါ်လေး. . . သူနဲ့ မပေါင်းဘူး၊ သက်သက်မဲ့ နှိပ်စက်ချင်နေတဲ့လူ၊ လူယုတ်မာ၊ အစကတည်းက မေတ္တာရှိတာ မဟုတ်ဘူး၊ တမင်အနိုင်ကျင့်ပြီး ယူထားတာ၊ ကြာရင် မိုင်ပဲ စိတ်ဆင်းရဲပြီး သေမှာ"

"တိတ်စမ်းပါအေ၊ မဟုတ်တာတွေ မပြောပါနဲ့၊ လူကြားမကောင်း သူကြားမကောင်း၊ ဟဲ့ . . . တမန်၊ မင်းမိန်းမကိုခေါ်သွား၊ ကိုယ့်အခန်းထဲ ကိုယ်သွားကြ"

"ဘယ်မှမသွားဘူး၊ သူနဲ့လည်း မနေဘူး၊ မိုင် အိမ်ပြန်မယ်"

"ခက်တော့တာပဲ မိုင်မိုင်ရယ်"

ဒေါ်လေး ဘယ်လိုချော့ချော့ မိုင်က ငိုမြဲငိုနေသည်။





တမန်လည်း ထူပူနေတာမို့ ဘာလုပ်ရမှန်းမသိဘဲ ကားသော့ယူပြီး ထွက်လာခဲ့တော့၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၆)

အချိန်မတော်ကြီး ရောက်လာသော တမန့်ကို ကြည့်ပြီး ခေတ်သစ် အံ့ဩနေသည်။ ဖေဖေတို့ မေမေတို့ဆီကို သွားလျှင်လည်း ဘာညာတွေ လျှောက်တွေးပြီး စိုးရိမ်နေမှာမို့ နောက်ဆုံး ခေတ်သစ်ဆီကိုပဲ ထွက်လာမိသည်။

သံသယတစ်ခုကို တစ်ယောက်တည်း ကျိတ်ဖြေရှင်းနေတာထက် ပွင့်ပွင့်လင်းလင်း ရင်ဆိုင်လိုက်ရတာက အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လေသည်။

"တမန်. . . မင်း အချိန်မရှိမှ ဘာလာလုပ်တာလဲ၊ ဖုန်းဆက်ရင်လည်း ရရဲ့သားနဲ့၊ ငါက မင်း မနက်မိုးလင်းမှ ငါ့ဆီပြေးလာမယ် ထင်တာ"

"ဟင်"

ခေတ်သစ်စကားကို သူ လုံးဝနားမလည်ပါချေ။

"ဒီအတိုင်းချည်း လာပြောလို့တော့ မရဘူးနော်၊ မင်းလာဆောင်လည်း မနွဲလိုက်ရဘူး၊ ဒီတစ်ခါတော့ မရတော့ဘူး၊ ကဲ. . . ဘာကျွေးမှာလဲ ပြော"

"ငါက ဘာကျွေးရမှာလဲ"

သူ ဇဝေဇဝါနှင့်ပင် ပြန်မေးလိုက်မိလေသည်။

"ဟ. . . မင်း ကျွေးချင်တာ ကျွေးပေါ့၊ မင်းကလည်း အပျော်လွန်ပြီး ကြောင်သွားပြီလား မသိဘူး"

ခေတ်သစ်စကားက သူ တကယ်ကို ရူးသွားစေလောက်





သည်။ မိန်းမနှင့် ရန်ဖြစ်ဆင်းလာတဲ့လူက သူ့ကို တစ်ခုခုကျွေးရဦးမယ်ဆိုတော့။

"နေပါဦး. . . ငါက ဘာကိုဝမ်းသာရမှာလဲ"

သူ့စကားအဆုံး ရေခဲသေတ္တာထဲက အအေးဘူးနှစ်ဘူးထုတ်လာတဲ့ ခေတ်သစ်က ကြောင်တောင်တောင်ပြန်ကြည့်ပြီး-

"ဘာကို ဝမ်းသာရမှာလဲ ဟုတ်လား. . . မင်း အခု ငါ့ဆီ အဲဒီကိစ္စ လာကြွားတာ မဟုတ်ဘူးလား တမန်ရ"

"ငါက ကိုယ့်မိန်းမနဲ့ ရန်ဖြစ်လာတဲ့ကိစ္စကို ဘာဖြစ်လို့ လာကြွားရမှာလဲ အရူးရဲ့၊ အရေးထဲ ဟိုဟာကျွေးခိုင်း၊ ဒါကျွေးခိုင်းနဲ့"

တမန် စိတ်ပေါက်ပေါက်နဲ့ ပြန်အော်လိုက်ပြီး ခုံမှာ ဝင်ထိုင်လိုက်သည်။

ဒီတော့မှ ခေတ်သစ်က တအံ့တသြနဲ့ ပြန်ကြည့်ပြီး . . .

"မင်းတို့ ရန်ဖြစ်လာတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အခုပဲ စကားများပြီး ထွက်လာတာ"

"ဟာ . . . သွားပြီ၊ မင်းတော့ ကံကောင်းမယ်ကြံမှ ဒုက္ခ လှလှရောက်ပြီ"

ခေတ်သစ်က သူ့နဖူးသူ လက်ဝါးနဲ့ ပိတ်ရိုက်ပြီး ညည်း လိုက်တာမို့ တမန် ဘာပါလိမ့်ဆိုပြီး သိချင်စိတ်က ဖြစ်လာသည်။

"ဘာလို့ ငါက ကံကောင်းတာလဲ ခေတ်သစ်၊ ဘာကြောင့် မို့ ဒုက္ခရောက်တာလဲဟင်"

"မင်းကို မိုင် ဘာမှမပြောဘူးလား"

"ဘာပြောရမှာလဲ၊ သူပြောတာတွေလည်း ဘာမှ နား မထောင်ရသေးဘူး၊ ရန်တွေ ထဖြစ်ရတာ"

"ဖြစ်မှဖြစ်ရလေ တမန်ရာ၊ ဘာကိစ္စ ရန်ထဖြစ်ရတာလဲ၊ မိုင် နေမကောင်းပါဘူးလို့ ငါ အတန်တန် ပြောထားခဲ့ တာကို"

တမန် ဘာမှမဖြေဘဲ မျက်နှာပူပူနှင့် ခေါင်းငုံ့ထားလိုက်





မိသည်။

"ငါလည်း စိတ်မထိန်းနိုင်လို့ပါ၊ နေသာ မကောင်းတာ၊ သူကချည်း ငါ့ကိုအော်ထုတ်တာကွ"

"အော်တာ နည်းတောင်နည်းသေးတယ်၊ မင်းကလေ. . တကယ့်ငတုံးပဲ၊ ကိုယ့်မိန်းမ အရိပ်အကဲလည်း မသိဘူး၊ ဒီမှာ မင်းသိရဲ့လား၊ မိုင် မွေးနေ့ပွဲမှာ မူးလဲလို့ ငါ ကိုယ် တိုင် ဆေးခန်းလိုက်ပို့ရတာ၊ မင်း ကလေးအဖေဖြစ်တော့ မယ် တမန်ရဲ့"

"ဟင်"

ခေတ်သစ်စကားကြောင့် သူ့တစ်ကိုယ်လုံး လေထုထဲကို လွင့်ခနဲ မြောက်တက်သွားသလို ခံစားလိုက်ရပြီး စိတ်လှုပ်ရှားခြင်း ကြောင့် ခြေဖျားလက်ဖျားတွေပင် ထုံလာသလိုပင်။

"တကယ်ပြောတာလား ခေတ်သစ်၊ တကယ်လားဟင်"

တမန် ထိုင်နေရာမှ ရုတ်ချည်း ခုန်ထကာ ခေတ်သစ်ပခုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကို အားမလိုအားမရကိုင်လှုပ်ပြီး မေးတော့ ခေတ်သစ်က ပြုံးရင်း ခေါင်းညိတ်ပြလေသည်။

"ဟား . . . ပျော်လိုက်တာကွာ၊ ငါ ဘယ်လိုပျော်မှန်း မသိတော့ဘူး၊ ဟား ဟား . . ."

တမန် ဝမ်းသာအားရနှင့် ခေတ်သစ်ကို အတင်းဖက်ထားမိသည်။

"ဟော့ကောင် . . . ဟော့ကောင်၊ လူမှားနေပြီ၊ သွား . . . ကိုယ့်မိန်းမ ကိုယ်ပြန်ဖက်"

"ဝမ်းသာလို့ပါကွာ၊ ငါ့ရင်ထဲမှာ ဘယ်လိုဖြစ်မှန်းကို မသိတော့ဘူး. . . ငါ ရင်တွေ တအားခုန်နေတယ်ထင်တယ်၊ ခေတ်သစ်, မင်း အဲလိုပျော်ဖူးလား"

တမန် အရူးတစ်ယောက်လို နှုတ်က တတွတ်တွတ်ပြောနေတော့ ခေတ်သစ်က ရယ်မောရင်းမှ . . .

"မင်းလိုပျော်ရအောင် ငါ့မှာ မိန်းမမှ မရှိသေးတာ





ပေါ့ရဲ့"

ဟု ပြန်ပြောလိုက်၏။

"အေး . . . ဟုတ်တာပေါ့၊ ဟား ဟား . . . မိုင်က ငါ့မိန်းမကွ၊ မိုင့်ဗိုက်ထဲက ကလေးက ငါ့ကလေး"

"ဟုတ်ပါတယ် ဥစ္စာရှူးရဲ့၊ တိုးတိုးပြောပါ၊ ညည့်နက်နေပြီ၊ မေမေ လန့်နိုးလာဦးမယ်"

ထိုအခါကျမှပင် တမန် နည်းနည်းကိုယ်ရှိန်သပ်သွားသည်။

"ငါ မိုင့်ဆီကို ပြန်ချင်တယ်ကွာ၊ အခု ရန်ဖြစ်ထားတော့ မပြန်ရဲဘူး၊ မိုင် စိတ်ဆိုးပြေမှာလည်း မဟုတ်ဘူး၊ ငါ ဘာလုပ်ရမလဲ ခေတ်သစ်၊ ငါ့ကိုကူညီပါဦးကွာ"

"အေးပေါ့၊ အခုမှအတိုးချပြီး အကူအညီတွေ ပြန်တောင်းတာပေါ့လေ၊ ဟုတ်လား. . . ငါ ကူညီရင် ငါ့အစီအစဉ်အတိုင်း လိုက်နာရမှာနော်"



www.bumeseclassic.com

www.burmeseclassic.com



"အေးပါကွာ . . . ဘာပဲဖြစ်ဖြစ် ငါလုပ်ပေးပါ့မယ်"

"ပြီးရောနော်. . . အဲဒါဆို ဒီမှာ ခဏလေးစောင့်ဦး"

ခေတ်သစ်က ပြောပြီး နေရာမှ လှစ်ခနဲ ပြေးထွက်သွားသည်။ တမန် ရင်မောစွာ စောင့်ဆိုင်းရင်း မိုင့်မျက်နှာလေးကို မြင်ယောင်နေမိ၏။

♥ ♥ ♥

## အခန်း(၂၇)

"ငါပြောတာ နားထောင်ပါဦး မိုင်ရယ်၊ အဲလို စိတ်လိုက်မာန်ပါတွေ လုပ်လို့မဖြစ်ဘူးဟဲ့"

ဒေါ်လေးဘယ်လိုပြောပြော မိုင် နားမထောင်ဘဲ အဝတ်အစားတွေကို သိမ်းဆည်းနေမိသည်။

"ဒေါ်လေး ဘာမှမပြောနဲ့၊ မိုင် မနေဘူး၊ မနက်အထိနေရင် ပြန်ရမှာ မဟုတ်တော့ဘူး၊ သူ့အဖေ အမေတွေ



www.burmeseclassic.com

www.burmeseclassic.com



လာရင် မိုင် အားနာပြီး နေရဦးမယ်၊ အခု မိုင် ဘာမှ မမှားဘဲ သက်သက်ပြဿနာရှာတာ"

"ညည်း ဘာမှမမှားဘူး မပြောနဲ့၊ ညကြီးအချိန်မတော် ဧည့်ခံပွဲသွားတယ်. . . ပြန်လာတော့လည်း သူ့စိမ်းယောကျ်ားနဲ့၊ တမန့်ရင်ထဲ ဘယ်လိုနေမလဲ ညည်း ကိုယ်ချင်းစာကြည့်"

မိုင် အဝတ်တွေ ထည့်နေတဲ့လက် တုန့်ခနဲဖြစ်သွားရပါသည်။ ဒေါ်လေးပြောသလို မိုင် တစ်ခါမှတွေးမကြည့်ဖူးပါ။

တမန်ကလည်း မိုင်ကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်ဝင်တစား မရှိခဲ့တာမို့ ထိုခံစားချက်မျိုး မိုင် မခံစားခဲ့ရချေ။ ထိုသို့ဖြစ်လာလျှင်တော့ ခုအခြေအနေမှာ မိုင် သည်းခံနိုင်မည်မဟုတ်ပါ။

တော်ပြီ။ သူ့အကြောင်းမတွေးတာ အကောင်းဆုံးပဲ။

"ညည်းက တမန့်ကို တမင်အရွဲ့တိုက်နေတာ အကြောင်း





မဟုတ်ဘူး၊ တမန်က ခေတ်သစ်ကို ဘယ်လိုထင်မလဲ"

"တော်ပါတော့ ဒေါ်လေးရယ်၊ မိုင် ဘာမှမကြားချင်ဘူး၊ အခုလည်း ခေတ်သစ်က မိုင့်ကို ဆေးခန်းလိုက်ပို့ပေးရင်း အိမ်အထိ လိုက်လာတာ"

"ဘာ . . . ခေတ်သစ်က ဘာလို့ဆေးခန်းလိုက်ပို့တာလဲ"

မိုင် လွှတ်ခနဲပြောလိုက်မိပြီးမှ မှားသွားပြီမှန်း သတိဝင်လာသည်။ မျက်နှာပျက်ပြီး ငြိမ်သက်သွားတဲ့မိုင့်ကို ဒေါ်လေးက မသင်္ကာသလို ကြည့်ရင်း . . .

"ဟဲ့. . . မေးနေတယ်လေ၊ ဘာဖြစ်လို့ ဆေးခန်းသွားရတာလဲလို့"

မိုင့်မျက်နှာတွေ ပူထူနေမိသည်။ ဒေါ်လေးကို ဖွင့်ပြောလိုက်လျှင်တော့ မိုင် ဒီအိမ်က ထွက်သွားမယ်ဆိုတဲ့အစီအစဉ်တွေ အားလုံးသွားပြီ။

ထိုအချိန်မှာပင် မိုင့်ဟန်းဖုန်းလေးက အသံမြည်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖုန်းဆက်လာတာ ခေတ်သစ်မို့ မိုင် ဖုန်းကောက်ကိုင်လိုက်ရသည်။

"ဟဲလို . . . ခေတ်သစ် ပြောပါ"

မိုင် ဒေါ်လေးမျက်နှာကိုလည်း တစ်ချက်လှည့်ကြည့်လိုက်မိသည်။

"မိုင် စိတ်အေးအေးထားပြီး နားထောင်နော်"

"ဟုတ်. . . ဟုတ်ကဲ့၊ ဘာဖြစ်လို့လဲဟင်"

"တမန်လေ"

"ရှင် . . . သူဘာဖြစ်လို့လဲ၊ မြန်မြန်ပြောပါ၊ မိုင် ရင်တွေ ထိတ်လိုက်တာ"

မိုင့်အသံတွေ တုန်နေသလို ဘေးက နားထောင်နေတဲ့ ဒေါ်လေးလည်း မျက်စိမျက်နှာတွေ ပျက်နေရှာသည်။

"တမန် ကားအက်ဆီးဒင့်ဖြစ်လို့၊ ခေါင်းကို ထိသွားတယ်၊ ဆရာဝန်တွေ ပြောတာတော့ အတိတ်မေ့သွားနိုင်တယ်





တဲ့၊ တမန် ခုထိ သတိမရသေးဘူး"

"ရှင် . . . အတိတ်မေ့သွားနိုင်တယ် ဟုတ်လား၊ အခု တမန် ဘယ်မှာလဲဟင်"

"အဲဒါက ခဏထားပါဦး၊ တမန်နဲ့ မိုင် ရန်ဖြစ်ထားသေးလား၊ သူ စိတ်ညစ်ညစ်နဲ့ ကားမောင်းလို့ အဲလိုဖြစ်ရတာ၊ အတိတ်မေ့သွားတာပဲ ကောင်းပါတယ်ဗျာ၊ သတိရရင်လည်း စိတ်ညစ်နေရမှာ"

"အဲ . . . အဲလိုတော့ မဟုတ်သေးပါဘူး ခေတ်သစ်ရယ်၊ သူ အကောင်းပကတိ ပြန်မဖြစ်နိုင်တော့ဘူးလား"

မိုင့်ပါးပြင်ပေါ်မှာ ဘယ်အချိန်ကတည်းကမှန်းမသိ မျက်ရည်တွေ ကျထားတာ ရွှဲနစ်နေသည်။

"ဘယ်ဖြစ်တော့မှာလဲဗျာ၊ အတိတ်မေ့ရင် မေ့၊ မမေ့ရင် ရူးမှာပဲ၊ သူက သောကကလည်း ခပ်များများ၊ မိုင်လည်း သူ့ကို မုန်းနေတာပဲ၊ အဲလိုဖြစ်သွားတာကိုပဲ သူ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



နေမှာ"

ခေတ်သစ်စကားဆုံးတော့ မိုင် ဝမ်းပန်းတနည်းငိုချလိုက်မိသည်။

"မိုင်က မုန်းတာနဲ့ အဲလိုဖြစ်စရာလားရှင်၊ အခုလည်း မိုင့်မှာ သူ့ရင်သွေးလေး ရှိနေပြီ၊ သူက အတိတ်မေ့သွားတော့ ဘယ်သူ့သွားပြောမလဲ၊ ကိုယ့်မိန်းမ ကိုယ့်ကလေး မှမသိဘဲ သူ တစ်သက်လုံး ဘယ်လိုနေမလဲ၊ မိုင်ကရော ဒီကလေးကို ဘယ်လိုစိတ်နဲ့ မွေးရမှာလဲ၊ အဲလိုဆို သူရော မိုင်ရော အသက်ရှင်ရက်နဲ့ ဘဝသေရတော့မှာ၊ အီးဟီး ရှူးချင်တယ်၊ မိုင် ရှူးချင်တယ်"

"ဟဲ့ . . . သမီး၊ ဘာတွေဖြစ်ကုန်တာလဲ မိုင်မိုင်ရယ်၊ ဒေါ်လေးကို ပြောပြပါဦး"

မိုင်က ဒေါ်လေးရင်ခွင်ထဲ ခေါင်းထိုးရင်း တဟီးဟီးငိုနေတော့သည်။

ဈေးပစ္စေသာစာစေ



"တမန် . . . အတိတ်မေ့သွားပြီတဲ့ ဒေါ်လေးရဲ့၊ ဘယ်လို လုပ်ရမလဲ"

"ဟဲ့ . . . ဟုတ်ရဲ့လား၊ ဘယ်မလဲ ဖုန်း၊ ပေးစမ်း၊ ခေတ်သစ်ကို ဒေါ်လေး မေးကြည့်ဦးမယ်"

ဒေါ်လေးက မိုင့်လက်ထဲက ဟန်းဖုန်းလေးကို လက်ပြောင်းယူလိုက်သည်။

ထို့နောက် ခေတ်သစ်ကို အကျိုးအကြောင်းမေးရန် ပြင်လိုက်စဉ်မှာပင် ဖုန်းထဲမှ တခွီးခွီးရယ်သံတွေကြောင့် ဟိုဒီ လိုက်ကြည့်တော့ အခန်းဝမှာ ခေါင်းတွေပြူနေသည့် ခေတ်သစ်နှင့် တမန့်ကို တွေ့လိုက်ရလေတော့သည်။

ခေတ်သစ်က ဒေါ်လေးကို လက်ဟန်ခြေဟန်နှင့် အပြင်ထွက်ခဲ့ရန် ခေါ်ပြီး တမန့်ကို အခန်းထဲသို့ တွန်းထည့်လိုက်လေသည်။

တမန် မိုင့်နောက်ကျောနားသို့ မဝံ့မရဲလျှောက်လာစဉ်

ဈေးပစ္စေသာစာစေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာပင် အခန်းတံခါးကို ခေတ်သစ်က ပိတ်သွား၏။ မိုင်ကတော့ သနားစဖွယ်ငိုရှိုက်နေလေသည်။ သူ မိုင့်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွားရသည်။

"မိုင်"

သူ မိုင့် နား,နားလေး ကပ်ပြီး ခေါ်လိုက်တော့ မိုင်က အထိတ်တလန့်လှည့်ကြည့်လေသည်။

"မိုင်. . . မငိုနဲ့တော့နော်၊ ကိုယ် ဘာမှမဖြစ်ဘူး"

မိုင်သည် သူ့ကို မယုံမရဲဖြစ်နေဟန်ဖြင့် ဟိုဒီလိုက်ကြည့်ပြီး သူ့လည်ပင်းကို ရုတ်တရက်သိုင်းဖက်လိုက်ကာ ကလေးတစ်ယောက်လို ငိုချလိုက်ပြန်၏။

"ရှင်ဘာမှမဖြစ်ဘူးနော် တမန်"

"ဘာမှမဖြစ်ပါဘူး၊ ခေတ်သစ် လျှောက်ပြောနေတာ၊ မိုင် တကယ်စိတ်မကောင်းဖြစ်သွားတာလား"

"စိတ်မကောင်းဖြစ်တာ မဟုတ်ဘူး၊ မိုင် ကိုယ့်ကိုယ်ကို





ယူကျုံးမရ ဖြစ်သွားတာ၊ သိရဲ့လား၊ ရှင် တစ်ခုခုဖြစ်ရင် မိုင်နဲ့ကလေး ဒုက္ခရောက်တော့မှာ"

မိုင်သည် ငိုရှိုက်နေရင်းမှ ဝမ်းနည်းဟန်နှင့် ပြောလိုက်သောအခါ တမန် စိတ်မကောင်းလည်း ဖြစ်၊ ရင်ထဲမှာလည်း ကြည်နူးသွားရလေသည်။

ဒီလိုအချိန်မျိုးမှာ မိန်းမသားဆိုတာ စိတ်အားငယ်နေတတ်တယ်ဆိုတဲ့ ခေတ်သစ်စကားကို သူ အကြွင်းမဲ့ ယုံလိုက်ပြီဖြစ်၏။

"ကိုယ် တောင်းပန်ပါတယ် မိုင်၊ တကယ်ဆို မိုင့်ကို အမှန်အတိုင်းပြောပြီး ချော့သင့်တာ၊ မိုင့်စိတ်ရင်းကို သိချင်တယ်ဆိုပြီး ခေတ်သစ်ပြောတဲ့အတိုင်း လုပ်မိတာပါ၊ ကိုယ့်ကို စိတ်မဆိုးနဲ့နော်"

မိုင်က တမန့်မျက်နှာကို မျက်ရည်တွေကြားမှ ငေးကြည့်နေသည်။ သူများတွေပြောသလို တမန်က မိုင့်ဘဝရဲ့ အမြဲထာဝရ



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံမှုကို ပေးနိုင်တဲ့ တစ်ယောက်တည်းသော အရှင်သခင်ရယ်ပါ။

"တကယ်တော့ မိုင်မှားခဲ့တာတွေ အများကြီးပါ၊ တမန့်ကို လူကြမ်းအဖြစ် မြင်ပြီး သံယောဇဉ် တွယ်လို့မရဘူး ထင်ခဲ့တာ၊ အငြိုးအတေးတွေနဲ့ တမန် စိတ်ဆင်းရဲအောင် ကြံစည်မိခဲ့တာတွေအတွက် မိုင် သိပ်နောင်တရတယ်၊ မိုင် မင်းသမီးလည်း မဖြစ်ချင်တော့ပါဘူး"

"မဟုတ်တာ မိုင်ရယ်၊ တော်ကြာ ပရိသတ်တွေက သူတို့ရဲ့မင်းသမီးကို ဗီလိန်လူကြမ်းက အနိုင်ကျင့် သိမ်းပိုက်လိုက်လို့ ရုပ်ရှင်မရိုက်နိုင်တော့ဘူး ထင်နေပါ့မယ်"

"အဲလိုမပြောပါနဲ့၊ အားလုံး သိသွားအောင် မိုင်က ကြေညာမှာ၊ မိုင်ကိုယ်တိုင်က လူကြမ်းရဲ့ချစ်သူအဖြစ် တစ်သက်လုံးနေချင်လို့ ဒီအလုပ်ကို စွန့်လွှတ်လိုက်မှာလို့၊ မိုင်က ဗီလိန်တစ်ယောက်ကို သံယောဇဉ်ဖြစ်မိမှတော့ ရွှေမင်းသမီးလုပ်ဖို့ မလိုတော့ဘူးလေ"





စကားအဆုံး သူ ပြုံးရင်း မိုင့်ကိုယ်လေးကို ချစ်မြတ်နိုးစွာ ွးပွေ့ထားလိုက်မိသည်။

မကြာခင်မှာ တမန်ရယ်၊ မိုင်ရယ်၊ သူတို့ရဲ့ ကလေးလေး ်နဲ့ လှပတဲ့ အနာဂတ်လေးတစ်ခုက ရောက်ရှိလာတော့မှာမို့ းလုံးရင်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်းနဲ့အတူ . . . ။ ။

ပြီးပါပြီ။

www.burmeseclassic.com